



# ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုကို တွေ့ကြုံခံစားခဲ့ရသူများအတွက် ပေးအပ်လျက်ရှိသော မြန်မာနိုင်ငံရှိ ဝန်ဆောင်မှုများ


GEN Gender Equality Network

မတ်လ ၂၀၁၈

GEN Gender Equality Network

ဧပြီလ ၂၀၁၈

ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုအား တွေ့ကြုံခံစားခဲ့ရသူများအတွက် ပေးအပ်လျက်ရှိသော မြန်မာနိုင်ငံရှိ ဝန်ဆောင်မှုများ

# ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုအား
# တွေ့ကြုံခံစားခဲ့ရသူများအတွက် ပေးအပ်လျက်ရှိသော
# မြန်မာနိုင်ငံရှိ ဝန်ဆောင်မှုများ

ကျား၊မရေးရာတန်းတူညီမျှရေးကွန်ရက်

@All rights reserved

ရန်ကုန်၊ မြန်မာ

ထုတ်ဝေသည့်ကာလ - ဧပြီလ ၂၀၁၈

မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း - ရှားမြာထွေး

# မာတိကာ


**အတိုကောက်စာလုံးများ** ၁

**အစီရင်ခံစာတွင် ပါဝင်သော အဓိကအသုံးအနှုန်းများ ဖွင့်ဆိုချက်** ၂

**အသိအမှတ်ပြုကျေးဇူးတင်လွှာ** ၅

**အစီရင်ခံစာ အကျဉ်းချုပ်** ၆

**နိဒါန်း** ၁၃

**၂။ ရည်ရွယ်ချက်နှင့် သုတေသနပြုလုပ်ခဲ့သည့် နည်းလမ်းများ** ၁၇

- ၂.၁။ သုတေသန၏ ရည်ရွယ်ချက် ၁၇
- ၂.၂။ သုတေသနပြုလုပ်ရာတွင် အသုံးပြုခဲ့သည့် နည်းလမ်းများ ၁၇
    - *၂.၂.၁။ အခြေခံချဉ်းကပ်မှု - ပူးပေါင်းပါဝင်မှု သုတေသန* ၁၇
    - *၂.၂.၂။ သုတေသန၏ သဘောသဘာဝ - အရည်အသွေး ဦးစားပေး သုတေသန* ၁၈
    - *၂.၂.၃။ စာပေရေးသားချက်များအား ပြန်လည်သုံးသပ်ခြင်း* ၁၈
    - *၂.၂.၄။ အချက်အလက် စုဆောင်းခြင်း နည်းလမ်းများ* ၁၈
    - *၂.၂.၅။ သုတေသနကျင့်ဝတ်ပိုင်းဆိုင်ရာ စဉ်းစားဖွယ်ရာများ* ၂၀
    - *၂.၂.၆။ အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း လုပ်ငန်းစဉ်* ၂၂
    - *၂.၂.၇။ သုတေသန၏ အချိန်ကာလနှင့် ကွင်းဆင်းလုပ်ဆောင်မှု* ၂၂
    - *၂.၂.၈။ သုတေသနပြုလုပ်ရာတွင် အသုံးပြုသော နည်းလမ်းများ၏ အကန့်အသတ်များ* ၂၂

**၃။ မြန်မာနိုင်ငံရှိ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှု** ၂၄

- ၃.၁။ မြန်မာနိုင်ငံရှိ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှု အမျိုးအစားများ ၂၅
    - *၃.၁.၁။ အိမ်တွင်း အကြမ်းဖက်မှု* ၂၇
    - *၃.၁.၂။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု* ၂၇
    - *၃.၁.၃။ နိုင်ငံတော်ရှိ အခြေအနေများကြောင့် ဖြစ်ပွားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု* ၂၈
    - *၃.၁.၄။ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု* ၂၉
    - *၃.၁.၅။ နယ်စပ်ဖြတ်ကျော် လူကုန်ကူးခြင်း* ၂၉
- ၃.၂။ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှု၏ နောက်ဆက်တွဲဆိုးကျိုးများ ၃၁

**၄။ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုကို တွေ့ကြုံခံစားခဲ့ရပြီးဆက်လက်ရှင်သန်နေသူများအတွက် မြန်မာနိုင်ငံရှိ ဥပဒေနှင့် မူဝါဒ မူဘောင်များ** ၃၃

- ၄.၁။ ဥပဒေနှင့် မူဝါဒများ ၃၃
- ၄.၂။ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုမှ အမျိုးသမီးများကို အကာအကွယ်ပေးရန် နိုင်ငံတော်အဆင့် ယန္တရား ၃၄

**၅။ မြန်မာနိုင်ငံရှိ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုအား တွေ့ကြုံခံစားခဲ့ရပြီးဆက်လက်ရှင်သန်နေသူများအတွက် လက်ရှိလိုအပ်ချက်များ** ၃၇

**၆။ မြန်မာနိုင်ငံရှိ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုအား တွေ့ကြုံခံစားခဲ့ရပြီးဆက်လက်ရှင်သန်နေသူများအတွက် ရရှိနိုင်သော ဝန်ဆောင်မှုများ** ၄၀

- ၆.၁။ အရေးပေါ်ကာလအတွင်း ပေးအပ်သော ဝန်ဆောင်မှု ၄၂
- ၆.၂။ နှစ်သိမ့်ဆွေးနွေးခြင်း ဝန်ဆောင်မှု (Counselling) ၄၂
- ၆.၃။ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှု ၄၃
- ၆.၄။ ဥပဒေရေးရာ ဆွေးနွေးတိုင်ပင်ခြင်း ၄၄
- ၆.၅။ လုံခြုံသည့် နေရာထိုင်ခင်း/နားခိုရာနေရာ ၄၅
- ၆.၆။ ပြန်လည်ထူထောင်ပေးခြင်းနှင့် ပြန်လည်ပေါင်းစည်းပေးခြင်း ၄၅
- ၆.၇။ တားဆီးကာကွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ၄၆

၇။ မြန်မာနိုင်ငံရှိ ဝန်ဆောင်မှုပေးအပ်နေသော အဖွဲ့အစည်းများ ၄၆

၈။ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုကို တွေ့ကြုံခံစားခဲ့ရပြီးဆက်လက်ရှင်သန်နေသူများအတွက် ဝန်ဆောင်မှုရယူရန် လစ်ဟာချက်များနှင့် စိန်ခေါ်မှုများ ၄၇

၈.၁။ အမျိုးသမီးများအကြားရှိ ဓလေ့ထုံးစံအရနှင့် သဘောထားအမြင်အရ အတားအဆီးများ ၄၈

*၈.၁.၁။ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုအကြောင်း အမျိုးသမီးများ၏ သဘောပေါက်နားလည်မှုသည် ကန့်သတ်ချက်ရှိနေခြင်း* ၄၈

*၈.၁.၂။ အမျိုးသမီးများမှ တရားမျှတမှုရှာဖွေခြင်းကို ဓလေ့ထုံးစံ အလေ့အထများမှ တားဆီးနေခြင်း* ၄၉

*၈.၁.၃။ အမျိုးသမီးများအကြားရှိ ရဲ/အာဏာပိုင်များအပေါ်၌ ယုံကြည်မှုမှာ အကန့်အသတ်ရှိခြင်း* ၄၉

၈.၂။ ဆက်လက်ရှင်သန်နေသူများအတွက် သတင်းအချက်အလက်နှင့် ဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်မှုတို့တွင် အကန့်အသတ်ရှိခြင်း ၅၁

၈.၃။ ဘေးကင်းလုံခြုံသည့် နားခိုရာနေရာကို လက်လှမ်းမီနိုင်မှုတွင် အကန့်အသတ်ရှိခြင်း ၅၁

၈.၄။ တာဝန်ရှိသူများအကြားတွင်ရှိသော အသိပညာနှင့် စွမ်းဆောင်ရည်ဆိုင်ရာ လစ်ဟာချက်များ ၅၂

*၈.၄.၁။ ဒေသဆိုင်ရာ အစိုးရများတွင် ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုကို ကြားဝင်ဆောင်ရွက်မှု ပြုလုပ်ပေးနိုင်ရန် အသိပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ အကန့်အသတ်များရှိနေခြင်း* ၅၂

*၈.၄.၂။ ရဲနှင့် တရားရုံးမှ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုကို အားပျော့သေးသိမ်စေခြင်း* ၅၃

၈.၅။ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင် ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုများကို ဖော်ထုတ်သတ်မှတ်ခြင်းနှင့် တုံ့ပြန်ခြင်းအတွက် လုပ်ထုံးလုပ်နည်းများ ရှိမနေခြင်း ၅၄

၈.၆။ ဝန်ဆောင်မှုများကို လက်လှမ်းမီရရှိနိုင်ရန်အတွက် အတားအဆီးဖြစ်နေသည့် ကုန်ကျစရိတ် ၅၅

၈.၇။ လျှို့ဝှက်ထိန်းသိမ်းပေးထားမှု မရှိသလောက်ဖြစ်ခြင်း ၅၅

၈.၈။ လွှဲပြောင်းပေးပို့မှု/ စောင့်ကြည့်လေ့လာခြင်း ၅၆

၈.၉။ အခြေခံအဆောက်အဦ/ခရီးဆက်သွယ်သွားလာရေး ၅၇

၉။ ရှေ့ဆက်ဆောင်ရွက်ရမည့် အဆင့်များနှင့် အကြံပြုချက်များ ၅၇

၉.၁။ အခြေခံကျသော ချဉ်းကပ်မှု - ဆက်လက်ရှင်သန်နေသူကို ဗဟိုပြုသည့် ချဉ်းကပ်မှု ၅၉

၉.၂။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေမူကြမ်း (PoVAW) တွင် ဝန်ဆောင်မှုပေးအပ်ခြင်းကို နိုင်ငံတော်တာဝန်အဖြစ် ပါဝင်စေခြင်း ၆၀

၉.၃။ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုအတွက် ဝန်ဆောင်မှုများ ရရှိနိုင်မှုကို တိုးချဲ့ခြင်း ၆၀

၉.၄။ အဆင့်တိုင်းတွင် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်သည့် တုံ့ပြန်မှုကို တည်ထောင်ခြင်း ၆၁

၉.၅။ လွှဲပြောင်းပေးခြင်း/အမှုကိစ္စ စီမံခန့်ခွဲခြင်းအတွက် စနစ်တစ်ခု တည်ထောင်ခြင်း ၆၂

၉.၆။ သင်တန်းများ ပြုလုပ်ခြင်းနှင့် တိုးချဲ့ခြင်းကို ဆက်လက်ဆောင်ရွက်ခြင်း ၆၂

၉.၇။ စံသတ်မှတ်ထားသော လုပ်ငန်းလမ်းညွှန်/ လုပ်ငန်းစဉ်များ/ လုပ်ထုံးလုပ်နည်းများနှင့် ကျန်းမာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အားကောင်းစေခြင်း ၆၃

၉.၈။ ဆက်လက်ရှင်သန်နေသူများ၏ ဘေးကင်းလုံခြုံမှု၊ အခွင့်အရေးများနှင့် လျှို့ဝှက်ထိန်းသိမ်းထားမှုဆိုင်ရာ အားထုတ်မှုများအတွက် ထောက်ပံ့ပေးခြင်း ၆၄

အဖွဲ့အစည်း အတိုကောက်စာလုံးများ ၆၅

နောက်ဆက်တွဲ (၁) ပြည်နယ်နှင့် တိုင်းအလိုက် ဝန်ဆောင်မှုပေးအပ်နေသော CSOs/INGOs ၆၆

ပုံ (၁) နှစ်သိမ့်ဆွေးနွေးခြင်းဆိုင်ရာ ဝန်ဆောင်မှုများ ၆၈

ပုံ (၂) ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ ၆၉

ပုံ (၃) ရဲတိုင်ကြားစာပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုများ ၇၀

ပုံ (၄) ဥပဒေရေးရာအကူအညီပေးခြင်းနှင့်သက်ဆိုင်သော ဝန်ဆောင်မှုများ ၇၁

ပုံ (၅) အသက်မွေးဝမ်းကြောင်းဆိုင်ရာသင်တန်းများပေးအပ်ခြင်း ၇၂

ပုံ (၆) ကာကွယ်၊ တားဆီးခြင်းဆိုင်ရာ ဝန်ဆောင်မှုများ ၇၃

ပုံ (၇) နားခိုရာနေရာဆိုင်ရာ ဝန်ဆောင်မှုများ ၇၄

နောက်ဆက်တွဲ (၂) စာစုစာရင်း ၇၅

# အတိုကောက်စာလုံးများ

| | |
|---|---|
| CEDAW | အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း |
| DSW | လူမှုဝန်ထမ်းဦးစီးဌာန |
| MOHA | ပြည်ထဲရေးဝန်ကြီးဌာန |
| DV | အိမ်တွင်းအကြမ်းဖက်မှု |
| DEVAW | အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးဆိုင်ရာ နိုင်ငံတကာ ကြေညာချက် |
| FGD | ဦးတည်အုပ်စုဆွေးနွေးမှု |
| GAD | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| GBV | ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှု |
| ILO | အပြည်ပြည်ဆိုင်ရာ အလုပ်သမားသမဂ္ဂ အဖွဲ့အစည်း |
| INGO | အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်း |
| MJA | မြန်မာတရားရေး အဖွဲ့အစည်း |
| MMCWA | မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း |
| MOHS | ကျန်းမာရေးနှင့် အားကစားရေးရာ ဝန်ကြီးဌာန |
| MSI | မာရီစတုပ် နိုင်ငံတကာအဖွဲ့အစည်း |
| MSM | အမျိုးသားချင်း လိင်ဆက်ဆံသူ |
| MWCUC | မွန်ပြည်နယ်လုံးဆိုင်ရာ အမျိုးသမီးများနှင့် ကလေးသူငယ်များ စွမ်းရည်မြှင့်တင်ရေး ရှေ့ဆောင်အဖွဲ့ |
| MWAF | မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် |
| LCM | ဥပဒေရေးရာ ကုစားရေးအဖွဲ့ မြန်မာ |
| NGO | အစိုးရမဟုတ်သော အဖွဲ့အစည်း |
| OSWSC | ဝန်ဆောင်မှုအမျိုးမျိုး တစ်နေရာတည်းတွင် ရနိုင်သည့်နေရာ |
| PoVAW | အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေမူကြမ်း |
| PWO | ပလောင် အမျိုးသမီးများ အဖွဲ့အစည်း |
| UN | ကုလသမဂ္ဂ |
| UNDP | ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် |
| UNFPA | ကုလသမဂ္ဂ လူဦးရေး ရံပုံငွေ |
| UNICEF | ကုလသမဂ္ဂ ကလေးသူငယ် ရံပုံငွေ |
| USC | ပြည်ထောင်စု တရားလွှတ်တော်ချုပ် |
| WAO | အမျိုးသမီးရေးရာ အဖွဲ့အစည်း |
| WLB | အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) |
| WOMEN | ခေတ်သစ် စီးပွားရေးနှင့် ပြုစုစောင့်ရှောက်ရေး အမျိုးသမီးအဖွဲ့အစည်း |

## အကဲဖြတ်လေ့လာချက်တွင် ပါဝင်သော အဓိကအသုံးအနှုန်းများ ဖွင့်ဆိုချက်[၁]

| အသုံးအနှုန်း | ဖွင့်ဆိုချက် |
| --- | --- |
| ဂျဲန်ဒါ (သို့) ကျား၊ မ ရေးရာ | လူမှုရေးရာအရ တည်ဆောက်ထားသော အခန်းကဏ္ဍများ၊ အပြုအမူများနှင့် အမျိုးသားနှင့် အမျိုးသမီးများအတွက် လူမှုအသိုင်းအဝိုင်းမှ သင့်လျော်သည်ဟု မှတ်ယူထားသည့် ဝိသေသများ။ |
| ကလေးသူငယ် | အသက် (၁၈) နှစ်အောက် လူပုဂ္ဂိုလ်။ |
| အမျိုးသမီးများအပေါ် အကြမ်းဖက်မှု | လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုကဏ္ဍ သို့မဟုတ် အလုပ်ခွင် သို့မဟုတ် ကွန်ရက်ချိတ်ဆက်ခြင်း သို့မဟုတ် မီဒီယာ သို့မဟုတ် အခြားနေရာများတွင် အမျိုးသမီးများကို ခွဲခြားဆက်ဆံခြင်း၊ အမျိုးသမီးဖြစ်နေခြင်းကြောင့် အမျိုးသမီးများ၏ အခွင့်အရေးများကို ချိုးဖောက်ခံရခြင်း။ ၎င်းတွင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ သို့မဟုတ် စီးပွားရေးဆိုင်ရာ ထိခိုက်နစ်နာမှု သို့မဟုတ် ခြိမ်းခြောက်မှုနှင့် အနိုင်ကျင့်သည့် အပြုအမူများ သို့မဟုတ် ချန်လှပ်ထားမှုများ ပါဝင်သည်။ |
| အိမ်တွင်းအကြမ်းဖက်မှု | သွေးသားတော်စပ်သည့် မိသားစုဝင် သို့မဟုတ် အခြားမိသားစုဝင် သို့မဟုတ် သူမ၏ ရင်းနှီးသော လက်တွဲဖော်စသည်တို့မှ အမျိုးသမီးတစ်ဦးအပေါ် ထိခိုက်နာကျင်စေသော မည်သည့်လုပ်ရပ်မဆို။ ၎င်းတွင် အမျိုးသမီး၏ အခွင့်အရေးများကို ချိုးဖောက်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်းများမှတဆင့် ဖြစ်စေသော ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ သို့မဟုတ် စီးပွားရေးဆိုင်ရာ အကြမ်းဖက်မှုများ ပါဝင်သည်။ |
| အိမ်ထောင်ဖက်အပေါ် အလိုမတူဘဲ လိင်ဆက်ဆံခြင်း | အမျိုးသမီး၏ ခွင့်ပြုချက်မပါဘဲ အိမ်ထောင်ဘက် သို့မဟုတ် ဥပဒေအရ ကွာရှင်း မထားဘဲ သီးခြားစီနေသည့် အိမ်ထောင်ဘက်ဟောင်းတို့မှ ကျူးလွန်သော လိင်မှုကိစ္စ။ |
| မုဒိမ်းမှု | မုဒိမ်းမှုဆိုသည်မှာ "အတင်းအကြပ် သို့မဟုတ် အကျပ်ကိုင်ပြီးလိင်ဆက်ဆံခြင်း၊ ကိစ္စပြီးမြောက်သည်ဖြစ်စေ မပြီးမြောက်သည်ဖြစ်စေ၊ လူတစ်ယောက်မှ အခြား |

[၁] ဤနေရာမှ ရှင်းလင်းချက်များမှာ ဤအကဲဖြတ်လေ့လာချက်၏ ရည်ရွယ်ချက်အတွက် အဓိက အသုံးအနှုန်းများကိုသာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး (PoVAW) မူကြမ်းမှ ဇန်နဝါရီလ (၂၀၁၇) ခုနှစ်တွင် ကောက်နုတ်ထားပါသည်။

| | |
|---|---|
| | လူတစ်ယောက်အား ၎င်း၏စိတ်ဆန္ဒမပါဝင်ဘဲ အင်အားသုံးပြီးသို့မဟုတ် အကျပ်ကိုင်ပြီး သို့မဟုတ် စိတ်ပိုင်းဆိုင်ရာအရ ခြိမ်းခြောက်ပြီးလိင်မှုကိစ္စတွင် ပါဝင်စေသည်။"<br><br>(Fulu et al., 2013)[၂] |
| ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု | အမျိုးသမီးတစ်ဦး၏ ခန္ဓာကိုယ် သို့မဟုတ် ခန္ဓာကိုယ် အစိတ်အပိုင်းများကို ထိခိုက်နာကျင်စေရန် သို့မဟုတ် အမျိုးသမီးအား သေကြေပျက်စီးစေရန် လက်နက်ပါသည်၊ မပါသည်ဖြစ်စေ သို့မဟုတ် အရာဝတ္ထုတစ်ခုနှင့်ဖြစ်စေ ကျူးလွန်သော မည်သည့် အကြမ်းဖက်မှုပုံစံမဆို၊ ရည်ရွယ်၍ဖြစ်စေ မရည်ရွယ်ဘဲဖြစ်စေ နှိပ်စက်ခြင်း၊ အကြမ်းဖက်ခြင်း၊ စော်ကားခြင်း၊ အင်အားသုံး၍ အကျဉ်းချခြင်း၊ သီးသန့်ဖြစ်နေစေရန် ခွဲခြားထားခြင်း သို့မဟုတ် လွတ်လပ်မှုမရှိအောင် ချုပ်ထိန်းထားခြင်း။ |
| စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု | စိတ်ခံစားမှုကို ထိခိုက်နာကျင်စေရန်နှင့် အမျိုးသမီး၏ ဂုဏ်သတင်း ယုတ်လျော့စေရန် ကျူးလွန်သော မည်သည့်အကြမ်းဖက်မှုမဆို။ နှုတ်ဖြင့် အကြမ်းဖက်သော အပြုအမူများ၊ အနှောင့်အယှက်ပေးခြင်း၊ ထိန်းချုပ်ခြင်း၊ အရှက်ခွဲခြင်း၊ ခြိမ်းခြောက်ခြင်း၊ လျစ်လျူရှုခြင်း၊ သီးသန့်ဖြစ်နေစေရန် ခွဲထားခြင်း၊ အာဃာတဖြင့် နှုတ်ဆိတ်နေခြင်း သို့မဟုတ် ဂုဏ်သရေပျက်စေခြင်း။ |
| လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု | မုဒိမ်းကျင့်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ နှိပ်စက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ ကျွန်ပြုခြင်း၊ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အပြုအမူများကို အခြားသူများကို သိရှိစေရန် ဖော်ပြမှုနှင့် ဖြန့်ဝေမှု။ |
| စီးပွားရေးဆိုင်ရာ အကြမ်းဖက်မှု | အမျိုးသမီးတစ်ဦး၏ ပစ္စည်းဥစ္စာ၊ ပိုက်ဆံ၊ ဝင်ငွေရလမ်း၊ ငွေကြေးဆိုင်ရာ အမှီအခိုကင်းမှုတို့ကို ပျက်စီးစေရန်၊ သိမ်းပိုက်နိုင်ရန်၊ ကန့်သတ်ရန်၊ အလွဲသုံးစားပြုရန် သို့မဟုတ် တားမြစ်ရန် လုပ်ဆောင်သော မည်သည့်အပြုအမူမဆိုနှင့် အမျိုးသမီး၏ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို တားဆီးခြင်း။ |
| အလုပ်ခွင် | လူတစ်ဦး အလုပ်လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေရရှိသည့် သို့မဟုတ် အကျိုးအမြတ်ရရှိသည့် မည်သည့်နေရာမျိုးမဆို။ |
| ရင်းနှီးသော လက်တွဲဖော် | လက်ရှိအချိန် သို့မဟုတ် အတိတ်ကာလတွင် ဥပဒေအရ လက်မထပ်ဘဲ အတူနေစေကာမူ အမျိုးသမီး၏ လက်ရှိအချိန် သို့မဟုတ် အတိတ်ကာလတွင် ချစ်မှုရေးရာ၊ အိမ်ထောင်ရေး သို့မဟုတ် လက်ထပ်ထားသည်နှင့်တူသော |

[၂] GEN, ၂၀၁၅

| | |
|---|---|
| | ဆက်ဆံရေးအတွင်းရှိ လူတစ်ဦး။ |
| အကြမ်းဖက်ခံရသူ [၇] | အမျိုးသမီးများအပေါ် ကျူးလွန်သည့် အကြမ်းဖက်မှု ပုံစံတစ်မျိုးမျိုးကို တွေ့ကြုံခံစားရသူ။ |
| မသင်္ကာစွမ်းပုဂ္ဂိုလ် | မွေးကတည်းကပင်ဖြစ်စေ၊ နောက်ပိုင်းမှပင်ဖြစ်စေ လူတစ်ဦး၏ လှုပ်ရှားမှု၊ အမြင်၊ စကားပြောဆိုမှု၊ နားကြားမှု၊ အသိဉာဏ်နှင့် အာရုံခံမှု သို့မဟုတ် လှုပ်ရှားမှုများသည် တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ကာလကြာရှည်စွာ ချို့တဲ့နေသူ။ |
| အနှောင့်အယှက်ပေးမှု | အမျိုးသမီး၏ ဂုဏ်သိက္ခာကို ထိပါးခြင်းကို ဖြစ်စေပြီးလူတစ်ယောက်အတွက် နှစ်လိုဖွယ်မရှိသော၊ ခြိမ်းခြောက်သော၊ ရန်လိုသော၊ ဂုဏ်သရေပျက်စေသော၊ အရှက်ရစေသော သို့မဟုတ် စိတ်အနှောင့်အယှက်ဖြစ်စေသော ပတ်ဝန်းကျင်ကို ဖြစ်စေသော သို့မဟုတ် အနှောင့်အယှက် သို့မဟုတ် ထိခိုက်နာကျင်မှုကို ဖြစ်စေသော အပြုအမူဖြင့်ဖြစ်စေ အပြောအဆိုဖြင့်ဖြစ်စေ ကျူးလွန်သော မည်သည့်အကြမ်းဖက်မှု မဆို။ |

[၇] ဤအကဲဖြတ်လေ့လာချက်အတွက် "သားကောင် သို့မဟုတ် အကြမ်းဖက်ခံရသူ" ဟူသည့် အသုံးအနှုန်းကို ဦးစားပေး အသုံးပြုထားခြင်း မရှိပါ။ သို့ရာတွင် "ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုကို တွေ့ကြုံခံစားခဲ့ရပြီး ဆက်လက်ရှင်သန်နေသူများ သို့မဟုတ် ဆက်လက်ရှင်သန်နေသူများ" ဟူသည့် အသုံးအနှုန်းကို ဤအစီရင်ခံစာတစ်ခုလုံးတွင် ပိုမိုသုံးစွဲမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် "သားကောင် သို့မဟုတ် အကြမ်းဖက်ခံရသူ" ဟူသည့် အသုံးအနှုန်းသည် အကူအညီကင်းမဲ့မှုနှင့် သနားစဖွယ်ကောင်းသည်ဟု သွယ်ဝိုက်ညွှန်းဆိုရာ ရောက်သောကြောင့်ဖြစ်ပြီး ၎င်းသည် အကြမ်းဖက်မှု (VAW) ကို ခံစားခဲ့ရသည့် အမျိုးသမီးများ၏ အတွေ့အကြုံအတွက် ပြည့်စုံလုံလောက်စွာ ရှင်းလင်းမှု မပြုနိုင်သောကြောင့် ဖြစ်ပါသည်။ ထပ်မံ၍ "သားကောင် သို့မဟုတ် အကြမ်းဖက်ခံရသူ" ဟူသည့် အသုံးအနှုန်းသည် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးလုပ်ငန်းများနှင့် ဆက်စပ်သိရှိထားမှုများပြီး အကြမ်းဖက်မှု (VAW) ကို တွေ့ကြုံခံစားခဲ့ရဖူးသည့် အမျိုးသမီးအများအပြားသည် ၎င်းလုပ်ငန်းစဉ်တွင် မည်သည့်အခါမျှ ပါဝင်ခဲ့ဖူးခြင်း မရှိခဲ့ပါ။ အခြားတစ်ဖက်တွင်မူ အမျိုးသမီးများသည် ၎င်းတို့အပေါ် ကျူးလွန်သော အကြမ်းဖက်မှု (VAW) အတွေ့အကြုံများကို ကျော်လွှားပြီး ၎င်းတို့၏ ကိုယ်ပိုင်ဘဝကို ထိန်းချုပ်နိုင်သည်ဟု "ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုကို တွေ့ကြုံခံစားခဲ့ရပြီး ဆက်လက်ရှင်သန်နေသူများ သို့မဟုတ် ဆက်လက်ရှင်သန်နေသူများ" ဟူသော အသုံးအနှုန်းမှ သွယ်ဝိုက်ညွှန်းဆိုထားပါသည်။

# အသိအမှတ်ပြု ကျေးဇူးတင်လွှာ

ဤသုတေသနစာတမ်းသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေမူကြမ်းကို ထိရောက်စွာ အကောင်ထည်ဖော်ဆောင်ရွက်ရန်နှင့် အကြမ်းဖက်ခံရမှုကို တွေ့ကြုံခံစားခဲ့ရပြီး ဆက်လက်ရှင်သန်နေသူ အမျိုးသမီးများအတွက် ထိရောက်သော ဝန်ဆောင်မှုများ ပေးနိုင်ရန် ရည်ရွယ်ပါသည်။ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ အခွင့်အရေး ရပိုင်ခွင့်ရှိသူများနှင့် မြန်မာနိုင်ငံတွင်ရှိသော အရပ်ဘက်လူမှု အဖွဲ့အစည်းများကို အသေးစိတ် တွေ့ဆုံမေးမြန်းမှု ပြုလုပ်ခဲ့ခြင်းဖြင့် ဆက်လက်ရှင်သန်နေသူများအတွက် လက်ရှိတွင် ရရှိနိုင်သော ဝန်ဆောင်မှုများကို ဤသုတေသနစာတမ်းမှ ဖော်ထုတ်နိုင်ခဲ့ပါသည်။ ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက် (GEN) နှင့် အတူလက်တွဲလုပ်ဆောင်ခဲ့သော နိုင်ငံတကာ အတိုင်ပင်ခံ Professor Nakagawa Kasumi အား အထူးကျေးဇူးတင်ရှိပါသည်။ Socio-Economic & Gender Resource Center (SEGRI) မှ Director ဒေါ်စန္ဒာသန့် ဦးဆောင်သောအဖွဲ့နှင့် ဒေါက်တာအေးမြတ်လွင်တို့က ဤစာတမ်းအတွက် တွေ့ဆုံမေးမြန်းမှုများနှင့် တန်ဖိုးရှိသော အချက်အလက်များကို ပံ့ပိုးပေးခဲ့ကြပါသည်။ ဤသုတေသနစာတမ်းတွင် ပါဝင်ပေးခဲ့ကြသော ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်ခံရမှုမှ ဆက်လက်ရှင်သန်နေသူများ၊ အစိုးရ အဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအားလုံးကို ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက် (GEN) မှ ကျေးဇူးတင်ရှိပါသည်။ ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက် (GEN) ၏ သုတေသနလုပ်ငန်းအဖွဲ့နှင့် ပဲ့ကိုင်ကော်မတီဝင်များမှ ဝေဖန်အကြံပြုချက်များမှာလည်း ဤသုတေသနကို ပြီးမြောက်နိုင်ရန်အတွက် အထောက်အကူများစွာ ဖြစ်စေခဲ့ပါသည်။ ထို့အပြင် ဤသုတေသနစာတမ်းကို ပြုလုပ်နိုင်ရန်အတွက် ဘဏ္ဍာရေးထောက်ပံ့မှုများကို ပံ့ပိုးခဲ့သော အလှူရှင်များဖြစ်သည့် CARE Myanmar, LIFT, Pyoe Pin နှင့် Trocaire တို့ကိုလည်း ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက် (GEN) မှ စိတ်ရင်းဖြင့် ကျေးဇူးတင်အပ်ပါသည်။

# အစီရင်ခံစာ အကျဉ်းချုပ်

## နိဒါန်း

မြန်မာနိုင်ငံသည် ဆယ်စုနှစ်ပေါင်းများစွာ သီးသန့်ရပ်တည်လာခဲ့ရာမှ ယခုအခါတွင် စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ အဓိကကျစေသော အသွင်ပြောင်းမှုများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပါသည်။ ယင်းဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ မြန်မာနိုင်ငံတွင် ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် အခြေခံမူဝါဒများ၊ ဥပဒေမူဘောင်များနှင့် နိုင်ငံတော်အဆင့် ယန္တရားများကို တဖြည်းဖြည်း တည်ထောင်ခဲ့ကြပါသည်။ ထိုကဲ့သို့သော နိုင်ငံရေးစိတ်ဆန္ဒ (Political Will) ကို ယခုလက်ရှိ လေ့လာချက် ပြုလုပ်နေချိန်တွင် ဆောင်ရွက်လျက်ရှိသော အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေမူကြမ်း ရေးဆွဲရေးဖြစ်စဉ်ဖြင့် မီးမောင်းထိုးပြထားပါသည်။ အသိပညာပေး ဆွေးနွေးပွဲများ၊ လူထုလှုပ်ရှားမှုများနှင့် ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုကို တွေ့ကြုံခံစားခဲ့ရပြီး ဆက်လက်ရှင်သန်နေသူများအတွက် လိုအပ်သော ဝန်ဆောင်မှုများ ပံ့ပိုးထောက်ပံ့နိုင်စေရန် ပါဝင်နေစေသောသူများအားလုံးကို စွမ်းရည်မြှင့်တင်ပေးခြင်းလုပ်ငန်းများမှတဆင့် အစိုးရအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ကုလသမဂ္ဂနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းမိတ်ဖက်များအားလုံး ပူးပေါင်းပြီး မြန်မာနိုင်ငံရှိ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုများကို စတင်တုံ့ပြန်ဆောင်ရွက်လျက် ရှိနေသည်မှာ အားတက်ဖွယ်ပင် ဖြစ်ပါသည်။

## သုတေသန၏ရည်ရွယ်ချက်

ယခုသုတေသနသည် ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုကို တွေ့ကြုံခံစားခဲ့ရပြီး ဆက်လက်ရှင်သန်နေသူများ၏ လက်တွေ့ကျသော လိုအပ်ချက်များကို ဖော်ထုတ်သတ်မှတ်ပြီး ထိုသူများအတွက် ရရှိနိုင်သော ဝန်ဆောင်မှုများနှင့် ၎င်းဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်သည့် အခြေအနေများကို ဖော်ပြရန်ဖြစ်သည်။ အသေးစိတ်ရည်မှန်းချက်များတွင် အောက်ပါအချက်များ ပါဝင်ပါသည်။

၁) မြန်မာနိုင်ငံရှိ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုနှင့်ပတ်သက်သော အခြေအနေများကို အကဲဖြတ်ရန်နှင့် ခွဲခြမ်းစိတ်ဖြာရန် (အချက်အလက်များ၊ လေ့လာချက်များ၊ ဥပဒေများ/မူဝါဒများ)။

၂) ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုကို တွေ့ကြုံခံစားရပြီး ဆက်လက်ရှင်သန်နေသူများ၏ လိုအပ်ချက်များကို ဖော်ထုတ်သတ်မှတ်ရန်နှင့် လက်ရှိတွင်ရှိနေသော ဝန်ဆောင်မှုများ၊ ၎င်းဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်မှုနှင့် ဝန်ဆောင်မှုအရည်အသွေးများကို ဖော်ထုတ်သတ်မှတ်ရန်။

၃) ဝန်ဆောင်မှုများကိုရယူရာတွင် အမျိုးသမီးများမှ တွေ့ကြုံနေရသော အခက်အခဲများကို ဖော်ထုတ်သတ်မှတ်ပြီး ဆက်လက်ရှင်သန်နေသူများအတွက် ပံ့ပိုးထောက်ပံ့ပေးနေသော ဝန်ဆောင်မှုများကို တိုးတက်ကောင်းမွန်စေရန် ခိုင်မာသည့် အကြံပြုချက်များကို ဖော်ပြရန်။

## သုတေသနပြုလုပ်ခဲ့သည့် နည်းလမ်းများ

စိတ်ချယုံကြည်ရသော တိကျခိုင်မာသည့် အချက်အလက်များ ရရှိရန်အတွက် ဤလေ့လာချက်တွင် ကွဲပြားခြားနားသော လေ့လာမှု နည်းလမ်းမျိုးစုံကို အသုံးပြုထားပါသည်။ လုပ်ငန်းစဉ်တစ်ခုလုံး၏ အဆင့်များကို အောက်တွင် အကျဉ်းချုပ်ဖော်ပြထားပါသည်။

အခြေခံ ချဉ်းကပ်မှု – ပူးပေါင်းမှုနှင့် အားလုံးပါဝင်မှု၊ အချက်အလက်စုဆောင်းရာတွင် ကျင့်ဝတ်နှင့်အညီ ထည့်သွင်းစဉ်းစားခြင်း

အချက်အလက် စုဆောင်းမှု နည်းလမ်းများ – စာပေရေးသားချက်သုံးသပ်ခြင်း၊ တယ်လီဖုန်းဖြင့် အတိုချုပ်စစ်တမ်းကောက်ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်ငါးခုနှင့် နေပြည်တော်ရှိ အခွင့်အရေးရပိုင်ခွင့်ရှိသူများနှင့် တာဝန်ရှိသူများကို အဓိကသတင်းပေးသူများအဖြစ် ကွင်းဆင်းတွေ့ဆုံမေးမြန်းခြင်း

အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာ၍ လေ့လာခြင်းဖြစ်စဉ် – စာပေရေးသားချက်သုံးသပ်ခြင်းနှင့် ကွင်းဆင်းလုပ်ဆောင်ချက်များမှ တွေ့ရှိချက်များကို အပြန်အလှန်တိုက်ဆိုင်စစ်ဆေးပြီး ရရှိလာသော အစီရင်ခံစာမူကြမ်းကို ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက်နှင့် ၎င်း၏ သုတေသနလုပ်ငန်းအဖွဲ့မှ ပြန်လည်ဆန်းစစ်ခြင်း

## သုတေသန၏ အချိန်ကာလနှင့် ကွင်းဆင်းလုပ်ဆောင်ချက်

ဤသုတေသနကို နိုဝင်ဘာလ (၂၀၁၆) မှ မေလ (၂၀၁၇) အထိ (၇) လ အကြာ ပြုလုပ်ခဲ့ပါသည်။

## သုတေသနပြုလုပ်ရာတွင် အသုံးပြုသော နည်းလမ်းများ၏ အကန့်အသတ်များ

- **စာပေရေးသားချက် အကန့်အသတ်** - ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုကို တွေ့ကြုံခံစားခဲ့ရပြီး ဆက်လက်ရှင်သန်နေသူများအတွက် ပံ့ပိုးပေးသည့် ဝန်ဆောင်မှုများနှင့် ဆက်စပ်သည့် သုတေသန သို့မဟုတ် လေ့လာသုံးသပ်မှုများသည် အကန့်အသတ်ဖြင့် ရှိနေခဲ့ပါသည်။ မြန်မာနိုင်ငံရှိ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုနှင့် ဆက်နွယ်သည့် အစီရင်ခံစာများကို ကိုးကားဖော်ပြနိုင်ရန်အတွက် လက်လှမ်းမီနိုင်မှုသည်လည်း ခက်ခဲခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် များသောအားဖြင့် ၎င်းတို့သည် အသုံးပြုရန်အတွက် အွန်လိုင်းမှ ဝယ်ယူရမည်ဖြစ်ပြီး ဈေးနှုန်းမှာလည်း ကြီးမြင့်နေသောကြောင့် ဖြစ်ပါသည်။

- **နေရာဒေသ လွှမ်းခြုံနိုင်မှု** - ဤလေ့လာချက်တွင် အချိန်ကာလအားဖြင့် ကန့်သတ်ချက်ရှိနေသည့်အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံးကို ခြုံငုံရန် တိုက်ရိုက်သွားရောက်မေးမြန်းမှု မပြုလုပ်နိုင်ခဲ့ပါ။

- **ဝန်ဆောင်မှုတစ်ခုစီအတွက် အရည်အသွေးစစ်ဆေးမှု အကန့်အသတ်** - မြန်မာနိုင်ငံရှိ ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုနှင့်ပတ်သက်သော ဝန်ဆောင်မှုများ၏ အရည်အသွေးကို စုံစမ်းခြင်း သို့မဟုတ် ဆန်းစစ်ခြင်းကို အလေးပေးပြုလုပ်ရန် အခွင့်မသာခဲ့သည့်အပြင် ထိုဝန်ဆောင်မှုများ၏ အရည်အသွေးကို ခြုံငုံသုံးသပ်မြင်နိုင်ရန် လုံလောက်ပြည့်စုံသော အထောက်အထားများ မရရှိခဲ့ပါ။

- **အမျိုးသမီးများအကြားရှိ ကွဲပြားခြားနားမှုများကို အာရုံစိုက်မှု အကန့်အသတ်** - ဤလေ့လာချက်တွင် လူမှုအဖွဲ့အစည်းမှ အလွန်အမင်း ဖယ်ကျဉ်ခံထားသူများ မဟုတ်သော ဆက်လက်ရှင်သန်နေသူများ၏ လိုအပ်ချက်များကိုသာ အဓိက အထူးပြုလေ့လာထားခဲ့ပါသည်။

- **ယုံကြည်မှုကို အခြေခံသည့် အဖွဲ့အစည်းများနှင့် တိုက်ရိုက်ဆက်သွယ်မှု မရှိခြင်း** - ဤလေ့လာချက်တွင် ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများနှင့်ပတ်သက်၍ ဝေခွဲရခက်သော သတင်းအချက်အလက်များ ရရှိသော်လည်း ထိုအချက်အလက်များသည် "စနစ်ကျမှု" ရှိသည်ဟု မသတ်မှတ်နိုင်ခဲ့သောကြောင့် နောက်ဆက်တွဲ လုပ်ဆောင်ချက်များ မပြုလုပ်နိုင်ခဲ့ပါ။

## ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုအား တွေ့ကြုံခံစားခဲ့ရပြီး ဆက်လက်ရှင်သန်နေသူများအတွက် မြန်မာနိုင်ငံတွင် ရရှိနိုင်သော ဝန်ဆောင်မှုများ

- အရေးပေါ်ကာလအတွင်း ဝန်ဆောင်မှု

- နှစ်သိမ့်ဆွေးနွေးခြင်း ဝန်ဆောင်မှု (Counselling)

- ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှု

- ဥပဒေရေးရာ ဝန်ဆောင်မှု

- ဘေးကင်းလုံခြုံသော နေရာထိုင်ခင်း/ နားခိုရာနေရာ

- ပြန်လည်ထူထောင်ပေးခြင်းနှင့် ပြန်လည်ပေါင်းစည်းပေးခြင်းအတွက် ဝန်ဆောင်မှု

- ကာကွယ်တားဆီးခြင်းဆိုင်ရာ ဝန်ဆောင်မှု

## ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုအား တွေ့ကြုံခံစားခဲ့ရပြီးဆက်လက်ရှင်သန်နေသူများအတွက် ဝန်ဆောင်မှုရယူရန် လစ်ဟာချက်များနှင့် စိန်ခေါ်မှုများ

- **အမျိုးသမီးများအကြားရှိ မလေ့ထုံးစံအရနှင့် သဘောထားအမြင်အရ အတားအဆီးများ –** မြန်မာနိုင်ငံရှိ ကျား၊ မ ရေးရာနှင့်ပတ်သက်၍ ခိုင်မာစွာအမြစ်တွယ်နေသော ယဉ်ကျေးမှုနှင့် လူမှုရေး သတ်မှတ်ချက်များသည် အမျိုးသမီးများ အကြမ်းဖက်ခံရသောအခါ ထုတ်ဖော်ပြောဆိုနိုင်စွမ်းနှင့် အကြမ်းဖက်ခံရသည့်အချိန်တွင် သူမတို့၏ ဆက်နွယ်ပတ်သက်မှုများကို ချစ်ရစ်စွန့်ခွာနိုင်မှုတို့အပေါ် သက်ရောက်မှုရှိနေပါသည်။

- **ဆက်လက်ရှင်သန်နေသူများအတွက် သတင်းအချက်အလက်နှင့် ဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်မှုတို့တွင် အကန့်အသတ်ရှိခြင်း** - ဖယ်ကျဉ်ခံရသည့် အခြေအနေတွင် နေထိုင်ရသော အမျိုးသမီးများ၏ ပြောကြားချက်အရ ဤလေ့လာချက်တွင် ပါဝင်သည့် ဆက်လက်ရှင်သန်နေသူများသည် အကူအညီများကို မည်သည့်နေရာတွင် တောင်းခံရမည်ကို မသိရှိကြောင်း ဖော်ပြခဲ့ပါသည်။

- **ဘေးကင်းလုံခြုံသည့် နားခိုရာနေရာအား လက်လှမ်းမီနိုင်မှုတွင် အကန့်အသတ်ရှိခြင်း** - ဆက်လက်ရှင်သန်နေသူ အမျိုးသမီးအများစုသည် ၎င်းတို့အတွက် အသက်အန္တရာယ် ကြုံတွေ့နေရသည့်တိုင် ဘေးကင်းလုံခြုံသည့် နားခိုရာနေရာကို လက်လှမ်းမီနိုင်မှုမှာ အကန့်အသတ်များ ရှိနေပါသည်။ ဤလေ့လာချက်တွင် ဆက်လက်ရှင်သန်နေသူများအတွက် နားခိုရာနေရာ ကိုးနေရာကို တွေ့ရှိသော်လည်း၊ ၎င်းနေရာများမှာ ပြည်နယ်နှင့် တိုင်းဒေသကြီး လေးခုတွင်သာ တည်ရှိနေပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် နားခိုရာနေရာ လုံးဝမရှိကြောင်း တွေ့ရှိရပါသည်။

- **တာဝန်ရှိသူများအကြားရှိ အသိပညာနှင့် စွမ်းဆောင်ရည်ဆိုင်ရာ လစ်ဟာချက်များ** - ဘေးကင်းလုံခြုံသော ဆက်လက်ရှင်သန်နေသူအား ဗဟိုပြုသည့် ကြားဝင်ဆောင်ရွက်ချက်များ ဆောင်ရွက်ပေးနိုင်ရန်အတွက် အရေးပါသော ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှု အရှိန်အဟုန်နှင့်ဆက်စပ်၍ ဒေသဆိုင်ရာ အာဏာပိုင်များ (ဥပမာ - ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ) တွင် ကျွမ်းကျင်မှုများနှင့် နားလည်မှုများမှာ အကန့်အသတ်အားဖြင့် လွန်စွာရှိနေပါသည်။ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံသည့် ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံဆိုင်ရာ ထင်မြင်ယူဆချက်များသည်လည်း ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်ခံရမှုများကို ကိုင်တွယ်ဖြေရှင်းနေရသည့် တာဝန်ရှိသူများ၏ စိတ်နေသဘောထားကို အနုတ်သဘောအားဖြင့် လွှမ်းမိုးနေပါသည်။ ထိုဝန်ဆောင်မှုများပေးသူများ၏ နှစ်သိမ့်ဆွေးနွေးခြင်း (Counselling) ဆိုင်ရာ ကျွမ်းကျင်မှုမှာ ဆက်လက်ရှင်သန်နေသူများကို ကနဦး ဝန်ဆောင်မှုပေးသည့်နေရာအဖြစ် ဆောင်ရွက်ပေးနိုင်ရန်အတွက် ကန့်သတ်မှုရှိနေပါသည်။

- **ကျန်းမာရေး စောင့်ရှောက်မှုစနစ်တွင် ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုများကို ဖော်ထုတ်သတ်မှတ်ခြင်းနှင့် တုံ့ပြန်ခြင်းအတွက် လုပ်ထုံးလုပ်နည်းများ ရှိမနေခြင်း** - မြန်မာနိုင်ငံ၏ အစိုးရကျန်းမာရေး စောင့်ရှောက်မှုစနစ်သည် ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုများကို ကိုင်တွယ်ရာတွင် မှုခင်းဆေးပညာ စစ်ဆေးခြင်းမှလွဲ၍ စွမ်းဆောင်နိုင်မှုအားဖြင့် အကန့်အသတ်ရှိနေပါသည်။

- **ဝန်ဆောင်မှုများကို လက်လှမ်းမီ ရရှိနိုင်ရန်အတွက် အတားအဆီးဖြစ်နေသည့် ကုန်ကျစရိတ်** - ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုကို တွေ့ကြုံခံစားခဲ့ရပြီးဆက်လက်ရှင်သန်နေသူများသည် သက်ဆိုင်ရာ ဝန်ဆောင်မှုများကို ရရှိရန်အတွက် အဖိုးအခများပေးအပ်ရခြင်းကြောင့် အဆင့်တိုင်းတွင် အခက်အခဲများစွာ ကြုံတွေ့နေရပါသည်။

ဝန်ဆောင်မှုပေးသူအမျိုးမျိုးထံ သို့မဟုတ် မြို့ကြီးများဆီသို့ အရောက်သွားနိုင်ရန် ငွေကြေးမတတ်နိုင်ခြင်းသည် လိုအပ်သည့်အကူအညီများ မရရှိနိုင်ခြင်းကို ဖြစ်စေပါသည်။

- **လျှို့ဝှက်ထိန်းသိမ်းပေးထားမှု မရှိသလောက်ဖြစ်ခြင်း** - ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်ခံရမှုအကြောင်းများကို ဆက်လက်ရှင်သန်နေသူများ၏ ခွင့်ပြုချက်မပါဘဲ ဝန်ဆောင်မှုပေးသူများနှင့် တာဝန်ရှိသူများအကြားတွင် အမြဲတမ်းလိုလို ဆွေးနွေးလေ့ရှိနေပြီး၊ ဤအချက်မှာ မြန်မာနိုင်ငံတွင် ပုံမှန်အလေ့အထအဖြစ် ဖြစ်နေပါသည်။

- **လွှဲပြောင်းပေးပို့မှု/ စောင့်ကြည့်လေ့လာခြင်း** - အချို့သော ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်ခံရမှုများကို ရဲဌာနကဲ့သို့ အစိုးရအဖွဲ့အစည်းများ သို့မဟုတ် အရပ်ဘက်လူမှုအဖွဲ့အစည်းများ သို့မဟုတ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် (MWAF) နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (MMCWA) ကဲ့သို့ အစိုးရမဟုတ်သော အဖွဲ့အစည်းများထံသို့ သတင်းပေး တိုင်ကြားကြပါသည်။ သို့သော် ၎င်းဖြစ်ရပ်များအတွက် မှတ်တမ်းတင်စနစ်များ အဆင်သင့်ရှိမနေသည့်အပြင် တာဝန်ရှိသူများအကြား သတင်းအချက်အလက် မျှဝေခြင်းများမှာလည်း ထိရောက်မှုနှင့် ချိတ်ဆက်ညှိနှိုင်းမှု ရှိမနေပါ။

- **အခြေခံ အဆောက်အဦ/ ခရီးဆက်သွယ်သွားလာရေး** - မြန်မာနိုင်ငံရှိ ဝန်ဆောင်မှု ရှာဖွေနေသူများအတွက် ဝန်ဆောင်မှုကို လက်လှမ်းမီရရှိနိုင်ရေးနှင့်ပတ်သက်၍ စိုးရိမ်ပူပန်ရသည့်အရာတစ်ခုမှာ ခရီးဆက်သွယ်သွားလာရေးဆိုင်ရာ အကန့်အသတ်ရှိခြင်းဖြစ်ပါသည်။ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုကိုတွေ့ကြုံခံစားခဲ့ရပြီး ဆက်လက်ရှင်သန်နေသူများသည် အခြေခံအဆောက်အဦများ ကောင်းမွန်စွာ အလုပ်မလုပ်သော ဝေးလံခေါင်သီသည့် နေရာများတွင် နေထိုင်နေရခြင်း သို့မဟုတ် ဘေးကင်းလုံခြုံသည့်နေရာသို့ သွားလာရန် လမ်းခရီးပေါက်ရောက်မှုမရှိနေခြင်းတို့ကြောင့် ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုမှ ကင်းဝေးနိုင်ရန်မှာ မဖြစ်နိုင်ပါ။

## ရှေ့ဆက်ဆောင်ရွက်ရမည့် အဆင့်များနှင့် အကြံပြုချက်များ

မြန်မာနိုင်ငံတွင် မတူညီသော အဖွဲ့အစည်းများနှင့် အစိုးရဌာနများသည် ဆက်လက်ရှင်သန်နေသူများအတွက် ဆောင်ရွက်ပေးနေမှုများမှာ များစွာရှိနေသည်ကို ရှင်းလင်းစွာသိရပါသည်။ ၎င်းတို့အနက် အများအပြားမှာ ထိရောက်မှုရှိပြီး ဆက်လက်ရှင်သန်နေသူများ၏ ဘဝများအတွက် ခြားနားမှုများ ဖြစ်ပေါ်လာစေကြောင်းကို အစီရင်ခံတင်ပြကြပါသည်။ မြန်မာနိုင်ငံတွင် အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများသည် ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုကို တားဆီးကာကွယ်ရာတွင် အရေးပါသော အကျိုးသက်ရောက်မှုများဖြစ်ပေါ်စေရန် ကြိုးစားအားထုတ်မှုများကို စတင်နိုင်ခဲ့ပြီး အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး (PoVAW) ဥပဒေမူကြမ်းအား ပြုစုနိုင်ခြင်းမှာ ပေါ်လွင်သော သာဓက ဖြစ်ပါသည်။ ထိုလုပ်ငန်းစဉ်များကို ပံ့ပိုးကူညီနိုင်ရန်အတွက် အားလုံး၏ ကြိုးစားအားထုတ်မှုကို ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်မည့် ထိရောက်သော ယန္တရားတစ်ခု တည်ဆောက်နိုင်ရန် လိုအပ်ပါသည်။

## အခြေခံကျသော ချဉ်းကပ်မှု – ဆက်လက်ရှင်သန်နေသူကို ဗဟိုပြုသည့် ချဉ်းကပ်မှု

ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုကို တွေ့ကြုံခံစားခဲ့ရပြီးဆက်လက်ရှင်သန်နေသူ အမျိုးသမီးများသည် ကွဲပြားခြားနားမှု များပြားပြီး တစ်ဦးချင်း လိုအပ်ချက်များလည်း ရှိနေပါသည်။ ဆက်လက်ရှင်သန်နေသူများနှင့် ၎င်းတို့၏ မိသားစုများ (အထူးသဖြင့် ကလေးသူငယ်များ) အတွက် ပံ့ပိုးမှုအမျိုးအစားတိုင်းသည် ဆက်လက်ရှင်သန်နေသူကို ဗဟိုပြုသည့် နည်းလမ်း သို့မဟုတ် အမျိုးသမီးကို ဗဟိုပြုသည့်နည်းလမ်းကို အခြေခံသင့်ပါသည်။ ထို့အပြင် ဝန်ဆောင်မှုများကို ပံ့ပိုးပေးရာတွင် ဆက်လက်ရှင်သန်နေသူတစ်ဦးချင်းစီ၏ အခြေအနေနှင့် ၎င်းတို့၏ ဆုံးဖြတ်ချက်များအပေါ် အခြေပြုလုပ်ဆောင်ရန် အလွန်အရေးကြီးပါသည်။

လေ့လာချက်မှ ရှာဖွေတွေ့ရှိချက်များနှင့် ဆက်လက်ရှင်သန်နေသူကို ဗဟိုပြုသည့်နည်းလမ်းကို အထူးပြု၍ ရှေ့ဆက်ထည့်သွင်း စဉ်းစားရန်နှင့် လုပ်ဆောင်ရန်အတွက် အကြံပြုချက် အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- **အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေမူကြမ်း (PoVAW) တွင် ဝန်ဆောင်မှုပေးအပ်ခြင်းကို နိုင်ငံတော်တာဝန်အဖြစ် ပါဝင်စေခြင်း** - အသစ်ရေးဆွဲလျက်ရှိသော အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေမူကြမ်းသည် လက်ရှိတွင်ရှိနေသည့် ဥပဒေများ၏ လစ်ဟာမှုများ အထူးသဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုနှင့် ပတ်သက်သည်များကို ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ ထိုသို့ ဖြစ်ပေါ်လာနိုင်စေရန်အတွက် အကြမ်းဖက်မှုကို တားဆီးကာကွယ်ခြင်း၊ အကာအကွယ်ပေးခြင်းနှင့် ဝန်ဆောင်မှုပေးအပ်ခြင်းတို့ အတွက် တာဝန်ရှိသည့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ အနေဖြင့် ဆက်လက်ရှင်သန်နေသူများကို ဝန်ဆောင်မှုများ ပံ့ပိုးပေးရန် ၎င်းတို့ဝန်ကြီးဌာနအသီးသီး၏ မဟာဗျူဟာ/ နှစ်ပတ်လည်လုပ်ငန်း စီမံချက်များတွင် သီးသန့်လျာထားသော ဘဏ္ဍာငွေကြေးများထားရှိရန် လိုအပ်ပါသည်။

- **ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုအတွက် ဝန်ဆောင်မှုများ ရရှိနိုင်မှုကို တိုးချဲ့ခြင်း** - ဤလေ့လာချက်တွင် ဆက်လက်ရှင်သန်နေသူများအတွက် မြန်မာနိုင်ငံတွင် ရရှိနိုင်သည့် ဝန်ဆောင်မှုများကို ဖော်ပြထားသော်လည်း ၎င်းဝန်ဆောင်မှုအများစုမှာ ပြန့်ကျဲလျက်ရှိနေပြီး ဆက်လက်ရှင်သန်နေသူများအတွက် ၎င်းဝန်ဆောင်မှုရရှိနိုင်ရန် စိန်ခေါ်မှုများစွာ ရှိနေပါသည်။ ထို့အပြင် ကနဦး တားဆီးကာကွယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းကိုလည်း နိုင်ငံအနှံ့တွင် ရရှိနိုင်စေရန် တိုးချဲ့ခြင်းမှာလည်း မရှိမဖြစ်လိုအပ်ပါသည်။

- **အဆင့်တိုင်းတွင် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်သည့် တုံ့ပြန်မှုကို တည်ထောင်ခြင်း** - အချို့ဒေသများတွင် ဝန်ဆောင်မှုပံ့ပိုးပေးခြင်း အမျိုးမျိုးကို ရရှိနိုင်သော်လည်း ၎င်းဝန်ဆောင်မှုများသည် ဝန်ဆောင်မှုပေးအပ်သူများအကြား ရေပြင်ညီအနေအထားတွင် ကောင်းမွန်စွာ ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်မှု ရှိမနေပါ။ ထို့ကြောင့် မြို့နယ်၊ ရပ်ကွက်အဆင့်များမှ များစွာသော အစိုးရဌာနများ (ရဲနှင့် ကျန်းမာရေးပညာရှင်များ အပါအဝင်)၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ယုံကြည်မှုကိုအခြေခံသည့် အဖွဲ့အစည်းများသည် ၎င်းတို့အသီးသီး၏ ဝန်ဆောင်မှုများကို အပြန်အလှန်သိရှိထားရန်၊ ၎င်းတို့အကြား ယုံကြည်မှု တည်ဆောက်ရန်၊ သတင်းအချက်အလက် မျှဝေရန်၊ အရင်းအမြစ်များနှင့် မဟာဗျူဟာများကို ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရန်နှင့်၊ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပြီး ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုကို ပူးပေါင်းတုံ့ပြန်ရန် လိုအပ်ပါသည်။ အုပ်ချုပ်မှုဒေသများ၏ အဆင့်တိုင်းတွင် ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုများမှာ များစွာဖြစ်ပေါ်နေသောကြောင့် ဒေါင်လိုက်အနေအထားတွင်လည်း ပူးပေါင်းဆောင်ရွက်မှုနှင့် သတင်းအချက်အလက် မျှဝေခြင်းသည် အရေးပါလျက် ရှိနေပါသည်။

- **လွှဲပြောင်းပေးခြင်း/ အမှုကိစ္စ စီမံခန့်ခွဲခြင်းအတွက် စနစ်တစ်ခု တည်ထောင်ခြင်း** - ဆက်လက်ရှင်သန်နေသူများအတွက် အမှုကိစ္စကို စီမံခန့်ခွဲသူအဖြစ် ဆောင်ရွက်ပေးနိုင်သော ပထမဆုံး ဆက်သွယ်နိုင်မည့်သူဖြစ်ရန် ကျွမ်းကျင်သူတစ်ယောက်ကို လေ့ကျင့်သင်တန်းပေးထားသင့်ပြီး ဆက်လက်ရှင်သန်နေသူများအတွက် အကြားအလပ်မရှိသော စောင့်ရှောက်မှုများကိုရရှိစေရန် ၎င်းပုဂ္ဂိုလ်သည် အခြားဝန်ဆောင်မှုများနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ပေးနိုင်မည့် ဆုံချက်လည်း ဖြစ်လာနိုင်ပါသည်။

- **သင်တန်းများ ပြုလုပ်ခြင်းနှင့် တိုးချဲ့ခြင်းကို ဆက်လက်ဆောင်ရွက်ခြင်း** - ရဲ၊ တရားစီရင်ရေးတွင် ပါဝင်နေသူများ၊ ဒေသဆိုင်ရာ အာဏာပိုင်များ၊ ဝန်ကြီးများ၊ ဒေသဆိုင်ရာ ဌာနများနှင့် ကျန်းမာရေး ဝန်ဆောင်မှုပေးသူများကို ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုအမျိုးအစားများ၊ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှု တားဆီးကာကွယ်ခြင်းနှင့်

တုံ့ပြန်မှုတွင် ၎င်းတို့ ပါဝင်ဆောင်ရွက်သင့်သည့် အခန်းကဏ္ဍများအပြင်၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်ခြင်းနှင့် ဆက်နွယ်သည့် ဥပဒေများကို သင်တန်းပေးခြင်းများ ဆက်လက်ပြုလုပ်ပေးနေရန် လိုအပ်ပါသည်။

- **စံသတ်မှတ်ထားသော လုပ်ငန်းလမ်းညွှန်/ လုပ်ငန်းစဉ်များ/ လုပ်ထုံးလုပ်နည်းများနှင့် ကျန်းမာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အားကောင်းလာစေခြင်း -** မြန်မာနိုင်ငံတွင် ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်ခံရမှုများ တွေ့ကြုံရသောအခါ တာဝန်ရှိသူများမှ မည်သို့ တုံ့ပြန်ဆောင်ရွက်ရမည်ဟူသော လုပ်ငန်းသုံး စံသတ်မှတ်ချက်များသို့မဟုတ် စည်းမျဉ်းသတ်မှတ်ချက်များကို ရေးဆွဲထားသော်လည်း အကောင်အထည်ဖော်လုပ်ဆောင်နိုင်ခြင်းမှာ အားနည်းလျက်ရှိနေသေးသည်။ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုအဖြစ် ထုတ်ဖော်သတ်မှတ်ရန်၊ ကုသမှုပေးရန်နှင့် မှုခင်းဆေးစစ်ခြင်းပြီးနောက် အကြမ်းဖက်မှု ခံရသူများကို လွှဲပြောင်းပေးရန်အတွက် ကျန်းမာရေးပညာရှင်များနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးအရ တုံ့ပြန်မှုများဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ဆက်နွယ်သော ထိရောက်သည့်စနစ်တစ်ခု တည်ဆောက်ရန် လိုအပ်နေပါသည်။ ထို့ပြင် ဆက်လက်ရှင်သန်နေသူများအတွက် ကောင်းမွန်သော ဝန်ဆောင်မှုများရရှိစေရန် ခေတ္တနားခိုရာနေရာများနှင့်ပတ်သက်၍ ကြီးကြပ်ညွှန်ကြားရန်နှင့် အရည်အသွေးထိန်းချုပ်ရန် စံသတ်မှတ်ချက်တစ်ခုကိုလည်း သတ်မှတ်ပေးရန်လိုအပ်ပါသည်။

- **ဆက်လက်ရှင်သန်နေသူများ၏ ဘေးကင်းလုံခြုံမှု၊ အခွင့်အရေးများနှင့် လျှို့ဝှက်ထိန်းသိမ်းပေးထားမှုဆိုင်ရာ အားထုတ်မှုများအတွက် ထောက်ပံ့ပေးခြင်း -** ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုကို တုံ့ပြန်မှုတိုင်းတွင် လျှို့ဝှက်ထိန်းသိမ်းပေးထားမှု၊ ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်၊ ဖွင့်ဟပြောဆိုချက်နှင့် သဘောတူညီချက်တို့ကို ဦးစားပေး အာရုံစိုက်ရမည်။ ဆက်လက်ရှင်သန်နေသူများတွင်ထပ်မံ အကြမ်းဖက်ခံရသည့် ခံစားမှုမျိုးမရရှိစေရန် အသေအချာ ဂရုစိုက်ဆောင်ရွက်ရမည်။

# ၁။ နိဒါန်း

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုနှင့် အမျိုးသမီးများအပေါ် ဖိနှိပ်ချိုးနှိမ်မှုတို့၏ အပြင်းထန်ဆုံးသော သရုပ်ဖော်ပြချက်ဖြစ်ပါသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းခြင်းသည် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများထဲမှ တစ်ခုအဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အစိုးရမှ အသိအမှတ်ပြုထားပါသည်။ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (NSPAW) (၂၀၁၃-၂၀၂၂) တွင် "အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များအပေါ် အကြမ်းဖက်မှုပုံစံအားလုံးကို ပပျောက်စေရန်နှင့် အကြမ်းဖက်ခံရသည့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များ၏ လိုအပ်ချက်များကို တုံ့ပြန်ဖြည့်ဆည်းပေးရန်" ဟူ၍ နိုင်ငံတော်အစိုးရ၏ ကတိကဝတ်အဖြစ်လည်း ဖော်ပြထားပါသည်။ အောက်တွင် ဖော်ပြထားသော အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) (NSPAW) ၏ ဦးစားပေးကဏ္ဍ နံပါတ် (၄) ကို တုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် ဤလေ့လာချက်သည် ဆက်လက်ရှင်သန်နေသူများအတွက် မည်သည့်နေရာများတွင် ဝန်ဆောင်မှုများ ရရှိနိုင်သည်၊ မည်သူတို့က ဝန်ဆောင်မှုများ ပေးအပ်နေသည်တို့ကို လွှမ်းခြုံဖော်ပြရန်အပြင် ရှေ့ဆက်ကြားဝင်ဆောင်ရွက်မှုများအတွက် ရည်ရွယ်၍ လစ်ဟာချက်များနှင့်အဟန့်အတားများကို သတ်မှတ် ဖော်ထုတ်ရန် ဒီဇိုင်းရေးဆွဲထားပါသည်။

### အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း ( ၂၀၁၃ – ၂၀၂၂ ) (NSPAW)

အမျိုးသမီးများအပေါ် အကြမ်းဖက်မှု - အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှု ပပျောက်ရေးကို ရှေးရှုသော ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် စနစ်များကို တိုးမြှင့်အားပေးဆောင်ရွက်သွားစေရေးနှင့် အကြမ်းဖက်ခံရသောအမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များ၏ လိုအပ်ချက်များကို တုံ့ပြန်ဖြည့်ဆည်းပေးရေးကို အဓိကဦးတည်ပါသည်။

က။ သုတေသနပြုခြင်း (သို့မဟုတ်) စစ်တမ်းကောက်ယူခြင်း

၁။ မြို့ပြနှင့် ကျေးလက်ဒေသများတွင် အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များကို နည်းမျိုးစုံဖြင့် အကြမ်းဖက်ခံနေရမှု အခြေအနေ။

၂။ အကြမ်းဖက်မှုကို ဖြစ်ပွားစေသော အကြောင်းရင်းများနှင့် နောက်ဆက်တွဲအခြေအနေ။

၃။ အကြမ်းဖက်ခံရမှုအတွက် လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများနှင့် ဥပဒေအရ ကာကွယ်ပေးရန် ဆောင်ရွက်ထားမှုများ၊ ၎င်းတို့အား လက်လှမ်းမီရရှိနိုင်မှု အခြေအနေနှင့် အဟန့်အတားများ။

၄။ အကြမ်းဖက်ခံရမှုကို တိုင်တန်းကြသော အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များအတွက် တာဝန်ရှိသူများ၏ တုံ့ပြန်ဆောင်ရွက်ပေးမှုများအပေါ် ကျေနပ်မှု။

(မှတ်ချက်။ ။ သုတေသနနှင့်စစ်တမ်းများ ကောက်ယူသည့်အခါတိုင်းတွင် လိင်ကွဲပြားမှု၊ အသက်အရွယ်၊ လူမျိုး၊ ဒေသအလိုက် ခွဲခြားဖော်ပြရန် လိုအပ်သည်။)

ခ။ အသိပညာပေးခြင်း

၁။ အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများမှ ကာကွယ်ရန်နှင့် သင့်လျော်သော တုံ့ပြန်မှုများဆောင်ရွက်ရန် အဓိကတာဝန်ရှိသော ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ ဗဟိုအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်၊ ခရိုင်နှင့် မြို့နယ်အဆင့်၊ ရပ်ကွက်/ကျေးရွာအဆင့် အမျိုးသမီးနှင့် အမျိုးသားဝန်ထမ်းများကို အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (CEDAW)၊ ဘေဂျင်းလုပ်ငန်းစီမံချက်နှင့် ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက် အသိပညာပေးမှု အစီအစဉ်များ ပြုလုပ်ဆောင်ရွက်ရန်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှု အများစုသည် ကျား၊ မ ရေးရာ အပေါ် သို့မဟုတ် အမျိုးသမီးများကို ခွဲခြားဆက်ဆံမှုများအပေါ်တွင် အခြေပြုသောကြောင့် ဤအစီရင်ခံစာတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဟူသော စကားလုံးနှင့် ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှု ဟူသောစကားလုံးကို အလဲအလှယ်အနေဖြင့် အသုံးပြုထားပါသည်။[၄] ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုသည် ကမ္ဘာပေါ်ရှိ အပျံ့နှံ့ဆုံးသော လူ့အခွင့်အရေးချိုးဖောက်မှုများထဲမှ တစ်ခုဖြစ်ပြီး ၎င်းကိစ္စရပ်အတွက် နိုင်ငံတော်အဆင့်စာရင်းဇယားများ လက်ရှိတွင် မရရှိနိုင်သော်လည်း မြန်မာနိုင်ငံသည် ဤအရေးမှကင်းလွတ်ခြင်း ရှိမနေပါ။ ကမ္ဘာ့ပေါ်တွင် ပျမ်းမျှအားဖြင့် အမျိုးသမီး သုံးဦးလျှင် တစ်ဦးမှာ ၎င်းတို့၏ ဘဝသက်တမ်းတွင် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို တွေ့ကြုံခံစားရနိုင်ပါသည်။[၅] နှုတ်ဆိတ်နေတတ်ကြသော်လည်း ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုသည် အကြမ်းဖက်ခံရသူများ၏ ကျန်းမာရေး၊ ဂုဏ်သိက္ခာ၊ ဘေးကင်းလုံခြုံရေးနှင့် ကိုယ်ပိုင်လုပ်ပိုင်ခွင့်များကို များစွာထိခိုက်မှုရှိနေပါသည်။ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုသည် ကျား၊ မ ရေးရာ မညီမျှမှုကို သရုပ်ဖော်ပြခြင်းဖြစ်သည့်အပြင် ၎င်းမညီမျှမှုကို ဖြစ်ပေါ်စေသည့် အကြောင်းတစ်ရပ်လည်း ဖြစ်ပါသည်။[၆] ဆက်လက်ရှင်သန်နေသူများသည် အတင်းအကြပ် ကိုယ်ဝန်ဆောင်ရခြင်း သို့မဟုတ် မလိုချင်သော ကိုယ်ဝန်၊ အန္တရာယ်ရှိသော ကိုယ်ဝန်ဖျက်ချခြင်း၊ ထိခိုက်ဒဏ်ရာရမှုကြောင့်ဖြစ်သော ဂရင်ကျိနာ၊ အိပ်ချ်အိုင်ဗီ အပါအဝင် လိင်မှတဆင့် ကူးစက်တတ်သောရောဂါများစသော လိင်နှင့်မျိုးဆက်ပွားဆိုင်ရာ ကျန်းမာရေး နောက်ဆက်တွဲပြဿနာများနှင့် အသက်သေဆုံးမှုစသော ရှုပ်ထွေးလှသည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများကို ခံစားရလေ့ရှိပါသည်။ အသက်အရွယ်၊ လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှု၊ စီးပွားရေး အခြေအနေနှင့် လိင်စိတ်တိမ်းညွှတ်မှုအရ မည်သို့ပင်ရှိစေကာမူ

[၄] ကုလသမဂ္ဂ၊ အမျိုးသမီးများကို ပြုမူသည့် အကြမ်းဖက်မှုများ တိုက်ဖျက်ရေး ကြေငြာချက်၊ ၁၉၉၃၊ http://www.un.org/documents/ga/res/48/a48r104.htm

[၅] UNFPA၊ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှု၊ http://www.unfpa.org/gender-based-violence (နောက်ဆုံး အသုံးပြုချိန် ၁၀ ဇန်နဝါရီလ ၂၀၁၇)

[၆] ADB et al., ၂၀၁၆

အမျိုးသမီးများသည် ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုများကို တွေ့ကြုံခံစားရနိုင်ပါသည်။ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုများကြောင့် ထိခိုက်မှုများသည် ဆက်လက်ရှင်သန်နေသူများ၏ ကိုယ်ပိုင်ဘဝကို ထိန်းချုပ်နိုင်မှုနှင့်၊ အကြောက်တရားနှင့် အနိုင်အထက်ပြုခံရခြင်းမှ ကင်းဝေးမှုတို့ကို များစွာထိခိုက်လျက်ရှိပြီး လူမှုအသိုင်းအဝိုင်းအတွက် ကြီးမားသော ဆုံးရှုံးမှုများ ဖြစ်ပေါ်စေပါသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ၎င်း၏ အကျိုးဆက်များသည် မညီမျှမှု၊ မလုံခြုံမှုနှင့် မိသားစုတစ်ခုလုံးအတွင်း ပဋိပက္ခများကို ပိုမိုတိုးပွားစေသည့်အပြင်၊ ထိုသို့သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ အချက်များသည် အမျိုးသမီးများ၏ အကြမ်းဖက်ခံရနိုင်မှုအပါအဝင် ဆင်းရဲမွဲတေမှု၊ ဝတ်မွတ်ခေါင်းပါးမှုနှင့် လုပ်ပိုင်ခွင့်မဲ့မှုတို့ကိုပါ ပိုမိုတိုးပွားစေပါသည်။[၇] ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုများကို ဖြစ်ပွားစေသည့်အပြင် ဆက်လက်ရှင်သန်နေသူများအပေါ် ခွဲခြားနှိမ့်ချခြင်းကိုပါ ဖြစ်စေသည့် စိတ်နေသဘောထားများနှင့် အပြုအမူများကို ရင်ဆိုင်ဖြေရှင်းရန်နှင့်၊ ဆက်လက်ရှင်သန်နေသူများအတွက် အကာအကွယ်ပေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေးခြင်း (Counselling) နည်းလမ်းများ တိုးပွားလာစေရန်မှာကား စိန်ခေါ်မှုများရှိနေဆဲပင် ဖြစ်ပါသည်။ ယခုအချိန်တွင် မြန်မာနိုင်ငံ၌ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုများ တွေ့ကြုံရပါက နှုတ်ဆိတ်နေခြင်းနှင့် လျစ်လျူရှုခြင်း (ဘာမှမလုပ်ဘဲနေခြင်း) ပုံစံများဖြင့် အများဆုံးတုံ့ပြန်လျက်ရှိကြောင်း ဤလေ့လာချက်မှ ဖော်ထုတ်ထားပါသည်။ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုကို တွေ့ကြုံခံစားခဲ့ရပြီး အကူအညီ ရှာဖွေခဲ့ကြသူများသည် ၎င်းတို့၏ အိမ်နီးနားချင်းများ/ ယုံကြည်ရသည့်သူတစ်ဦးဦး၊ ရပ်ကွက်အာဏာပိုင်များ သို့မဟုတ် အရပ်ဘက်လူမှုအဖွဲ့အစည်းများဆီသို့ သွားရောက်ပြီး၎င်းတို့၏ တွေ့ကြုံခံစားရမှုများကို ဖွင့်ဟပြောကြားခဲ့ပါသည်။ ဆက်လက်ရှင်သန်နေသူ အနည်းငယ်ကသာ ရဲ သို့မဟုတ် တရားရုံးသို့ တိုင်ကြားခြင်း၊ သို့မဟုတ် ကျန်းမာရေး ဝန်ဆောင်မှုများမှ အကူအညီတောင်းခံခြင်းများကို ပြုလုပ်ခဲ့ကြပါသည်။ ဆက်လက်ရှင်သန်နေသူများအတွက် လက်ငင်းကျန်းမာရေးကုသမှုနှင့် တရားစီရင်ရေးစနစ်ကို လက်လှမ်းမီရယူနိုင်ရန် လိုအပ်သကဲ့သို့ အကြမ်းဖက်မှု ကျူးလွန်သူကိုလည်း ၎င်းတို့၏ လုပ်ရပ်နှင့် အကြမ်းဖက်မှုကို တာဝန်ခံမှုရှိရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံသည် ဆယ်စုနှစ်ပေါင်းများစွာ သီးသန့်ရပ်တည်လာခဲ့ရာမှ ယခုအခါတွင် စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ အဓိကကျသော အသွင်ကူးပြောင်းမှုများကို အကောင်ထည်ဖော် ဆောင်ရွက်လျက်ရှိနေပါသည်။[၈] ယင်းဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ မြန်မာနိုင်ငံတွင် ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် အခြေခံမူဝါဒများ၊ ဥပဒေမူဘောင်များနှင့် နိုင်ငံတော်အဆင့် ယန္တရားများကို တဖြည်းဖြည်း တည်ထောင်ခဲ့ကြသည်။ ထိုကဲ့သို့သော နိုင်ငံရေးစိတ်ဆန္ဒ (Political Will) ကို ယခုလက်ရှိ လေ့လာမှုပြုလုပ်နေချိန်တွင် ဆောင်ရွက်လျက်ရှိသော အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေမူကြမ်း (PoVAW) ရေးဆွဲရေးဖြစ်စဉ်ဖြင့် မီးမောင်းထိုးပြထားပါသည်။ အသိပညာပေးဆွေးနွေးပွဲများ၊ လူထုလှုပ်ရှားမှုများနှင့် ဆက်လက်ရှင်သန်နေသူများကို လိုအပ်သော ဝန်ဆောင်မှုများ ပံ့ပိုးထောက်ပံ့နိုင်စေရန် ပတ်သက်ဆက်နွယ်သူများအားလုံးကို စွမ်းရည် မြှင့်တင်ပေးခြင်းလုပ်ငန်းများမှတဆင့် အစိုးရအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများနှင့်

[၇] GEN၊ ၂၀၁၄
[၈] ADB၊ ၂၀၁၄

ကုလသမဂ္ဂနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းမိတ်ဖက်များအားလုံး ပူးပေါင်းပြီးမြန်မာနိုင်ငံရှိ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုများကို စတင်တုန့်ပြန် ဆောင်ရွက်လျက်ရှိနေသည်မှာ အားတက်ဖွယ်ပင် ဖြစ်ပါသည်။

**အမျိုးသမီးများအပေါ် ကျူးလွန်သည့် ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုပုံစံများနှင့် အခြေအနေများ**

"အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများတွင် အောက်ပါအချက်များ ခြုံငုံပါဝင်သော်လည်း ၎င်းတို့အပြင် အခြားအချက်များလည်း ရှိနိုင်ပါသေးသည်။

(က) ရိုက်နှက်နှိပ်စက်မှု၊ အိမ်ထောင်စုအတွင်းရှိ မိန်းကလေးငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ သတို့သမီးမှ သတို့သားသို့ တင်တောင်းရသည့်အပေါ် အခြေခံ၍ အကြမ်းဖက်မှု၊ အိမ်ထောင်ဖက်အပေါ် အလိုမတူဘဲ လိင်ဆက်ဆံခြင်း၊ အမျိုးသမီး လိင်အင်္ဂါအား ဖြတ်တောက်မှုနှင့် အမျိုးသမီးများအား ထိလိုက်စေသော အခြားဓလေ့ထုံးတမ်း အစဉ်အလာများ၊ အိမ်ထောင်ဖက်မဟုတ်သူမှ ကျူးလွန်သောအကြမ်းဖက်မှုများ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှုနှင့်ဆက်နွယ်သော အကြမ်းဖက်မှုများအပါအဝင် မိသားစုအတွင်းတွင် တွေ့ကြုံရသော ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

(ခ) လုပ်ငန်းခွင်၊ ပညာရေးအဆောက်အအုံများနှင့် အခြားနေရာများတွင် အဓမ္မပြုကျင့်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုနှင့် ခြိမ်းခြောက်မှုများ၊ အမျိုးသမီးများကို လူကုန်ကူးမှုနှင့် အတင်းအဓမ္မ ပြည့်တန်ဆာအဖြစ် ခိုင်းစေမှုများအပါအဝင် လူမှုအသိုင်းအဝိုင်းအတွင်းတွင် တွေ့ကြုံရသော ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

(ဂ) နိုင်ငံတော်ရှိ အခြေအနေများကြောင့် ကျူးလွန်သော သို့မဟုတ် ဖြစ်ပွားသော မည်သည့်နေရာမဆို တွေ့ကြုံရသည့် ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု" **(အပိုဒ် နှစ်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးဆိုင်ရာ နိုင်ငံတကာ ကြေညာချက်)**

# ၂။ ရည်ရွယ်ချက်နှင့် သုတေသနပြုလုပ်ခဲ့သည့်နည်းလမ်းများ

## ၂.၁။ သုတေသန၏ရည်ရွယ်ချက်

ဤလေ့လာချက်သည် ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုကို တွေ့ကြုံခံစားရပြီးဆက်လက်ရှင်သန်နေသူများ၏ လက်တွေ့ကျသော လိုအပ်ချက်များကို ဖော်ထုတ်သတ်မှတ်ခြင်းအားဖြင့် မြန်မာနိုင်ငံရှိ ထိုသို့ ဆက်လက်ရှင်သန်နေသူများအတွက် ရရှိနိုင်သော ဝန်ဆောင်မှုများနှင့် ၎င်းဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်ရန် ရေးဆွဲညွှန်ပြလိုသော ရည်ရွယ်ချက်ဖြစ်ပါသည်။ ထို့အပြင် ဤလေ့လာချက်သည် ဆက်လက်ရှင်သန်နေသူများကို ပံ့ပိုးထောက်ပံ့ပေးနေသော ဝန်ဆောင်မှုများတွင် ရှိနေသော လစ်ဟာချက်များနှင့် ၎င်းလစ်ဟာချက်များကို ရင်ဆိုင်ဖြေရှင်းရန် ရှေ့ဆက်လုပ်ဆောင်ရမည့်အဆင့်များနှင့် နည်းလမ်းများကို ရည်ညွှန်းထောက်ခံပေးရန်လည်း ရည်ရွယ်ပါသည်။

အသေးစိတ် ရည်မှန်းချက်များမှာ -

၁) မြန်မာနိုင်ငံရှိ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုနှင့်ပတ်သက်သော အခြေအနေများကို အကဲဖြတ်ရန်နှင့် ခွဲခြမ်းစိတ်ဖြာရန် (အချက်အလက်များ၊ လေ့လာချက်များ၊ ဥပဒေ/မူဝါဒများ)။

၂) ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုကိုတွေ့ကြုံခံစားရပြီး ဆက်လက်ရှင်သန်နေသူများ၏ လိုအပ်ချက်များကို ဖော်ထုတ်သတ်မှတ်ရန်နှင့် လက်ရှိတွင်ရှိနေသော ဝန်ဆောင်မှုများ၊ ၎င်းဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်မှုနှင့် ဝန်ဆောင်မှုအရည်အသွေးများကို ဖော်ထုတ်သတ်မှတ်ရန်။

၃) ဝန်ဆောင်မှုများကို ရယူရာတွင် အမျိုးသမီးများမှ တွေ့ကြုံနေရသော အခက်အခဲများကို ဖော်ထုတ်သတ်မှတ်ပြီး ဆက်လက်ရှင်သန်နေသူများအတွက် ပံ့ပိုးထောက်ပံ့ပေးနေသော ဝန်ဆောင်မှုများကို တိုးတက်ကောင်းမွန်စေရန် နိုင်မည့် အကြံပြုချက်များကို ဖော်ပြရန်။

## ၂.၂။ သုတေသနပြုလုပ်ရာတွင် အသုံးပြုခဲ့သည့် နည်းလမ်းများ

### *၂.၂.၁။ အခြေခံချဉ်းကပ်မှု – ပူးပေါင်းပါဝင်မှုသုတေသန*

ဤသုတေသနကို သုတေသနအဖွဲ့၊ ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက်မှ ဝန်ထမ်းများနှင့် ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက် အဖွဲ့ဝင်များ၏ မိတ်ဖက်ဖွဲ့စည်းမှုဖြင့် လုပ်ဆောင်ထားခဲ့ပါသည်။ အထောက်အထားကို အခြေခံသော ခွဲခြမ်းစိတ်ဖြာမှုအတွက် ခိုင်လုံသော အချက်အလက်နှင့် သတင်းရရှိနိုင်ရန် ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက်မှ ဝန်ထမ်းများသည် သုတေသန၏ အဆင့်တိုင်းတွင် သုတေသနအဖွဲ့နှင့် ပူးပေါင်းလုပ်ကိုင်ခြင်းအားဖြင့် သုတေသနပြုသူများအတွက် မှန်ကန်သော ချဉ်းကပ်မှုနှင့် ဦးတည်ချက်ကို သတ်မှတ်ဖော်ထုတ်နိုင်စေခဲ့ပါသည်။

### ၂.၂.၂။ သုတေသန၏သဘောသဘာဝ – အရည်အသွေးဦးစားပေးသုတေသန

အရည်အတွက်ဆိုင်ရာ လေ့လာချက်တစ်ခုကို ပြုလုပ်ရန် အရင်းအမြစ်များ အကန့်အသတ်ရှိသောကြောင့် ဤရေးဆွဲ ညွှန်ပြခြင်း လေ့လာချက်အတွက် ချဉ်းကပ်မှုသည် ပဏာမ အရည်အသွေးစစ်ဆေးမှုဖြစ်ပါသည်။

### ၂.၂.၃။ စာပေရေးသားချက်များအားပြန်လည်သုံးသပ်ခြင်း

မြန်မာနိုင်ငံ၏ သက်ဆိုင်ရာ နိုင်ငံတော် ဥပဒေများ/မူဝါဒများနှင့် မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးထားသည့် နိုင်ငံတကာ သဘောတူညီချက်များအပေါ်တွင် ဤစာပေရေးရာ သုံးသပ်ချက်ကို ပြုလုပ်ခဲ့ပါသည်။ ထို့အပြင် ဤလေ့လာချက်၏ နောက်ခံသတင်းအချက်အလက်များ ရရှိနိုင်ရန် မြန်မာနိုင်ငံရှိ ကျား၊ မ ရေးရာ၊ ကျား၊ မ ရေးရာ ဆက်နွယ်မှုများနှင့် ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုများနှင့် ပတ်သက်သော လေ့လာချက်/ သုတေသန အစီရင်ခံစာများကို လေ့လာသုံးသပ်ခဲ့ပါသည်။ ဤလေ့လာချက်အတွက် သုံးသပ်လေ့လာထားသော စာရွက်စာတမ်းများကို နောက်ဆက်တွဲ (၂) တွင် ဖော်ပြထားပါသည်။

### ၂.၂.၄။ အချက်အလက်စုဆောင်းခြင်းနည်းလမ်းများ

ဤလေ့လာချက်တွင် အရည်အသွေးဆိုင်ရာ နည်းလမ်းကို အသုံးပြုရခြင်းမှာ အကြောင်းရင်း နှစ်ခုရှိပါသည်။ ပထမတစ်ခုမှာ မြန်မာနိုင်ငံတွင် ဆက်လက်ရှင်သန် နေသူများကို ပံ့ပိုးပေးသည့် ဝန်ဆောင်မှုနှင့်ပတ်သက်သော စာပေရေးသားချက်ဆိုင်ရာ အချက်အလက်များ အားနည်းသောကြောင့် ဤလေ့လာချက်သည် စူးစမ်းလေ့လာမှုကို ဦးစားပေးရန် လိုအပ်ခဲ့ပါသည်။ ထို့ကြောင့် ခွဲခြားစိတ်ဖြာရန်အတွက် သတင်းအချက်အလက်အသစ်များ ပေါ်ထွက်လာ နိုင်စေရန် တချို့တဝက် တည်ဆောက်ထားသော စစ်တမ်း မေးခွန်းလွှာ (semi-structured questionnaire) တွင် အဖွင့်မေးခွန်းများကို အသုံးပြုထားပါသည်။ ဒုတိယအချက်မှာ ဤလေ့လာချက်သည် ဆက်လက်ရှင်သန်နေသူများအတွက် ပံ့ပိုးပေးသည့် ဝန်ဆောင်မှုများရှိ လစ်ဟာချက်များကို ဆန်းစစ်ရန် ရည်ရွယ်ပြီး အရည်အသွေးဆိုင်ရာ သုတေသန နည်းလမ်းသည် ထိုအခြင်းအရာကို အသေးစိတ်လေ့လာနိုင်ရန် အခွင့်အရေးပေးသည့်အတွက် ဖြစ်ပါသည်။

#### က။ တယ်လီဖုန်းဖြင့်အတိုချုပ်စစ်တမ်းကောက်ယူခြင်း

ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက်အဖွဲ့ဝင် (၈၈) ဖွဲ့ကို တယ်လီဖုန်းဖြင့် အတိုချုပ် စစ်တမ်းကောက်ယူခြင်း ပြုလုပ်ခဲ့ ပါသည်။ ဤစစ်တမ်း၏ ရည်ရွယ်ချက်မှာ ပြည်နယ်/ တိုင်းဒေသကြီးများရှိ ဆက်လက်ရှင်သန်နေသူများအတွက် လက်ရှိတွင်ရှိနေပြီးသော ဝန်ဆောင်မှုများ သို့မဟုတ် လုပ်ဆောင်ချက်များနှင့် ၎င်းဝန်ဆောင်မှုများရှိ လစ်ဟာချက်များ ဖော်ထုတ်သတ်မှတ်ရန် ဖြစ်ပါသည်။ တယ်လီဖုန်းစစ်တမ်း ကောက်ယူစဉ်အတွင်းတွင် ယခင်က သိရှိထားခြင်း မရှိခဲ့သော အရပ်ဘက်လူမှုအဖွဲ့အစည်းနှစ်ခုကို ဖော်ထုတ် သတ်မှတ် နိုင်ခဲ့ပါသည်။ ဤစစ်တမ်းကောက်ယူခြင်းသည် ကွင်းဆင်း လုပ်ဆောင်နေသော အရပ်ဘက် လူမှုအဖွဲ့အစည်းများကို အဓိကသတင်းပေးသူများအဖြစ် တွေ့ဆုံမေးမြန်းခြင်းများ (key informant interview) အတွက် အဓိကကျသော လမ်းစအချက်အလက်များကို ရရှိစေခဲ့ပြီး ဝန်ဆောင်မှုပေးသူများကို အကြမ်းအားဖြင့် ရေးဆွဲညွှန်ပြခြင်း လုပ်ငန်းအတွက်လည်း ဖြည့်ဆည်းပံ့ပိုးပေးခဲ့ပါသည်။

#### ခ။ တာဝန်ရှိသူများ(အစိုးရ)ကို အဓိက သတင်းပေးသူများအဖြစ် တွေ့ဆုံမေးမြန်းခြင်း (Key Informant Interview)

ပြည်ထောင်စု၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် မြို့နယ် အဆင့်များရှိ အစိုးရဝန်ထမ်းများအား တချို့တဝက် တည်ဆောက်ထားသော စစ်တမ်းမေးခွန်းလွှာ (semi-structured questionnaire) ကို အသုံးပြု၍ အသေးစိတ် တွေ့ဆုံမေးမြန်းခြင်းများ (in-depth interview)/ အဓိက သတင်းပေးသူများအဖြစ် တွေ့ဆုံမေးမြန်းခြင်းများ (key informant interview) ပြုလုပ်ခဲ့ပါသည်။ ဤတွေ့ဆုံ မေးမြန်းချက်များသည် လေ့လာချက်တွင် ကြိုတင်သတ်မှတ် ထားသော အာရုံစိုက်ရမည့် ဧရိယာများအတွက် အလေးအနက် ထားသော စူးစမ်းလေ့လာမှုများကို ပြုလုပ်ရန်အတွက် လမ်းဖွင့်ပေးခဲ့ပြီး၊ မျှော်လင့်မထားသော တုံ့ပြန်မှုများအတွက် နောက်ဆက်တွဲဆောင်ရွက်နိုင်ရန် လိုက်လျောညီထွေရှိမှု ကိုလည်း ရရှိစေခဲ့ပါသည်။

ဤလေ့လာချက်တွင် ပြည်ထောင်စု အဆင့်တွင် (၁၆) ဦးနှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် (၇၉) ဦး စုစုပေါင်း အစိုးရအရာရှိ (၉၅) ဦးကို တွေ့ဆုံမေးမြန်း ခဲ့ပါသည်။

စာရင်းသေတ္တာ(၁) အဓိကသတင်းပေးသူစာရင်း (အစိုးရ)

| ကွင်းဆင်းရာဒေသ | ရှမ်း | | မွန် | | ရန်ကုန် | | မန္တလေး | | စစ်ကိုင်း | | ပြည်ထောင်စု/နေပြည်တော် | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| လိင် | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ |
| အရေအတွက် | ၂ | ၁၄ | ၂ | ၁၃ | ၁ | ၁၅ | ၅ | ၁၀ | ၂ | ၁၅ | ၅ | ၁၁ |

## ခ။ တာဝန်ရှိသူများ(အရပ်ဘက်လူမှုအဖွဲ့အစည်းများ/ အစိုးရမဟုတ်သောအဖွဲ့အစည်းများ)အားအဓိက သတင်းပေးသူများအဖြစ်တွေ့ဆုံမေးမြန်းခြင်း

သတ်မှတ်ဧရိယာငါးခုတွင် ဝန်ဆောင်မှုပေးနေသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ/ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်လည်း ထဲထဲဝင်ဝင် တွေ့ဆုံမေးမြန်းခြင်း (in-depth interview) များကို ပြုလုပ်ခဲ့ပါသည်။ ဤလေ့လာချက်အတွက် အရပ်ဘက်လူမှုအဖွဲ့အစည်း စုစုပေါင်း (၁၇) ဖွဲ့မှ လူဦးရေ စုစုပေါင်း (၃၆) ဦး (အမျိုးသမီး (၂၂) ဦး၊ အမျိုးသား (၁၄) ဦး) ကို တွေ့ဆုံခဲ့ပါသည်။

## အဓိကသတင်းပေးသူစာရင်း(အရပ်ဘက်လူမှုအဖွဲ့အစည်းများ)

| စဉ် | အဖွဲ့အစည်း |
|---|---|
| လားရှိုး၊ ရှမ်းပြည် မြောက်ပိုင်း | |
| ၁ | ဝင်းနား ဥပဒေအဖွဲ့အစည်း |
| ၂ | မြန်မာနိုင်ငံ ကလျာဏယုဝ ခရစ်ယာန်အသင်းများ၏ အမျိုးသားကောင်စီ |
| ၃ | ရှမ်းပြည်မြောက်ပိုင်း အမျိုးသမီးအဖွဲ့အစည်းများ ကွန်ရက် |
| ၄ | ကချင်ရှေ့နေများကွန်ရက် |
| ၅ | တအောင်း အမျိုးသမီးများ အဖွဲ့ |
| မွန္တလေး၊ မွန္တလေးတိုင်းဒေသကြီး | |
| ၁ | မြန်မာတရားရေး အဖွဲ့အစည်း |
| ၂ | မာရီစတုပ် နိုင်ငံတကာအဖွဲ့အစည်း |
| ၃ | ကဲရ် မြန်မာ |
| ၄ | ဥပဒေရေးရာ ကူစားပေးရေးအဖွဲ့ မြန်မာ |
| မော်လမြိုင်၊ မွန်ပြည်နယ် | |
| ၁ | စံပြ လူမှုဖွံ့ဖြိုးရေး အဖွဲ့အစည်း |
| ၂ | ဥပဒေရေးရာ ကူစားပေးရေးအဖွဲ့ မြန်မာ |
| ၃ | မွန်ပြည်နယ်လုံးဆိုင်ရာ အမျိုးသမီးများနှင့် ကလေးသူငယ်များ စွမ်းရည်မြှင့်တင်ရေး ရှေ့ဆောင်အဖွဲ့ |
| ၄ | မာရီစတုပ် နိုင်ငံတကာအဖွဲ့အစည်း |
| မုံရွာ၊ စစ်ကိုင်းတိုင်း | |
| ၁ | အနာဂတ် အလင်းတန်း |
| ၂ | ဘား အဖွဲ့အစည်း |
| ၃ | ၈၈ မျိုးဆက် |
| ၄ | မာရီစတုပ် နိုင်ငံတကာအဖွဲ့အစည်း |
| ရန်ကုန်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၁ | အခရာ အမျိုးသမီးအဖွဲ့ |
| ၂ | ရန်ကုန် ကရင် နှစ်ခြင်း အမျိုးသမီးများ အဖွဲ့အစည်း |
| ၃ | ကရင်အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ |
| ၄ | မြန်မာ လိင်အလုပ်သမားများ ကွန်ရက် |
| ၅ | ဥပဒေရေးရာ ကူစားရေးအဖွဲ့ မြန်မာ |
| ၆ | မာရီစတုပ် နိုင်ငံတကာအဖွဲ့အစည်း |

## ဃ။ အခွင့်အရေးရပိုင်ခွင့်ရှိသူများအားအဓိက သတင်းပေးသူများအဖြစ်တွေ့ဆုံမေးမြန်းခြင်း

တချို့တဝက် တည်ဆောက်ထားသော စစ်တမ်းမေးခွန်းလွှာ (semi-structured questionnaire) ကို အသုံးပြု၍ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုကို တွေ့ကြုံခံစားခဲ့ရပြီး ဆက်လက်ရှင်သန်နေသူ (၄၁) ဦးနှင့် အသေးစိတ်တွေ့ဆုံမေးမြန်းမှုများ (in-depth interview) ပြုလုပ်ခဲ့ပါသည်။ ဆက်လက်ရှင်သန်နေသူအုပ်စုနှစ်ခုကို ဆော်ဩစည်းရုံးရေးအတွက် ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက်အဖွဲ့ဝင်များမှ တစ်စိတ်တစ်ပိုင်း ပံ့ပိုးဆောင်ရွက်ပေးခဲ့ပြီး သုတေသနအဖွဲ့မှလည်း ၎င်းတို့ကို ရင်းနှီးဖော်ရွေသောလမ်းကြောင်းများဖြင့် ချဉ်းကပ်ခဲ့ပါသည်။ အုပ်စုနှစ်ခုအနက် အုပ်စုတစ်ခုမှာ ဝန်ဆောင်မှုများ ရှာဖွေခဲ့ပြီးသူများဖြစ်၍ အခြားအုပ်စုတစ်ခုမှာ အကြမ်းဖက်မှုခံနေရပြီး/ အကြမ်းဖက်မှုခံနေရဆဲဖြစ်သော်လည်း ပြင်ပမှ ထောက်ပံ့ကူညီမှုများကို မရှာဖွေခဲ့သူများဖြစ်သည်။ ဤတွေ့ဆုံမေးမြန်းခြင်းသည် ဝန်ဆောင်မှုများကို ပံ့ပိုးပေးရာတွင် ရှိနေသည့် လစ်ဟာချက်များကို ဖော်ထုတ်သတ်မှတ်ပေးနိုင်သည့်အပြင် ၎င်းဝန်ဆောင်မှုများကို ရှာဖွေရယူနေသည့် အမျိုးသမီးများအတွက် အဟန့်အတားများကိုလည်း ပေါ်လွင်စေခဲ့ပါသည်။

## င။ သုတေသနတွင်ပါဝင်သည့်သူများ/ ကွင်းဆင်းလေ့လာမှု

ဤလေ့လာချက်ကို နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ပြုလုပ်ခဲ့ပါသည်။ နေပြည်တော်သည် ပြည်ထောင်စုအဆင့် အုပ်ချုပ်မှုဗဟိုဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးဌာနများ၏ စုဝေးရာဖြစ်နေချိန်တွင် ရန်ကုန်သည် များစွာသော ပြည်တွင်းနှင့် နိုင်ငံတကာ လူမှုဝန်ဆောင်မှု အဖွဲ့အစည်းများသာမက ဖွံ့ဖြိုးရေးမိတ်ဖက်များ၏ စုဝေးရာ ဖြစ်ပါသည်။ ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုကို တုံ့ပြန်မှုနှင့် ရရှိနိုင်သော ဝန်ဆောင်မှုများအကြောင်း ပိုမိုကောင်းမွန်စွာ နားလည်နိုင်ရန် အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီး လေးခုဖြစ်သော မန္တလေး၊ မွန်၊ စစ်ကိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့ကို ထဲထဲဝင်ဝင် သွားရောက်လေ့လာရန် ရွေးချယ်ခဲ့ပါသည်။ သတင်းပို့တိုင်ကြားသော ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှု ဖြစ်ပွားနှုန်း မြင့်မားသောကြောင့် ၎င်းဒေသများကို ရွေးချယ်ခဲ့ခြင်း ဖြစ်သော်လည်း အစိုးရနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအကြား တုံ့ပြန်မှုအဆင့်များမှာ ကွာခြားနေပါသည်။ မန္တလေးနှင့် စစ်ကိုင်းတို့မှာ ဝန်ဆောင်မှုများစွာ ရရှိနိုင်သောကြောင့် ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး၊ စစ်ကိုင်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့မှာ ဝန်ဆောင်မှုနည်းပါးခြင်း သို့မဟုတ် မရရှိနိုင်ခြင်းကြောင့်ဖြစ်ပါသည်။ အချိန်ကန့်သတ်ချက်ကြောင့် အခြား ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ သွားရောက်နိုင်ခြင်း မရှိခဲ့ပါ။

### *၂.၂.၅။ သုတေသနကျင့်ဝတ်ပိုင်းဆိုင်ရာစဉ်းစားမှုယူရာများ*

တုံ့ပြန်ဖြေကြားပေးသူများအတွက် မည်သည့်ထိခိုက်မှုမျိုးမှ မရှိစေရန်အတွက် အကာအကွယ်ပေးနိုင်ရန်ကို အသေအချာဂရုပြုပြီး ဆောင်ရွက်ခဲ့ပါသည်။ သုတေသနအဖွဲ့ဝင်များသည် အောက်ပါတို့ကို အသုံးပြု၍ စာနာသိတတ်သော တွေ့ဆုံမေးမြန်းမှု နည်းလမ်းများကို အသုံးပြုရန် သင်တန်းပေးထားခဲ့ပါသည် - "ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) - အရေးပေါ်အခြေအနေတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းကို သုတေသနပြုခြင်း၊ မှတ်တမ်းတင်ပြုစုခြင်းနှင့် လေ့လာကြည့်ရှုခြင်းအတွက် ကျင့်ဝတ်နှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ အကြံပြုချက်များ (၂၀၀၇) နှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကျူးလွန်မှုအပေါ် သုတေသနပြုရာတွင် လိုက်နာရန် ကျင့်ဝတ်နှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ အကြံပြုချက်များ (၂၀၁၂)[၉]"

လေ့လာချက်တစ်ခုလုံးတွင် အောက်ပါအချက်များကို သေချာစေရန် သုတေသနအဖွဲ့မှ သတိကြီးကြီးထား၍ အားထုတ်ကြိုးပမ်းခဲ့ကြပါသည်။

၁။ ပါဝင်သူအားလုံးကို အသိပေးခြင်းနှင့် ပါဝင်သူအားလုံးမှ ဆန္ဒအလျောက် သဘောတူညီချက်ပေးခြင်းကို သေချာစေခြင်း

၂။ ပါဝင်သူများအား ထိခိုက်မှုများ မဖြစ်စေရန် လမ်းညွှန်ချက်များကို လိုက်နာခြင်း

[၉] Jewkes R, Dartnall E and Sikweyiya Y., ၂၀၁၂

၃။ သုတေသနကို ကျား၊ မ ရေးရာ ထိရှလွယ်မှုကို သိရှိဂရုပြုစွာ လုပ်ဆောင်သည်မှာ သေချာစေခြင်းနှင့်

၄။ သုသေသနတွင် ပါဝင်သော အဖွဲ့ဝင်များ၏ ဘေးကင်း လုံခြုံမှုကို သေချာစေခြင်း။

ဘေးကင်းလုံခြုံမှုနှင့် လျှို့ဝှက်ထိန်းသိမ်းပေးထားမှုကို သေချာစေရန်အတွက် ဆက်လက်ရှင်သန်နေသူများ၏ အမည် သို့မဟုတ် သက်သေခံအမှတ်အသားများကို တောင်းယူခြင်း မပြုဘဲ ခွဲခြမ်းစိတ်ဖြာရန် ရည်ရွယ်ချက်ဖြင့်သာ ပါဝင်သူများကို သင်္ကေတ အမှတ်အသားများ ပြုလုပ်ခဲ့ပါသည်။

### ၂.၂.၆။ အချက်အလက်များကိုခွဲခြမ်းစိတ်ဖြာခြင်းလုပ်ငန်းစဉ်

ဤလေ့လာချက်၏ သဘောသဘာဝအရ အဓိက အချက်အလက်အရင်းအမြစ်အဖြစ် အရည်အသွေးဦးစားပေး အချက်အလက်များကို အသုံးပြုပါသည်။ ကွင်းဆင်း ဆောင်ရွက်ထားသော တွေ့ဆုံမေးမြန်းခြင်းများအားလုံးကို လျှို့ဝှက်ထိန်းသိမ်းပေးထားမှုအတွက် သင်္ကေတ အမှတ်အသားများ ပြုလုပ်ထားခဲ့ပြီး ခွဲခြမ်းစိတ်ဖြာရန်အတွက် တွေ့ဆုံမေးမြန်းခြင်း မှတ်တမ်းများနှင့် အကျဉ်းချုပ်များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့ပါသည်။ ဤလေ့လာချက်သည် သဘောသဘာဝအားဖြင့် စူးစမ်းလေ့လာဖော်ထုတ်ခြင်းဖြစ်ပြီး ဆက်လက်ရှင်သန်နေသူများအတွက် ဝန်ဆောင်မှုများ၏ အရည်အသွေးနှင့် လက်လှမ်းမီနိုင်မှုကို အလေးပေးထား ခဲ့ပါသည်။ ထို့ကြောင့် အသေးစိတ်တွေ့ဆုံမေးမြန်းခြင်း (in-depth interview) များမှ ရရှိလာသော ရလဒ်များကို ခွဲခြမ်းစိတ်ဖြာရာတွင် အရည်အသွေးဦးစားပေးသော ခွဲခြမ်းစိတ်ဖြာမှုကို အဓိကအခြေခံထားခဲ့ပါသည်။ ဤ ခွဲခြမ်းစိတ်ဖြာမှု ဖြစ်စဉ်သည် သုတေသနအဖွဲ့ဝင်များအကြား ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြစ်ပြီး လက်ရှိတွင်ရှိနေသော ဝန်ဆောင်မှုများ၏ လစ်ဟာချက်များကို သတ်မှတ် ဖော်ထုတ်ခြင်းအားဖြင့် အရည်အသွေးဦးစားပေး အချက်အလက်များမှ ပေါ်ထွက်လာသော အဓိက အကြောင်းအချက်များကို ဆက်လက်ရှင်သန်နေသူများ၏ လိုအပ်ချက်များ၊ ရရှိနိုင်သော ဝန်ဆောင်မှုများနှင့် တိုက်ဆိုင် စစ်ဆေး၍ ခွဲခြမ်းစိတ်ဖြာခဲ့ပါသည်။ အချက်အလက်များကို နောက်ဆုံးအဆင့် ခွဲခြမ်းစိတ်ဖြာရာတွင် အရည်အသွေးဦးစားပေး အချက်အလက်များနှင့် အရေအတွက် ဦးစားပေး အချက်အလက်များကို နှိုင်းယှဉ်ရုံသာမက အပြန်အလှန်လည်း ရည်ညွှန်းထားခဲ့ပါသည်။ ထို့နောက် ခွဲခြမ်းစိတ်ဖြာရာမှတွေ့ရှိချက်များကို လက်ရှိတွင် ရှိနေသော စာပေရေးသားချက်များ၊ လေ့လာချက်များ၊ သုတေသနများနှင့် ပြန်လည်တိုက်ဆိုင် စစ်ဆေးခဲ့ခြင်းအားဖြင့် ၎င်းတွေ့ရှိချက်များသည် လက်ရှိတွင် ရှိနေသော အသိပညာအပေါ် ထပ်တိုးတည်ဆောက်နိုင်မှုရှိ၊ မရှိ သေချာစေရန် ဆောင်ရွက်ခဲ့ပါသည်။

### ၂.၂.၇။ သုတေသန၏အချိန်ကာလနှင့်ကွင်းဆင်းလုပ်ဆောင်မှု

ဤသုတေသနကို နိုဝင်ဘာလ (၂၀၁၆) မှ မေလ (၂၀၁၇) အထိ (၇) လအကြာ ပြုလုပ်ခဲ့ပါသည်။

### ၂.၂.၈။ သုတေသနပြုလုပ်ရာတွင်အသုံးပြုသော နည်းလမ်းများ၏အကန့်အသတ်များ

**စာပေရေးသားချက် အကန့်အသတ်** - ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုကို တွေ့ကြုံခံစားခဲ့ရပြီး ဆက်လက်ရှင်သန် နေသူများအတွက် ပံ့ပိုးပေးသည့် ဝန်ဆောင်မှုများနှင့် ဆက်စပ် သည့် သုတေသန သို့မဟုတ် လေ့လာသုံးသပ်မှုများသည် အကန့်အသတ်ဖြင့် ရှိနေခဲ့ပါသည်။ ဆက်လက်ရှင်သန် နေသူများအတွက် ဝန်ဆောင်မှုများ၏ အရည်အသွေးနှင့် လက်လှမ်းမီနိုင်မှုကို အကဲဖြတ်ထားသော ယခင်တိုင်းတာချက် များ မရှိခြင်းကြောင့် ဤလေ့လာချက်မှ ထွက်ပေါ်လာသော ရလဒ်များသည် လေ့လာရန်လိုအပ်သော အကြောင်းကိစ္စ အားလုံးကို လွှမ်းခြုံနိုင်မှုရှိ၊ မရှိကို အကဲဖြတ်ရန်အတွက် အခက်အခဲဖြစ်စေခဲ့ပါသည်။

**နေရာဒေသလွှမ်းခြုံနိုင်မှု** - ဤလေ့လာချက်တွင် အချိန်ကာလ ကန့်သတ်ချက်ရှိသည့်အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံးကို တိုက်ရိုက် စုံစမ်းစစ်ဆေးနိုင်မှု မပြုလုပ်နိုင်ခဲ့ပါ။ အချိန်တိုအတွင်းတွင် ပြည်နယ်/ တိုင်းဒေသကြီး ငါးခုသို့ သွားရောက်လေ့လာခဲ့ခြင်းကြောင့် ဤလေ့လာချက်တွင် ပါဝင်သော ဝန်ဆောင်မှုပေးသူတိုင်းကို တိုက်ရိုက်ချိတ်ဆက်ပြီး နောက်ဆက်တွဲလုပ်ဆောင်မှုများ ပြုလုပ်ရန်အတွက် အချိန်မလုံလောက်ခဲ့ပါ။

**အရေးအတွက်ဦးစားပေး အချက်အလက်များ အကန့်အသတ်** - အရေအတွက်ဦးစားပေး အချက်အလက်အချို့ကို စုဆောင်းခဲ့သော်လည်း၊ ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက်၏ အဖွဲ့ဝင်များအား ဖုန်းဖြင့် စစ်တမ်းကောက်ယူခြင်းမှ လွဲ၍ မြန်မာနိုင်ငံအနှံ့ရှိ ပြည်နယ်/တိုင်းဒေသကြီးအားလုံး၌ ရရှိနိုင်သော ဝန်ဆောင်မှုများကို ဖော်ထုတ်သတ်မှတ်ရန် အကန့်အသတ်များရှိနေပါသည်။ မည်သို့ပင်ဖြစ်စေကာမူ တယ်လီဖုန်းစစ်တမ်း သို့မဟုတ် နှင်းဘောလုံးနည်းလမ်း (Snowball Sampling) မှတဆင့် ဖော်ထုတ်သတ်မှတ်ခြင်း မပြုနိုင်ခဲ့သော သို့မဟုတ် လက်လှမ်းမမီနိုင်ခဲ့သော အဖွဲ့အစည်း/ကိုယ်စားပြုသူများ၊ အထူးသဖြင့် ယုံကြည်မှုကို အခြေခံသည့် အဖွဲ့အစည်းများ၊ ရှိနေနိုင်သောကြောင့် ၎င်းအရေအတွက်ဦးစားပေး အချက်အလက်များသည် ရရှိနိုင်သော ဝန်ဆောင်မှုများအားလုံးကို အပြည့်အဝ မလွှမ်းခြုံနိုင်ခဲ့ပါ။

**ဝန်ဆောင်မှုတစ်ခုစီအတွက် အရည်အသွေးစစ်ဆေးမှု အကန့်အသတ်** - ဤလေ့လာချက်သည် ဆက်လက်ရှင်သန်နေသူများအတွက် ဝန်ဆောင်မှုများကို ဖော်ပြရန်ရည်ရွယ်ပြီး မြန်မာနိုင်ငံရှိ ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုနှင့် ပတ်သက်သော ဝန်ဆောင်မှုများ၏ အရည်အသွေးကို စုံစမ်းခြင်း သို့မဟုတ် ဆန်းစစ်ခြင်းကို အလေးပေးမှုမှာ ကန့်သတ်ထားသည့်အပြင် ၎င်းဝန်ဆောင်မှုများ၏ အရည်အသွေးကို ခြုံငုံမြင်နိုင်ရန်အတွက် သက်သေအထောက်အထားများသည် အကန့်အသတ်နှင့်သာ ရရှိခဲ့ပါသည်။ မည်သို့ပင်ဖြစ်စေကာမူ ဝန်ဆောင်မှုများ ပေးအပ်ရာတွင် ရှိနေသော လစ်ဟာချက်များကို ဖော်ထုတ်သတ်မှတ်ရာ၌ အထောက်အကူပြုရန်အတွက် တွေ့ဆုံမေးမြန်းခြင်းများအတွင်း စုဆောင်းရရှိခဲ့သော အရည်အသွေးဦးစားပေး အချက်အလက်များကို အခြေခံ၍ ခွဲခြမ်းစိတ်ဖြာခြင်းကို ဆောင်ရွက်ခဲ့ပါသည်။

**အမျိုးသမီးများအကြားရှိ ကွဲပြားခြားနားမှုများကို အာရုံစိုက်မှု အကန့်အသတ်** - ဤလေ့လာချက်၏ အာရုံစိုက်မှုသည် လူမှုအဖွဲ့အစည်းမှ အလွန်အမင်း ဖယ်ကျဉ်ခံထားသူများ မဟုတ်သော ဆက်လက်ရှင်သန်နေသူများ၏ လိုအပ်ချက်များကို အဓိကအထူးပြုထားခဲ့ပါသည်။ ထို့ကြောင့် ဤလေ့လာချက်သည် လိင်တူချစ်မြတ်နိုးသည့် အမျိုးသမီးများ၊ ပြည်တွင်းရှိ ရွှေ့ပြောင်းနေထိုင်ရသည့် အမျိုးသမီးများ၊ များစွာသော တိုင်းရင်းသားအုပ်စုများမှ အမျိုးသမီးများ၊ သို့မဟုတ် မသန်စွမ်းအမျိုးသမီးများစသော အထူးပြုအုပ်စုတွင် ပါဝင်သည့် အမျိုးသမီးများ၏ ကွဲပြားခြားနားသော လိုအပ်ချက်များကို ဖော်ထုတ်ပြသရာတွင် အကန့်အသတ် ရှိနေခဲ့ပါသည်။

**ယုံကြည်မှုကို အခြေခံသည့် အဖွဲ့အစည်းများနှင့် တိုက်ရိုက်ဆက်သွယ်မှု မရှိခြင်း** - ဤလေ့လာချက်တွင် ယုံကြည်မှုကို အခြေခံသည့် အဖွဲ့အစည်းများ (ဆက်လက်ရှင်သန်နေသူများကို ဝန်ဆောင်မှုများ ပေးအပ်လေ့ရှိသည့် ဘုန်းကြီးကျောင်းများ အပါအဝင်)နှင့်ပတ်သက်၍ ဝေခွဲရခက်သော သတင်းအချက်အလက်များ ရရှိသော်လည်း ထိုအချက်အလက်များသည် "စနစ်ကျမှု" ရှိသည်ဟု မသတ်မှတ်နိုင်ခဲ့သောကြောင့် နောက်ဆက်တွဲ လုပ်ဆောင်ချက်များ မပြုလုပ်နိုင်ခဲ့ပါ။

## ၃။ မြန်မာနိုင်ငံရှိ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှု

မြန်မာနိုင်ငံတွင် ကျား၊ မ ရေးရာ တန်းတူညီမျှမှု မရှိခြင်းနှင့် ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုနှင့် ဆက်နွယ်သည့် သရုပ်သကန်ကို ဖော်ပြထားသည့် ပြည်တွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းအချို့၏ သုတေသနလေ့လာချက်များ ရှိပါသည်။ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုသည် မြန်မာနိုင်ငံ အနှံ့အပြားတွင် ပျံ့နှံ့နေကြောင်းကို ၎င်းသုတေသန လေ့လာချက်တို့မှ မီးမောင်းထိုးဖော်ပြထားပါသည်။ အမျိုးသားကြီးစိုးသော လူမှုပုံစံသည် အမျိုးသားများအတွက် ပိုမိုလွတ်လပ်မှုကို ခံစားစေပြီး၊ ၎င်းက ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှု ကျူးလွန်မှုကို လက်သင့်ခံနေစေပါသည်။ လူထုအတွင်းတွင် ဤကဲ့သို့သော ထင်မြင်ယူဆချက်မျိုး ပျံ့နှံ့နေခြင်းသည် အမျိုးသားများမှ ကျူးလွန်သော ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုများကို လက်ခံနေသည့် အမျိုးသားကြီးစိုးသော စံသတ်မှတ်ချက်ကို ဖော်ပြနေပါသည်။ ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုကို လက်သင့်ခံနိုင်မှုသည် မြန်မာ့လူမှုအသိုင်းအဝိုင်းတွင် အမျိုးသားများ ကြီးစိုးထားသော အခန်းကဏ္ဍနှင့် ဆက်နွယ်နေပါသည်။[၁၀] မတ်လ (၂၀၁၇) အထိ ရရှိသော ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှု၏ ပျံ့နှံ့မှုဆိုင်ရာ အချက်အလက်များ မရရှိနိုင်သော်လည်း၊ အရည်အသွေးဦးစားပေး သုတေသန အချို့မှ မြန်မာနိုင်ငံရှိ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုသည် အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များ၏ ဘဝများကို ထိခိုက်မှုရှိသော လူ့အခွင့်အရေးဆိုင်ရာအားဖြင့် အလေးအနက်ထားရမည့် စိုးရိမ်ပူပန်ဖွယ်ရာဖြစ်သည်ဟူသော ရှုထောင့်အမြင်ကို ပေးလျက်ရှိပါသည်။[၁၁] သို့ရာတွင် အမျိုးသမီးများသည် "အိမ်တွင်းအကြမ်းဖက်မှုများကို အသေးစိတ် ဆွေးနွေးရန် ဆန္ဒမရှိ"[၁၂] သောကြောင့် ထိုနေရာတွင် ကြီးမားသော အသိပညာ လစ်ဟာချက်ရှိနေပါသည်။

> “
> *ကျွန်မယောကျ်ားက ‘ငါ့မိန်းမကို ငါလုပ်ချင်တာ လုပ်လို့ရတယ်၊ ခင်ဗျားတို့ အလုပ်မဟုတ်ဘူး’ လို့ ကျွန်မ မိဘတွေကို အော်တယ်* ”
>
> ဆက်လက်ရှင်သန်နေသူတစ်ဦး
> (အသက် ၃၄နှစ်)

ဆယ်စုနှစ်ငါးခုကျော်ကြာအောင် ကာလကြာရှည်စွာ ဖြစ်ပွားနေသော ပြည်တွင်းစစ်၏ အမွေနှင့် နောက်ဆက်တွဲ ဆိုးကျိုးများသည် မြန်မာနိုင်ငံတွင် အမျိုးသားကြီးစိုးသော ယဉ်ကျေးမှု၊ အကြောက်တရားနှင့် အကြမ်းဖက်မှုများကို မွေးဖွားပေးခဲ့ပြီး[၁၃] ၎င်းသည် ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှု သံသရာနှင့် အမျိုးသမီးများကို ဖိနှိပ်မှုတို့ကို ပိုမိုအားဖြည့်ပေးခဲ့ပါသည်။ ဆက်လက်ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများသည် အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များ၏ ဘေးကင်းလုံခြုံမှုနှင့် ဘဝရှင်သန်မှုတို့ကို ထိခိုက်မှုရှိနေဆဲဖြစ်ပြီး ပဋိပက္ခ ဖြစ်ပွားရာနေရာများတွင် ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုသည် ၎င်းတို့၏ နေ့စဉ်ဘဝနေထိုင်မှု၏ အစိတ်အပိုင်းတစ်ခု ဖြစ်နေပါသည်။[၁၄] လုံခြုံရေး အကြောင်းပြချက်ကြောင့် ၎င်းတို့၏နေအိမ်များမှ ပြောင်းရွှေ့ခံရသည့် အမျိုးသမီးများသည်လည်း လိင်ပိုင်းဆိုင်ရာနှင့် ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုတို့ကို

---

[၁၀] အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှု ဝန်ကြီးဌာန၊ ၂၀၁၂

[၁၁] သုံးဦးပါအဖွဲ့မှ လေ့လာချက် (၂၀၁၃) မှ "၎င်းတို့၏ ကျေးရွာတွင် အမျိုးသမီးများအပေါ် ကျူးလွန်သည့် အကြမ်းဖက်မှုများ ဘယ်လောက် မကြာခဏ တွေ့ရလေ့ရှိပါသလဲ" ဟူသည့် မေးခွန်းကို ၁၃၃၇ ယောက်သော ဖြေကြားသူ အမျိုးသမီးများကို မေးမြန်းမှတ်သားခဲ့ပါသည်။ ၂၀ ရာခိုင်နှုန်းက မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်း သို့မဟုတ် တခါတရံ ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းတွင် ဖြစ်ကြောင်း ညွှန်ပြခဲ့သည်။

[၁၂] ဥပမာအနေဖြင့် စမစ်၏လေ့လာချက်တစ်ခု (၂၀၀၆) တွင် အိမ်တွင်းအကြမ်းဖက်မှုကို ထင်ရှားစွာ ပုံဖော်ပြသရန် အတားအဆီးများစွာ ကြုံတွေ့ရကြောင်း အဘယ်ကြောင့်ဆိုသော် လူအများမှာ များသောအားဖြင့် ဤအကြောင်းကို မပြောလိုသောကြောင့် ဖြစ်သည်။

[၁၃] PWO၊ ၂၀၁၁

[၁၄] Ibid.

ပိုမိုတွေ့ကြုံခံစားရနိုင်ပြီး ၎င်းတို့သည် ဥပဒေနှင့် အခြား ထောက်ပံ့ဝန်ဆောင်မှုများကို လက်လှမ်းမမီနိုင်ဖြစ်နေပါသည်။[၁၅]

## ၃.၁။ မြန်မာနိုင်ငံရှိ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုအမျိုးအစားများ

### မြန်မာနိုင်ငံရှိ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုအမျိုးအစားများ[၁၆]

မြန်မာနိုင်ငံတွင် ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုသည် ပုံစံများစွာဖြင့် ဖြစ်ပေါ်နေပြီး ၎င်းတို့ကို အမျိုးမျိုးသော ကျူးလွန်သူများမှ ကျူးလွန်လျက်ရှိနေပါသည်။[၁၇]

**စာရင်းသေတ္တာ(၃)** **မြန်မာနိုင်ငံရှိကျား၊မရေးရာအခြေပြုအကြမ်းဖက်မှုအမျိုးအစားများ**

| အမျိုးအမည်များ | GEN ၏လေ့လာချက်မှ ဖော်ထုတ်သတ်မှတ်ထားသော ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုအမျိုးအစားများ |
|---|---|
| ရုပ်ပိုင်းဆိုင်ရာ | ▪ ထုရိုက်ခြင်း/ ပါးရိုက်ခြင်း<br>▪ လက်သီးဖြင့် ထိုးခြင်း/ ရိုက်နှက်ခြင်း<br>▪ ခြေထောက်ဖြင့်ကန်ခြင်း<br>▪ လည်ပင်းညှစ်ခြင်း/ အသက်ရှူမရအောင် ဖိထားခြင်း<br>▪ ဆံပင်ဆွဲခြင်း<br>▪ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်စေရန် လက်နက် သို့မဟုတ် အခြားအရာများကို အသုံးပြုခြင်း<br>▪ ကိုယ်ဝန်ဆောင်စဉ်အတွင်း ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း |
| စိတ်ပိုင်းဆိုင်ရာ | ▪ အရှက်ရစေခြင်း သို့မဟုတ် စော်ကားခြင်း (အခြားလူများ၏ ရှေ့တွင်အပါအဝင်)<br>▪ အော်ဟစ်ခြင်း<br>▪ ခန္ဓာကိုယ်ပိုင်းဆိုင်ရာဖြစ်စေ သို့မဟုတ် ငွေကြေးဆိုင်ရာဖြစ်စေ ထိခိုက်စေမည်ဟု ခြိမ်းခြောက်ခြင်း<br>▪ ဖိအားပေး၍ သက်တူရွယ်တူများ၊ သူငယ်ချင်းများ သို့မဟုတ် လူမှုအသိုင်းအဝိုင်းမှ သီးခြားခွဲထုတ်ထားခြင်း<br>▪ အပြုအမူများကို ထိန်းချုပ်ခြင်း<br>▪ အရာဝတ္ထုများ သို့မဟုတ် ပိုင်ဆိုင်မှုများကို ဖျက်ဆီးခြင်း |

[၁၅] GEN & Global Justice Center, ၂၀၁၆

[၁၆] ဤအပိုင်းသည် GEN ၏ မြန်မာနိုင်ငံရှိ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို အမျိုးအစားခွဲခြားသတ်မှတ်ရန် တွေ့ဆုံမေးမြန်းချက်များပေါ် အခြေခံသည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့်ပတ်သက်၍ ၂၀၁၅ ခုနှစ်က လေ့လာထားသော လေ့လာချက်တစ်ခုမှ ကောက်နုတ်ထားခြင်းဖြစ်သည်။

[၁၇] GEN၊ ၂၀၁၅-က

| | |
|---|---|
| | ▪ စွန့်ပစ်ခြင်း<br>▪ အိမ်မှမောင်းထုတ်ခြင်း<br>▪ လျစ်လျူရှုခြင်း |
| **လိင်ပိုင်းဆိုင်ရာ**[၁၈] | ▪ အိမ်ထောင်ဖက်အပေါ် အလိုမတူဘဲ လိင်ဆက်ဆံခြင်း<br>▪ လက်တွဲဖော် မဟုတ်သူမှ အဓမ္မကျင့်ခြင်း<br>▪ အုပ်စုလိုက် အဓမ္မကျင့်ခြင်း<br>▪ မလိုလားသော လိင်ပိုင်းဆိုင်ရာ ထိတွေ့ကိုင်တွယ်ခြင်း<br>▪ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု |
| **စီးပွားရေးဆိုင်ရာ** | ▪ ပိုက်ဆံမလုံလောက်မှုန်း သိသော်လည်း မိသားစု အသုံးစားရိတ်ကို ပံ့ပိုးပေးရန် ခင်ပွန်းမှ ငြင်းပယ်ခြင်း<br>▪ အစားအသောက်/ အခြေခံလိုအပ်ချက်များကို ငြင်းပယ်ခြင်း (အမျိုးသမီးနှင့် ကလေးငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှု အပါအဝင်)<br>▪ အလုပ်လုပ်ကိုင်မှုကို ထိန်းချုပ်ခြင်း<br>▪ ဇနီးထံမှ ခိုးယူခြင်း |
| **အန္တရာယ်ရှိသော အလေ့အထများ**[၁၉] | ▪ အဓမ္မကျူးလွန်ခံရသူကို ကျူးလွန်သူနှင့် အတင်းအကြပ် လက်ထပ်စေခြင်း<br>▪ ကျေးရွာတစ်ခုလုံး/ အသိုင်းအဝိုင်းတစ်ခုလုံး၏ ဂုဏ်သတင်းကို ပြန်လည်ရရှိနိုင်ရန် အဓမ္မကျူးလွန်ခံရသူ သို့မဟုတ် သူမ၏ မိသားစုကို ပွဲလမ်းတစ်ခု အတင်းအကြပ် စီစဉ်စေခြင်း<br>▪ အမျိုးသမီးများကို ပစ္စည်းဥစ္စာများ အမွေဆက်ခံခွင့်မပေးခြင်း |

အထက်ပါ အကြမ်းဖက်မှုများအပြင် ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုကို ကြောက်ရွံ့နေရခြင်း သို့မဟုတ် ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုမှ ခြိမ်းခြောက်ခံရခြင်းသည် အမျိုးသမီးများ၏ ကောင်းမွန်စွာ နေထိုင်နိုင်ခြင်း၊ လွတ်လပ်မှုနှင့် လှုပ်ရှားသွားလာမှုတို့ကို ထိခိုက်စေသောကြောင့် အလေးအနက်ထားရမည့် စိုးရိမ်ပူပန်ဖွယ်ရာများ ဖြစ်ပါသည်။ UNFPA လေ့လာချက် (၂၀၁၀) တွင် "ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုတွင် ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်/ခံစားရမှုများ ပါဝင်ပြီး ဤကဲ့သို့ ထိခိုက်မှုများမှ ခြိမ်းခြောက်ခံရမှုတို့လည်း ပါဝင်သည်" ဟု ဆိုပါသည်။ မည်သို့ပင်ဖြစ်စေ လက်ရှိတွင် ရှိနေသော သုတေသန/ လေ့လာချက်သည် အမှန်တကယ် ဖြစ်ပွားခဲ့သည့် ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုအပေါ် ပိုမို အာရုံစိုက်ထားပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ဘေးကင်းလုံခြုံရေးဆိုင်ရာကိစ္စများ သို့မဟုတ် တိုက်ခိုက်မှုကို ကြောက်ရွံ့နေရမှုများကိုမူ ကောင်းမွန်စွာ စုံစမ်းစစ်ဆေးခြင်းများ သို့မဟုတ် မှတ်တမ်းတင်ထားခြင်းများ မရှိသေးပါ။

[၁၈] GEN (၂၀၁၅-က) တွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို အမျိုးအစားတစ်ခုအဖြစ် ခွဲခြားသတ်မှတ်မထားပါ။ ထို့ကြောင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအမျိုးအစားကို GEN၏ ၂၀၁၅ လေ့လာချက်ထဲရှိ ကွဲပြားခြားနားသော အကြမ်းဖက်မှုအမျိုးအစားများမှ ခွဲခြားထုတ်ယူ၍ ဤနေရာတွင် ရေးသားထားပါသည်။

[၁၉] မြန်မာနိုင်ငံတွင် အန္တရာယ်ရှိသော အလေ့အထများနှင့်ပတ်သက်၍ ပြည့်စုံသော လေ့လာချက်များမရှိပါ။ သက်ဆိုင်ရာအကြောင်းအရာများကို ဆက်လက်သုတေသနပြုနိုင်လျှင် ဤအမျိုးအစားများထက် ပိုမိုများပြားသော ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုကို တွေ့ရှိနိုင်ပါသည်။

### ၃.၁.၁။ အိမ်တွင်းအကြမ်းဖက်မှု

အိမ်တွင်းအကြမ်းဖက်မှုနှင့် ပတ်သက်၍ နိုင်ငံအနှံ့ ပျံ့နှံ့နှုန်းဆိုင်ရာ အချက်အလက်များ မရှိသော်လည်း အိမ်တွင်းအကြမ်းဖက်မှုသည် အမျိုးသမီးများ၏ အခြေခံအခွင့်အရေးများကို ချိုးဖောက်နေသည့်အပြင်၊ အမျိုးသမီးများ၏ ကောင်းမွန်စွာနေထိုင်နိုင်ခြင်းကိုလည်း ထိခိုက်လျက်ရှိသော အလေးအနက်ထားရမည့် ပြဿနာ တစ်ရပ်ဖြစ်ကြောင်းကို အချို့သော လေ့လာချက်များတွင် မှတ်တမ်းတင်ထားခဲ့ပါသည်။ ဥပမာအားဖြင့် ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက်၏ လေ့လာချက် (၂၀၁၅-က) တွင် ပါဝင်ဖြေဆိုသူ အမျိုးသမီးများသည် ရုပ်ပိုင်းဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများစသော အကြမ်းဖက်မှုပုံစံများကို တစ်မျိုးထက်ပို၍ တွေ့ကြုံခံစားခဲ့ရကြောင်း တွေ့ရှိခဲ့ရပါသည်။

*"ကျွန်မ ယောကျ်ားက အကြမ်းဖက်တာကို မရပ်ဘူးတော့ ကျွန်မကလေးတွေပါ ထိခိုက် ခံစားနေရတယ်၊ ဒီတော့ ကျွန်မ အမျိုးသမီးရေးရာကို သွားပြီး အကူအညီတောင်း ခဲ့တယ်။ အစပိုင်းမှာတော့ ကျွန်မတို့မှာ ကလေးတွေရှိနေတော့ အချင်းချင်းညှိနှိုင်းဖို့ပဲ သူတို့က အကြံပေးတယ်။"*

အင်္ဂလိပ်ဆရာမ (အသက် ၃၄ နှစ်)

အမျိုးသမီးအဖွဲ့များကွန်ရက် မြန်မာ (WON) ၏ လေ့လာချက် (၂၀၁၆) တွင်လည်း အိမ်တွင်းအကြမ်းဖက်မှုသည် ခင်ပွန်းမှ ကျူးလွန်သည်သာမက ခင်ပွန်းသည်ဘက်မှ ဆွေမျိုးသားချင်း များနှင့် မိသားစုဝင်များကပါ ကျူးလွန်ကြောင်း တွေ့ရှိခဲ့ရပါ သည်။ ထို့ပြင် ပလောင်အမျိုးသမီးများအဖွဲ့အစည်း (PWO) ၏ လေ့လာချက် (၂၀၁၁) အရ ပါဝင်ဖြေဆိုသူများ၏ (၉၀) ရာခိုင်နှုန်းသည် ၎င်းတို့၏ အသိုင်းအဝိုင်းထဲရှိ မိသားစုများတွင် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ကိုယ်တိုင်တွေ့ကြုံ ခံစားဖူးသူ သို့မဟုတ် မြင်တွေ့ဖူးသူများဖြစ်ပြီး၊ (၆၂) ရာခိုင်နှုန်းသည် မိသားစု အတွင်းတွင် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို နေ့စဉ်လိုလို တွေ့ကြုံခံစားရဖူး သို့မဟုတ် မြင်တွေ့ရဖူးပါသည်ဟု ပြောကြားခဲ့ပါသည်။

ပလောင်အမျိုးသမီးများအဖွဲ့အစည်း၏ လေ့လာမှုသည် တိုင်းရင်းသား အုပ်စုတစ်စုကိုသာ အထူးပြုလေ့လာ ထားသော ကြောင့် ခြုံငုံ၍ ကောက်ချက်ချခြင်း မပြုနိုင်ပါ။ သို့သော် မြန်မာနိုင်ငံရှိ အခြားတိုင်းရင်းသား အုပ်စုများတွင်လည်း ထိုလေ့လာချက်သည် သက်ဆိုင်မှု သို့မဟုတ် အလားတူရှိမှု ရှိနိုင်ပါသည်။ ပလောင်အမျိုးသမီးများအဖွဲ့အစည်း၏ လေ့လာချက်အရ ဥပဒေရေးရာ အကာအကွယ်မရှိခြင်း၊ အမျိုးသမီး အခွင့်အရေးနှင့်ပတ်သက်ပြီး အစိုးရ၏ အသိပညာရေးမြှင့်တင်မှု လိုအပ်နေခြင်း၊ စီးပွားရေး အကျပ်အတည်းများနှင့် အလုပ်လက်မဲ့ဖြစ်ခြင်းစသော အချက်အလက်များစွာသည် ပလောင်အသိုင်းအဝိုင်းရှိ အိမ်တွင်းအကြမ်းဖက်မှုနှင့် ကျား၊ မ ရေးရာ ခွဲခြားဆက်ဆံမှု တို့ကို ဖြစ်စေရန် တွန်းအားပေးကြောင်း ကောက်ချက်ချထား ခဲ့ပါသည်။

### ၃.၁.၂။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု

ဤလေ့လာချက်တွင် အရွယ်မရောက်သူများအပေါ် ကျူးလွန်သည့် မုဒိမ်းမှုများ အပါအဝင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ဖြစ်ရပ်များစွာ ပါဝင်ပါသည်။ အများအားဖြင့် ကျူးလွန်သူများမှာ ဆက်လက်ရှင်သန်နေသူများနှင့် သိကျွမ်းသူများ ဖြစ်ကြပြီး ၎င်းတို့သည် အင်အားနှင့် ဩဇာအာဏာတို့ကို တလွဲအသုံးပြု၍ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်သူများ ဖြစ်ကြသည်။ မြန်မာနိုင်ငံတွင် အိမ်ထောင်ဖက်အပေါ် အလိုမတူဘဲ လိင်ဆက်ဆံခြင်းကို ပြစ်မှုဆိုင်ရာဥပဒေဖြင့် အသိအမှတ်ပြုမထားသော်လည်း ဤလေ့လာချက်အတွင်း ကျွန်ုပ်တို့တွေ့ဆုံခဲ့သော

*"(အစမ္မကျင့်ခံရပြီးနောက်) အိမ်သာသွားတာ ဘာလို့ အရမ်းကြာတာလဲလို့ အမေကမေးတော့ ကျွန်မ အမေ့ကို ပြောပြခဲ့တယ်။ အဲတော့ အမေက လယ်ပိုင်ရှင်ကို နှိုးပြီး အဲဒီအကြောင်းပြောပြတယ်။ သူက ဒီအကြောင်းကို မတိုင်ဖို့ အမေ့ကို တောင်းပန်တယ်။ အဲဒါနဲ့ ရှက်စရာလည်းကောင်း တယ်၊ ကျွန်မအတွက်လည်း အရှက်ရစေတယ်ဆိုပြီး ရဲကိုမတိုင်တော့ဖို့ အမေက ဆုံးဖြတ်လိုက်တယ်။"*

မုဒိမ်းမှု မှ ဆက်လက်ရှင်သန်နေသူ (အသက် ၁၃ နှစ်)

ဆက်လက်ရှင်သန်နေသူများသည် ၎င်းတို့၏ ခင်ပွန်း သို့မဟုတ် ရင်းနှီးသောလက်တွဲဖော်မှ ၎င်းတို့ကို ကြိမ်ဖန်များစွာ အဓမ္မပြုကျင့်ခဲ့သည်ဟု တင်ပြခဲ့ပါသည်။ ဤဖြစ်ရပ်များ၏ အတိုင်းအတာပမာဏကို ဖော်ပြနိုင်သော စာရင်းဇယားများ မရှိသော်လည်း အရွယ်မရောက်သူများအပေါ် မုဒိမ်းမှု ကျူးလွန်ခြင်းသည် အလေးအနက်ထားရမည့် စိုးရိမ်ဖွယ်ရာ ကိစ္စရပ် ဖြစ်ကြောင်းကို အစိုးရအရာရှိများ၊ ရှေ့နေများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အဖွဲ့ဝင်များအားလုံးမှ အတည်ပြုပေးခဲ့ပါသည်။

### ၃.၁.၃။ နိုင်ငံတော်ရှိအခြေအနေများကြောင့် ဖြစ်ပွားသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု

*"တစ်ရက်က ကျွန်တော်နဲ့ ကျွန်တော့်သူငယ်ချင်းတွေ ဘုရားပွဲကို သွားခဲ့တုန်းက လူတစ်ယောက်က ကျွန်တော် အိမ်သာထဲမှာရှိနေတုန်း ကျွန်တော့်ကို လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခဲ့တယ်။ ကျွန်တော်က အော်တော့ သူငယ်ချင်းတွေ ရောက်လာပြီး ကျွန်တော့်ကိုကူညီ ခဲ့ကြတယ်။ တချိန်တည်းမှာပဲ ရဲတွေ ရောက်လာပြီး ကျွန်တော့်ကိုရော အကြမ်းဖက်တဲ့သူကိုရော ကျွန်တော်နဲ့အတူလာတဲ့ ကျွန်တော့်သူငယ်ချင်း (အမျိုးသားချင်း လိင်တူဆက်ဆံသူ) တွေကိုရော ဖမ်းလိုက်တယ်။ ရဲစခန်းရောက်တော့ ကျွန်တော့်ကို အကြမ်းဖက်တဲ့သူကိုတော့ လွှတ်ပေးလိုက်တယ်။ ဒါပေမယ့် ကျွန်တော်တို့ကတော့ ရဲတွေရဲ့ အကြမ်းဖက်မှုကို ထပ်ပြီးခံခဲ့ရတယ်။ ကျွန်တော်တို့ကို အတင်း ကိုယ်လုံးတီး ချွတ်ခိုင်းခဲ့တယ်။ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ရဲ့ ရင်သားလည်း အကိုက်ခံခဲ့ရတယ်။ သူက သူ့ရင်သားတွေ ကြီးလာအောင် ဆေးတွေသောက်နေတာလေ။ ဒါကြောင့် ရဲတွေက ဆိုးရွားတဲ့ အပြုအမူနဲ့သူ့ကို အရှက်ခွဲကြတာ။ ကျွန်တော်တို့ မနက်မိုးလင်းတဲ့အထိ ရဲစခန်းမှာ နေခဲ့ရပြီးမှ ရဲတွေက ပြန်လွှတ်ပေးတာ။"*

မိတ်ကပ်ပြင်ဆင်သူ၊ အမျိုးသားချင်း လိင်တူဆက်ဆံသူ (အသက် ၂၄ နှစ်)

မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးဆွေးနွေးခြင်းဖြစ်စဉ်များသည် ဆောင်ရွက်နေရဆဲဖြစ်ပြီး ပဋိပက္ခဖြစ်ပွားရာ ဒေသများရှိ ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုနှုန်းထားမှာ မြင့်တက် ပျံ့နှံ့လျက်ရှိသည်ဟု အစီရင်ခံခဲ့ပြီးဖြစ်ပါသည်။[၂၀] အမျိုးသမီး အရပ်ဘက်လူမှုအဖွဲ့အစည်းတစ်ခုဖြစ်သော အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) (WLB) သည် တိုင်းရင်းသားဒေသများ တွင် နိုင်ငံတော်ရှိ အခြေအနေများကြောင့် ဖြစ်ပွားနေဆဲဖြစ်သည့် ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုကို အာရုံစိုက်လေ့လာခဲ့ပြီး ၎င်းအကြောင်းအရာနှင့် ပတ်သက်သော အစီရင်ခံစာသုံးခု ထုတ်ဝေခဲ့ပါသည်။[၂၁] ၎င်းသုတေသန လေ့လာချက်များအရ ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှု အများအပြားကို စစ်တပ်တပ်ဖွဲ့ဝင်များမှ ကျူးလွန်ခဲ့ကြောင်း မှတ်သားဖော်ပြခဲ့သည်။ ပဋိပက္ခဖြစ်ပွားရာ ဒေသများရှိ ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုများသည် အလျဉ်းသင့်သလို ဖြစ်ပွားနေခြင်း မဟုတ်ဘဲ ၎င်းကို စနစ်တကျဖြင့် ကျယ်ပြန့်စွာ အသုံးပြုနေခြင်းဖြစ်သည်ဟု ၎င်းတို့မှ တင်ပြခဲ့ပါသည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (SPDC) ထိန်းချုပ်သည့် နေရာဒေသများ၌ပင် ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုများကို ကျူးလွန်ကြသော်လည်း ပြစ်ဒဏ်ကျခံရခြင်း မရှိကြဟု အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ မှတ်တမ်းတင်ထားသည်။[၂၂]

ထို့အပြင် နိုင်ငံတော်ရှိ အခြေအနေများကြောင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ရန် လိင်အလုပ်သမားများမှာ ပစ်မှတ်ထား ခံနေရသည့် ဖြစ်ရပ်များကို ဤလေ့လာချက်တွင် မှတ်တမ်းတင်ဖော်ပြထားသည်။ "ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုကို ခံစားရနိုင်မှု အများဆုံးသောလူထုမှာ လိင်အလုပ်သမားများ ဖြစ်ပါတယ်။ သူတို့ရဲ့ အလုပ်အကိုင်ကို တရားမဝင်လို့ သတ်မှတ်ထားတဲ့အတွက် သူတို့အတွက် အကူအညီနဲ့ တရားမျှတမှုကို ရှာဖို့နေရာ မရှိတော့ဘူး။" ဟု အရပ်ဘက် လူမှုအဖွဲ့အစည်းတစ်ခု၏ ဝန်ထမ်းတစ်ဦးမှ တင်ပြပါသည်။ ၎င်းတို့ တွေ့ကြုံရသည့် အကြမ်းဖက်မှုများတွင် နှုတ်အားဖြင့် အကြမ်းဖက်ခြင်း (ခွဲခြားဆက်ဆံသည့် အခေါ်အဝေါ်များ အသုံးပြုခြင်း)၊ ရုပ်ပိုင်းဆိုင်ရာ

[၂၀] ပဋိပက္ခဒဏ်ခံခဲ့ရသော သို့မဟုတ် ခံနေရဆဲဒေသများတွင် ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှု များပျံ့နှံ့မှု မြင့်တက်လျက်ရှိကြောင်း တင်ပြခဲ့သည်။ UNFPA (၂၀၁၄) တွင်ကြည့်ပါ။

[၂၁] WLB၊ ၂၀၁၃

[၂၂] WLB၊ ၂၀၀၈

အကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတို့ ပါဝင်ပါသည်။ အသက် (၄၁) အရွယ်ရှိ လိင်အလုပ်သမားတစ်ဦးက "ကျွန်မအပေါ် ကျူးလွန်တဲ့ အကြမ်းဖက်မှု အများစုက ရဲတွေဆီက ဖြစ်ပါတယ်။ ဖောက်သည်တွေ မဟုတ်ပါဘူး။ ရဲတွေက ဘာမှမပေးဘဲ သူတို့နဲ့အတင်းအကြပ် လိင်ဆက်ဆံခိုင်းတယ်၊ ပြီးတော့ ကျွန်မကိုလည်း ရိုက်တယ်။" ဟုတင်ပြပါသည်။ လိင်အလုပ်သမားများသည် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားမှတ်ပုံတင်ကဒ် ကိုင်ဆောင်ထားခြင်း မပြုကြပါ။ ထိုအချက်သည် ၎င်းတို့အပေါ် နိုင်ငံတော်၏ မူဝါဒ သို့မဟုတ် ဥပဒေများကြောင့် အကြမ်းဖက်ခံရနိုင်မှုကို မြင့်တက်စေပါသည်။[၂၇]

*"တစ်ချိန်က ရှမ်းပြည်နယ်၊ လားရှိုးမြို့က လမ်းပေါ်မှာ ကျွန်မ မတ်တပ်ရပ်နေတုန်း ရဲတစ်ယောက်က သူနဲ့ လိင်ဆက်ဆံဖို့ တောင်းဆိုလာပါတော့ ကျွန်မ ငြင်းလိုက်တယ်။ အဲဒီနောက် သူက ကျွန်မ ဘာအကြောင်းပြချက်မှ မပေးဘဲ အကျဉ်းချထား လိုက်တယ်။ ကျွန်မ လားရှိုးထောင်ထဲမှာ တစ်နှစ် အကျဉ်းချ ခံခဲ့ရတယ်။ အဲဒီအကျဉ်းကျခံရပြီးနောက်ပိုင်း ရဲတွေကို အရမ်းကြောက်တယ်။ ဒါပေမယ့် ကျွန်မက လမ်းပေါ်မှာ အလုပ်လုပ်ပြီး ကျွန်မရဲ့ နေမကောင်းတဲ့ ယောကျာ်းကို ထောက်ပံ့ရဦးမှာလေ"*

*လိင်အလုပ်သမားတစ်ဦး (အသက် ၂၈ နှစ်)*

### ၃.၁.၄။ လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှု

မြန်မာနိုင်ငံတွင် အများပြည်သူနှင့်သက်ဆိုင်သည့် နေရာများ၌ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုနှင့်ပတ်သက်၍ ခြေမြစ်တိကျသော စာရင်းဇယားများ သို့မဟုတ် လေ့လာချက်များ မရှိသော်လည်း၊ အများသုံး သယ်ယူပို့ဆောင်ရေးစနစ်၊ အထူးသဖြင့် ဘတ်စ်ကားများပေါ်တွင် မလိုလားသော လိင်ပိုင်းဆိုင်ရာ ထိတွေ့ကိုင်တွယ်ခြင်းမှာ ကြောက်မက်ဖွယ် ကောင်းအောင်ပင် ပျံ့နှံ့နေသည်ကို ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက်၏ အစီရင်ခံစာ (၂၀၁၅-ခ) တွင် ဖော်ပြထားပါသည်။ နိုင်ငံတကာတွင် ပညာရေးအဖွဲ့အစည်းများ (အဆောက်အအုံများ) ၌ အမျိုးသမီးကျောင်းသူများသည် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုအတွက် ပစ်မှတ်ထားခံနေရပါသည်။ အမျိုးသားအလုပ်သမားများနှင့် နှိုင်းယှဉ်လျှင် အမျိုးသမီး အလုပ်သမားများသည်လည်း လုပ်ငန်းခွင်တွင် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ခံရနိုင်ချေ ပိုမိုမြင့်မားလျှက် ရှိပါသည်။ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံတွင် ဤအကြောင်းအရာ၏ အတိုင်းအတာပမာဏကို လွှမ်းခြုံပြသနိုင်မှု ယနေ့အထိ မရှိသေးပါ။ လေ့လာမှုတစ်ခုဖြစ်သော "မြန်မာနိုင်ငံရှိ လုပ်ငန်းခွင်များမှ လိင်ပိုင်ဆိုင်ရာ ထိပါးနှောင့်ယှက်မှု၏ ပျံ့နှံ့မှု၊ ရေးဦးဖြစ်စဉ်နှင့် အကျိုးဆက်များ (၂၀၁၃)" ၌ တွေ့ဆုံမေးမြန်းခဲ့သော အမျိုးသမီးအလုပ်သမားများ၏ တစ်ဝက်ကျော်သည် ၎င်းတို့၏ အလုပ်သက်တမ်းတစ်လျှောက်တွင် ထိပါးနှောင့်ယှက်ခံရမှုကို အနည်းဆုံးတစ်ကြိမ် တွေ့ကြုံဖူးကြသည်ဟု မှတ်တမ်းတင်ဖော်ပြထားသည်။ မည်သို့ပင်ဖြစ်စေ သုတေသနအကန့်အသတ်နှင့် ဗဟုသုတ လစ်ဟာချက်များအရ ဤကဲ့သို့သော အကြမ်းဖက်မှု၏ အမှန်တကယ် ပျံ့နှံ့မှုကို မသိရှိရပါ။

### ၃.၁.၅။ နယ်စပ်ဖြတ်ကျော်လူကုန်ကူးခြင်း

နိုင်ငံပြင်ပတွင်ဖြစ်စေကာမူ မြန်မာနိုင်ငံမှ အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များအတွက် ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှု ခံရနိုင်ချေသည် မြင့်မားလျက်ရှိပါသည်။ ပြည်တွင်း၌ရော ပြည်ပတွင်ပါ အမျိုးသားများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များကို အဓမ္မ အလုပ်စေခိုင်းခြင်းနှင့် အမျိုးသမီးများနှင့် ကလေးသူငယ်များကို လိင်ကုန်ကူးခြင်းတို့၏ အရင်းအမြစ်အဖြစ် မြန်မာနိုင်ငံကို သတ်မှတ်ထားပါသည်။[၂၈] အထူးသဖြင့် ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံအပါအဝင် အာရှ၊ အရှေ့အလယ်ပိုင်းနှင့် အမေရိကန်ပြည်ထောင်စုအစရှိသော နိုင်ငံရပ်ခြားသို့

[၂၇] လိင်အလုပ်သမားများသည် သူတို့ငယ်စဉ်က နိုင်ငံသားမှတ်ပုံတင်ကဒ်ပြုလုပ်ရန် အာဏာပိုင်များကို ငွေကြေးမပေးနိုင်ခြင်း သို့မဟုတ် တစ်နေရာမှ အခြားတစ်နေရာသို့ ပြောင်းရွှေ့စဉ် ပျောက်ဆုံးခြင်းနှင့် ခွဲခြားနိမ့်ချမှုကြောင့် ဒေသခံအာဏာပိုင်များကို ကဒ်အသစ်တစ်ခု ထုတ်ပေးရန် တောင်းဆိုမှု မပြုနိုင်သောကြောင့် မှတ်ပုံတင်ကဒ်မကိုင်ဆောင်ကြခြင်း ဖြစ်နိုင်ပါသည်။ အချို့မှာ ကဒ်ပြားကို ကိုင်ဆောင်ထားခြင်း၏ အရေးပါမှုကိုပင် မသိရှိနိုင်လောက်အောင် အများပြည်သူနှင့်ဆိုင်သော အခွင့်အရေးများနှင့်ပတ်သက်၍ ဗဟုသုတများသည် ၎င်းတို့တွင် အားနည်းနေကြပါသည်။

[၂၈] US State Department (၂၀၁၆)၊ လူကုန်ကူးမှု အစီရင်ခံစာ၊ https://www.state.gov/documents/organization/258876.pdf တွင်ဖတ်ရှုနိုင်ပါသည်။

အလုပ်လုပ်ကိုင်ရန်အတွက် ရွှေ့ပြောင်းကြသော မြန်မာအမျိုးသား၊ အမျိုးသမီးနှင့် ကလေးသူငယ်များသည် အဓမ္မအလုပ်စေခိုင်းခြင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာ လူကုန်ကူးခြင်း ခံရနိုင်ဖွယ်ရှိသည်။[၂၅]

ပြည်တွင်း အကြမ်းဖက်မှုနှင့် ပဋိပက္ခများကို ရှောင်တိမ်းရန် ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ရသူများ (IDPs) (၁၂၀၀၀၀) ကျော်သည် မြန်မာ-တရုတ်နယ်စပ်သို့ (၂၀၁၁) ခုနှစ်ကတည်းက ထွက်ပြေးခဲ့ကြရသည်။ ၎င်းအရပ်သားများ အထူးသဖြင့် အမျိုးသမီးများသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ အဓမ္မကျင့်ခံရမှုနှင့် လူကုန်ကူးမှု ခံရနိုင်ဖွယ် အများဆုံးရှိနေပါသည်။ ထိုအမျိုးသမီးများသည် ထိုင်း၊ တရုတ်၊ မလေးရှား၊ ကိုးရီးယားနှင့် မကာအိုသို့ လူကုန်ကူးခံရပြီး စက်ရုံများ၊ ငါးဖမ်းလှေများတွင်အတင်းအကြပ် အလုပ်စေခိုင်းခံရသည့်အပြင် အိမ်အကူ အလုပ်သမားများအဖြစ် ခေါင်းပုံဖြတ် အမြတ်ထုတ်ခံခဲ့ကြရသည်ဟု JICA ၏ အစီရင်ခံစာ (၂၀၁၃) တွင် မှတ်တမ်းဖော်ပြထားပါသည်။ ထပ်မံ၍ Erin Kamler သည် မြန်မာ-တရုတ်နယ်စပ်တွင် လူကုန်ကူးမှု မြင့်တက်လာခြင်းကို အလေးပြုထားသည့် သုတေသနစီမံချက်တစ်ခုကို မကြာသေးမီက ဆောင်ရွက်ခဲ့ပြီး ဆက်လက်ရှင်သန်နေသူများနှင့် လူမှုအသိုင်းအဝိုင်း၏ အဖွဲ့ဝင်များ နှစ်ဘက်စလုံး၏ ရှုထောင့်အမြင်များကို ဆန်းစစ်လေ့လာတင်ပြခဲ့ပါသည်။[၂၆] အစီရင်ခံစာအတွင်းမှ ဆက်လက်ရှင်သန်နေသူများ ပြောဆိုချက်အရ လူကုန်ကူးမှု ဖြစ်ရပ်များ မြင့်တက်လာခြင်းမှာ တရုတ်နိုင်ငံမှ တောင်းဆိုချက် (လိုအပ်ချက်) မြင့်တက်မှုကြောင့် အဓိကဖြစ်ပြီး၊ အထူးသဖြင့် ရှမ်းပြည်နယ်မှ တရုတ်ပြည်သို့ လူကုန်ကူးမှု အများအပြားရှိကြောင်း ဤလေ့လာချက်တွင် အတည်ပြုခဲ့ပါသည်။ ထိခိုက်နာကျင်စရာ အတွေ့အကြုံများနှင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် ဆက်လက်ရှင်သန်နေသူများသည် လူမှုအသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ဝင်ရောက်ရန် အဟန့်အတားများနှင့်အတူ ခွဲခြားနှိမ့်ချမှုနှင့် အရှက်ရမှုတို့ကို ရင်ဆိုင်နေရပါသည်။ ထို့ပြင် ကချင်အမျိုးသမီးများအဖွဲ့အစည်း (ထိုင်းနိုင်ငံ) (KWAT) သည် မြန်မာ-တရုတ် နယ်စပ်များရှိ လူကုန်ကူးမှုများကို နှစ်ပေါင်းများစွာ မှတ်တမ်းတင်ထားခဲ့ပါသည်။[၂၇]

> *"ကျွန်မ တရုတ်ပြည်မှာ ရှိနေတုန်းက တရုတ်မန်နေဂျာက ကျွန်မကို အဓမ္မပြုကျင့်တာ ခံခဲ့ရတော့ ကျွန်မဘဝ ဆုံးသွားပြီလို့ တွေးမိလိုက်တယ်။ ဒါကြောင့် ကျွန်မသူနဲ့ တစ်လလောက် နေခဲ့တယ်။ ပြီးတော့ ကိုယ်ဝန်ရလာတော့ ဖျက်ချဖို့ ကျွန်မကို ပြောခဲ့တယ်။ ဘယ်ကိုသွားမယ်ဆိုတာ ကျွန်မကို မပြောဘဲ သူ့ဌေးမက တစ်နေရာကို ခေါ်သွားခဲ့တယ်။ ကျွန်မမှာ ရွေးချယ်စရာမရှိဘဲ အဲဒါကိုလုပ်ခဲ့ရပါတယ်။ ကိုယ်ဝန်ဖျက်ချပြီးတာနဲ့ ကျွန်မကို နားခွင့်မပေးဘဲ အလုပ်ချက်ချင်း ဆင်းခိုင်းပါတယ်။"*
>
> *တရုတ်ပြည်တွင် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခံခဲ့ရမှုမှ ဆက်လက်ရှင်သန်နေသူ (အသက် ၂၈ နှစ်)*

[၂၅] INTEM Consulting, Inc. (၂၀၁၃)
[၂၆] Erin Kalmer (၂၀၁၅)

[၂၇] လူ့အခွင့်အရေး အရင်းအမြစ် ဗဟိုဌာန၊ ၂၀၁၃


## ၄.၂။ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှု၏ နောက်ဆက်တွဲဆိုးကျိုးများ

ယဉ်ကျေးမှု စံသတ်မှတ်ချက်များနှင့် မိသားစုအတွင်း သဟဇာတဖြစ်စေရန်အတွက် ခင်ပွန်းဖြစ်သူ၏ အကြမ်းဖက်မှုကို အမျိုးသမီးများမှ သည်းခံရန် ဖိအားပေးမှုများကြောင့် ဆက်လက်ရှင်သန်နေသူများသည် အာဏာပိုင်များကို တိုင်ကြားမှုမပြုလုပ်ကြပါ။ ဤလေ့လာချက်အတွင်း တွေ့ဆုံခဲ့ရသော ကျောင်းဆရာမတစ်ဦးက "အကြမ်းဖက်ခံရတာကို ကျွန်မတိုင်လိုက်ရင် ကျွန်မအနားက လူတွေသိသွားပြီး အတင်းပြောကြမှာဆိုတော့ အရမ်းရှက်စရာကောင်းတယ်လို့ ကျွန်မခံစားရတယ်။ ဒါပေမယ့် သူတို့အဖေရဲ့ ဆိုးရွားတဲ့ အပြုအမူတွေက ကျွန်မသားလေးတွေကို ထိခိုက်နေတော့ ကျွန်မသူတို့ကို ကူညီပေးချင်တယ်"လို့ ပြောခဲ့ပါတယ်။ အထူးသဖြင့် ၎င်းတို့တွင် သားသမီးများ ရှိနေခဲ့လျှင် ၎င်းတို့ခင်ပွန်းများ၏ အကြမ်းဖက်မှုများကို သည်းခံရန် ယောက္ခမများ၊ ခင်ပွန်း၏ ညီအစ်ကို မောင်နှမများနှင့် ဆက်လက်ရှင်သန်နေသူများ၏ မိဘများကိုယ်တိုင်ကပင် ၎င်းတို့အား ဖိအားပေးကြသည်။ လူမှုစံနှုန်းများတွင် ထင်ဟပ်နေသော ရှက်ဖွယ်ကောင်းသည်ဟူသော ယဉ်ကျေးမှုကလည်း ဆက်လက်ရှင်သန်နေသူများကို အကြမ်းဖက်ခံနေရသော ဆက်ဆံရေးတွင် ဆက်လက်နေထိုင်ရန် ဖိအားပေးနေသောကြောင့် ၎င်းတို့သည် ဆိုးရွားလှသော အကြမ်းဖက်မှုသံသရာမှ လွတ်မြောက်ရန် အလွန်ခက်ခဲလျက်ရှိနေပါသည်။

*"ကျွန်မ ရုပ်ကွက်အုပ်ချုပ်ရေးရုံးကို*
*အကူအညီ နှစ်ခါလောက် တောင်းဖူးတယ်။*
*ဒါပေမယ့် ဘာအကူအညီမှ မရဘူး။*
*သူတို့က 'သည်းခံပါ' ပဲ ပြောတယ်။ "*

အသက် ၄၁ နှစ်အရွယ်ရှိ ကွာရှင်းပြတ်စဲထားသူ

စာရင်းသတ္တာ(၄) နောက်ဆက်တွဲဆိုးကျိုးများကို ဖော်ပြထားသော ကျားမရေးရာ အခြေပြု အကြမ်းဖက်မှုကို တုံ့ပြန်ပုံများကို သရုပ်ဖော်ပြသော ကားချပ်




အဓမ္မအကျင့်ခံရမှုများတွင်ပင် အမှုများသည် တရားရုံးသို့ ရောက်ရှိသည်မှာ အလွန်ပင်ရှားပါးသည်ဟု အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အဖွဲ့ဝင်များစွာမှ ပြောကြားခဲ့ပါသည်။ "မုဒိမ်းမှု အတော်များများက လျော်ကြေးနဲ့ပဲ ရှင်းလိုက်တာများတယ်" ဟု ဥပဒေသမားတစ်ဦးကလည်း ပြောဆိုခဲ့ပါသည်။ အကြမ်းဖက်သူနှင့် ဆက်လက်ရှင်သန်နေသူများအကြား ညှိနှိုင်းဆွေးနွေးရာတွင် ဒေသခံအာဏာပိုင်များသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ "တစ်ရက်မှာ ရပ်ကွက်အာဏာပိုင်က ကျွန်မအိမ်ကိုလာပြီး လျော်ကြေး (နှစ်သိန်းကျပ်) လက်ခံဖို့ လာပြောတယ်" ဟု အဓမ္မကျင့်ခံရသော ခန္ဓာကိုယ်မသန်စွမ်းသူတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့ပါသည်။ (မုဒိမ်းမှုကြောင့် ရရှိသော ကလေးအားမွေးရန်ဆုံးဖြတ်ပြီး ဆက်လက်ရှင်သန်နေသူ၊ အသက် ၂၃ နှစ်)

ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှု၏ ရိုက်ခတ်မှုကြောင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ပျက်စီးမှုများသည် ဆက်လက်ရှင်သန်နေသူများကို ထောက်ပံ့ဝန်ဆောင်မှုများကို ရှာဖွေရန်၊ တရားစီရင်ရေးကို လက်လှမ်းမီရန် သို့မဟုတ် တရားမျှတမှု ရရှိရန်စသည်တို့မှ တားဆီးထားလျက်ရှိနေပါသည်။ အကြမ်းဖက်ခံရမှုကို ဖွင့်ဟပြောဆိုသည့်အတွက် မိသားစုနှင့် အသိုင်းအဝိုင်း၏ ပစ်ပယ်ခံနိုင်မှုကို ကြောက်ရွံ့နေရခြင်းအပါအဝင် ဤကဲ့သို့ အကြမ်းဖက်ခံရမှုများနှင့် တွဲစပ်နေသော ခွဲခြားနှိမ့်ချခြင်းကြောင့် ဆက်လက်ရှင်သန်နေသူများသည် နှုတ်ဆိတ်နေရန် ဆန္ဒရှိကြပြီးအကြမ်းဖက်ခံရမှုကို သည်းညည်းခံနေကြရသည်ဟု ဤလေ့လာချက်မှ အတည်ပြုနိုင်ခဲ့ပါသည်။ ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုဖြစ်ပေါ်စေရန် နှီးဆွပေးသည်ဟု ဆက်လက်ရှင်သန်နေသူများကို ဝေဖန်ပြစ်တင်နိုင်သည့် စာနာစိတ်ကင်းမဲ့သော ရဲအရာရှိများအပါအဝင် ဒေသခံအာဏာပိုင်များ သို့မဟုတ် အုပ်ချုပ်ရေးမှူးများမှ အကြမ်းဖက်ခံရသူအပေါ် အပြစ်တင်မှုများကိုလည်း ဆက်လက်ရှင်သန်လာသူများမှ ကြောက်ရွံ့ကြပါသည်။

# ၄။ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုအား တွေ့ကြုံခံစားခဲ့ရပြီး ဆက်လက်ရှင်သန်နေသူများအတွက် မြန်မာနိုင်ငံရှိ ဥပဒေနှင့် မူဝါဒ မူဘောင်များ

မြန်မာနိုင်ငံသည် ၎င်း၏နိုင်ငံသားများကို ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုပုံစံများ အပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများမှ မဖြစ်မနေ ကာကွယ်ပေးရန် တာဝန်ရှိသော နိုင်ငံတစ်ခုဖြစ်ကြောင်း မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်များတွင် ဖော်ပြထားသည်။

## ၄.၁။ ဥပဒေနှင့် မူဝါဒများ

မြန်မာနိုင်ငံသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို တားဆီးကာကွယ်ရန် ပြဋ္ဌာန်းထားသော နိုင်ငံတကာ သဘောစာချုပ်များတွင် ပါဝင်သော နိုင်ငံတစ်ခုဖြစ်ပါသည်။ (၁၉၉၇) ခုနှစ်၊ ဇူလိုင်လ (၂၂) ရက်တွင် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (စီဒေါ) ကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး (၂၀၀၀) ခုနှစ်တွင် ကနဦးအစီရင်ခံစာကို တင်သွင်းခဲ့သည်။ လေးနှစ်တစ်ကြိမ် စီဒေါကော်မတီသို့ တင်သွင်းရသော လေးကြိမ်မြောက်နှင့် ငါးကြိမ်မြောက် ပူးတွဲအစီရင်ခံစာကို(၂၀၁၄) ခုနှစ်တွင် မြန်မာနိုင်ငံမှ တင်သွင်းခဲ့ပြီးဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း (UDHR)၊ ဘေဂျင်းကြေညာစာတမ်းနှင့် ဘေဂျင်းလုပ်ငန်းစီမံချက်တို့တွင် ပါဝင်လက်မှတ်ရေးထိုးထားသည့်နိုင်ငံဖြစ်ကာ ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (CRC) တွင်လည်း ပါဝင်ထားသည့် နိုင်ငံလည်း ဖြစ်သည်။ ၎င်းသည် ထောင်စုနှစ်ဖွံ့ဖြိုးမှု ပန်းတိုင်များ (MDGs) နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်များ (SDGs) တို့ကို ဆောင်ရွက်ရန် သဘောတူညီချက်ပေးခဲ့ပြီး (၁၉၉၄) လူဦးရေနှင့် ဖွံ့ဖြိုးမှု နိုင်ငံတကာအစည်းအဝေး (ICPD) ကို ပူးပေါင်းပါဝင်ခဲ့သည့်အပြင် အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် အာဆီယံကော်မတီ (ACWC) ၏ အဖွဲ့ဝင်နိုင်ငံလည်းဖြစ်သည်။

ဤလေ့လာချက်ပြုစုသည့်အချိန်၌ ရာဇသတ်ကြီးတွင် အမျိုးသမီးများအပေါ် ကျူးလွန်သော အဓမ္မပြုကျင့်ခြင်း၊ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းစသော ပြစ်မှုများနှင့် အရွယ်မရောက်သေးသူ အမျိုးသမီးငယ်လေးများအား လိင်ဆက်ဆံခြင်းနှင့် လိင်ကိစ္စအလို့ငှာ သွေးဆောင်ဖြားယောင်းခြင်းတို့အတွက် ပြဋ္ဌာန်းစီရင်ချက်များပါဝင်ပါသည်။ ရာဇသတ်ကြီးတွင် ဇနီးသည်သည် အသက် ၁၄နှစ်အောက် မဟုတ်ခဲ့လျှင်မူ အိမ်ထောင်ဖက်အပေါ် အလိုမတူဘဲ လိင်ဆက်ဆံခြင်းကို ပြစ်မှုအဖြစ် အသိအမှတ် ပြုမထားပါ။ မြန်မာရာဇသတ်ကြီး၏ ပုဒ်မ (၃၇၅) သည် အဓမ္မကျင့်ခြင်းကို တားမြစ်ထားပြီး ပုဒ်မ (၃၇၆) သည် အဓမ္မပြုကျင့်သူကို ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်နိုင်ရန် ခွင့်ပြုထားသည်။ အမျိုးသမီးများကို လူကုန်ကူးခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံအစိုးရသည် "လူကုန်ကူးမှု တိုက်ဖျက်ရေး ဥပဒေ"ကို စက်တင်ဘာလ (၁၃) ရက်၊ ၂၀၀၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။

**စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှုများအတွက် မူဘောင်နှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (၂၀၁၁-၂၀၃၀) -** ဤမူဘောင်သည် လူငယ်နှင့် ကျား၊ မ ရေးရာ ကဏ္ဍအောက်ရှိ (ဖွံ့ဖြိုးတိုးတက်မှု၏ လူမှုရေး၊ ပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှု ရှုထောင့်များ ကဏ္ဍအောက်) အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် လူကုန်ကူးမှုတို့အတွက် ရေးဆွဲဖော်ပြခဲ့သော်လည်း အမျိုးသမီးနှင့် မိန်းကလေးငယ်များ၏ အခွင့်အရေးများအပေါ်ကြီးလေးသော အကြမ်းဖက်မှုများကို မည်သို့အရေးယူမည်ဟု အသေးစိတ်ဖော်ပြခြင်း မပြုထားပါ။ ဤအရေးကိုဖြေရှင်းရန် မြန်မာနိုင်ငံအစိုးရသည် ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုကို ရင်ဆိုင်ဖြေရှင်းနိုင်ရေးနှင့်


တုံ့ပြန်နိုင်ရေးအတွက် ယန္တရားအချို့ကို စတင်တည်ထောင်ခဲ့ပြီးဖြစ်ပါသည်။ ထပ်မံ၍ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့အစည်းများသည် အသိပညာပေးရေး လှုပ်ရှားမှုများ၊ စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများမှတဆင့် ဤအရေးကိုရင်ဆိုင်ဖြေရှင်းရန် လုပ်ဆောင်နေကြပြီး ဆက်လက်ရှင်သန်နေသူများအား လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများ၊ ဥပဒေရေးရာ ဝန်ဆောင်မှုများနှင့် နားခိုရာနေရာစသော ဝန်ဆောင်မှုများကို တိုက်ရိုက်ပေးအပ်၍လည်း ဆောင်ရွက်နေကြပါသည်။

**အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေမူကြမ်း -** မြန်မာနိုင်ငံတွင် ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုကို ဆန့်ကျင်ရန် ပြည်တွင်းဥပဒေတစ်ခု သီးသန့်ပြဌာန်းနိုင်ရေးအတွက် ဦးဆောင်ဦးရွက်ပြု၍ ဆောင်ရွက်နေပြီး၊ ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုကို ပြည့်ပြည့်စုံစုံနှင့် ကျယ်ကျယ်ပြန့်ပြန့်တုံ့ပြန်နိုင်ရန် အဓိကကျသော "အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး" ဥပဒေ(မူကြမ်း)ကို ရေးဆွဲလျက်ရှိပါသည်။ ဤဥပဒေမူကြမ်းသည် ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုကို ရင်ဆိုင်ဖြေရှင်းရန် ဦးစားပေးကဏ္ဍတစ်ခုအဖြစ် ဖော်ပြထားသည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (NSPAW) နှင့်လည်း ချိန်ညှိထားရပါမည်။

## ၄.၂။ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုမှ အမျိုးသမီးများကို အကာအကွယ်ပေးရန် နိုင်ငံတော်အဆင့် ယန္တရား

မြန်မာအစိုးရသည် အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် အကြမ်းဖက်မှုများ တွေ့ကြုံခံစားရခြင်း မရှိစေရန်နှင့်၊ ဆက်လက်ရှင်သန်နေသူများကို အကာအကွယ်ပေးရန်နှင့် ဝန်ဆောင်မှုပေးရန် ယန္တရားအချို့ကို ရေးဆွဲတည်ထောင်ထားခဲ့ပြီးဖြစ်သည်။ နိုင်ငံတော်အဆင့်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီ (MNCWA) နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ (MNWCWA) တို့သည် အဓိက ဇာတ်ဆောင်အဖြစ် ပါဝင်နေကြပြီးပြည်နယ်/တိုင်းအဆင့်တွင်မူ အမျိုးမျိုးသော အစိုးရဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် ဆက်လက်ရှင်သန်နေသူများအား ဝန်ဆောင်မှုများပေးခြင်း အခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေကြပါသည်။ ၎င်းအခန်းကဏ္ဍများနှင့် ဇာတ်ဆောင်များကို အောက်တွင် အကျဉ်းချုံးဖော်ပြထားပါသည်။

## စာရင်းသေတ္တာ(၅) ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင်ဝန်ဆောင်မှုပေးနေသူများ(အစိုးရ)




## ဇယား(၁) ဝန်ဆောင်မှုများ


| ဝန်ဆောင်မှုပေးသူ | ပေးအပ်သော ဝန်ဆောင်မှု |
|---|---|
| **လူမှုဝန်ထမ်းဦးစီးဌာန** | ▪ ဆက်လက်ရှင်သန်နေသူများအတွက် တိုက်ရိုက်ဝန်ဆောင်မှု<br>▪ အရေးပေါ် ဖုန်းလိုင်း/အကူအညီပေး ဖုန်းလိုင်း<br>▪ ဝန်ဆောင်မှုအမျိုးမျိုးကို တစ်နေရာတည်းတွင် ရနိုင်သည့်နေရာ - တည်ထောင်ပြီး<br>▪ ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုအတွက် လမ်းညွှန်ချက်များနှင့် စံသတ်မှတ်ထားသော လုပ်ဆောင်ချက်များ - ရေးဆွဲဆဲ<br>▪ ဆက်လက်ရှင်သန်နေသူများကို အခြားအဖွဲ့အစည်းများသို့ လွှဲပြောင်းပေးခြင်း<br>▪ အသိပညာပေး သင်တန်းနှင့် အခြားအစိုးရတာဝန်ရှိသူများနှင့် စကားပြောဆိုခြင်း |

| | |
|---|---|
| ပြည်ထဲရေး ဝန်ကြီးဌာန | ▪ လူမှုပတ်ဝန်းကျင်တွင် လူအများအတွက် ဘေးကင်းလုံခြုံမှုရှိစေခြင်း<br>▪ ဆက်လက်ရှင်သန်နေသူများကို ရဲအရာရှိများမှ အကာအကွယ်ပေးခြင်း<br>▪ သံသယရှိသူကို တရားစီရင်ရန်အတွက် ဖမ်းဆီးခြင်း |
| ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ▪ မှုခင်းဆေးပညာအရ စစ်ဆေးခြင်း အပါအဝင် ကျန်းမာရေးဝန်ဆောင်မှုများ ပေးအပ်ခြင်း<br>▪ ဗဟိုအဆင့် - ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုအတွက် လမ်းညွှန်ချက်များနှင့် စံသတ်မှတ်ထားသော လုပ်ဆောင်ချက်များ - ရေးဆွဲဆဲ<br>▪ ရဲဌာနနှင့် တရားရုံးကဲ့သို့ သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းပေးပို့ရန်အတွက် ကွန်ရက် |
| လွှတ်တော် ကော်မတီ | ▪ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုနှင့် ပတ်သတ်၍ ဥပဒေများ ရေးဆွဲခြင်းနှင့် ပြင်ဆင်ခြင်း |
| အထွေထွေအုပ်ချုပ်ရေး | ▪ လူမှုပတ်ဝန်းကျင်တွင် လူအများအတွက် ဘေးကင်းလုံခြုံမှုရှိစေခြင်း |
| ပြည်ထောင်စု တရားလွှတ်တော်ချုပ် | ▪ သံသယရှိသူ/ ကျူးလွန်သူများကို တရားစီရင်ရန်အတွက် တရားစွဲဆိုခြင်း |
| မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း | ▪ ဆက်လက်ရှင်သန်နေသူများအတွက် လူမှုစိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ တိုက်ရိုက်အထောက်အပံ့များ<br>▪ ဆက်လက်ရှင်သန်နေသူများကို အခြားအဖွဲ့အစည်းများသို့ လွှဲပြောင်းပေးပို့မှု<br>▪ လူမှုစိတ်ပညာ အကြံပေးဆွေးနွေးခြင်း |
| မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် | ▪ ဆက်လက်ရှင်သန်နေသူများအတွက် လိုအပ်ပါက လူမှုစိတ်ပိုင်းဆိုင်ရာ၊ ပစ္စည်းကိရိယာများနှင့် ငွေကြေးအစရှိသော တိုက်ရိုက်အထောက်အပံ့များ<br>▪ တိုင်ကြားချက်များကို လက်ခံခြင်း<br>▪ ဆက်လက်ရှင်သန်နေသူများနှင့် မိသားစုများအတွက် လူမှုစိတ်ပိုင်း အထောက်အပံ့နှင့် နှစ်သိမ့်ဆွေးနွေးခြင်း (Counselling)<br>▪ ဆက်လက်ရှင်သန်နေသူများကို အခြားအဖွဲ့အစည်းများသို့ လွှဲပြောင်းပေးပို့မှု |
| အရပ်ဘက် လူမှုအဖွဲ့အစည်းများ | ▪ ဝန်ဆောင်မှုအမျိုးမျိုး (အရေးပေါ်၊ ကျန်းမာရေး/ဥပဒေ၊ ဘေးကင်းလုံခြုံသည့်အိမ်/နားခိုရာနေရာနှင့် ပြန်လည်ပေါင်းစည်းပေးခြင်း) တို့ကို ပေးအပ်သော်လည်း ဆက်လက်ရှင်သန်နေသူများကို ကူညီပေးရန် တရားဝင်အခွင့်အာဏာ မရှိပါ။ |
| ယုံကြည်မှုကို အခြေခံသည့် အဖွဲ့အစည်းများ | ▪ အများအားဖြင့် နားခိုရာနေရာ/ဘေးကင်းလုံခြုံသည့်အိမ် |

## ၅။ မြန်မာနိုင်ငံရှိ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုအား တွေ့ကြုံခံစားခဲ့ရပြီး ဆက်လက်ရှင်သန်နေသူများအတွက် လက်ရှိလိုအပ်ချက်များ

ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုမှ ဆက်လက်ရှင်သန်လာသူများအတွက် လက်ရှိလိုအပ်ချက်များကို အဓိကသတင်းပေးသူများနှင့် တွေ့ဆုံမေးမြန်းချက်များမှတဆင့် ဖော်ထုတ်သတ်မှတ်နိုင်ခဲ့ပြီး အောက်ပါပုံအတိုင်း အမျိုးအစားခွဲခြားသတ်မှတ်ခဲ့ပါသည်။

စာရင်းသေတ္တာ(၆) ကျားမရေးရာအခြေပြုအကြမ်းဖက်မှုမှဆက်လက်ရှင်သန်နေသူများအတွက် လိုအပ်ချက်များ




မြန်မာနိုင်ငံရှိ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုကို တွေ့ကြုံခံစားခဲ့ရပြီးဆက်လက်ရှင်သန်နေသူများအတွက် လက်ရှိလိုအပ်ချက်များကို စာပေရေးသားချက်များကို သုံးသပ်ချက်များနှင့် ဤလေ့လာချက်မှ ရှာဖွေတွေ့ရှိမှုများကို အခြေခံ၍ အောက်ပါဇယားကွက်တွင် အကျဉ်းချုပ်ဖော်ပြထားပါသည်။

စာရင်းသေတ္တာ(၇) ကျားမရေးရာအခြေပြုအကြမ်းဖက်မှုအားတွေ့ကြုံခံစားခဲ့ရပြီး ဆက်လက်ရှင်သန်နေသူများအတွက် လက်ရှိလိုအပ်ချက်များ

| ဆက်လက်ရှင်သန်နေသူများအတွက် လိုအပ်ချက်များ | လိုအပ်သော လုပ်ဆောင်ချက်များ/ ကြားဝင်ဆောင်ရွက်မှုများ |
| --- | --- |
| လုံခြုံရေး အကဲဖြတ်မှု | ▪ ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှု ဖြစ်ပွားနေချိန်တွင် ဆက်လက်ရှင်သန်နေသူများအတွက် ပထမဦးဆုံး ထည့်သွင်းစဉ်းစားပေးရမည့်အချက်မှာ သူမနှင့် သူမ၏ကလေးသူငယ်များအတွက် ဘေးကင်းလုံခြုံမှုဖြစ်သည်။ များသောအားဖြင့် ဆက်လက်ရှင်သန်နေသူများသည် ဘေးကင်းလုံခြုံမှုမရှိဟု ခံစားနေကြရပြီး ထိခိုက်နာကျင်မှုများ ခံစားနေကြရသော်လည်း ရှောင်ရှားနိုင်ရန်အတွက် ဘေးကင်းလုံခြုံသည့်နေရာ ရှိမနေကြပါ။ ဆက်လက်ရှင်သန်နေသူများ၏ ဘေးကင်းလုံခြုံမှုအတွက် အာမခံချက်ပေးရန်မှာ အရေးကြီးကြောင်းကို |

| | |
|---|---|
| | ဤလေ့လာချက်တွင် ပါဝင်ခဲ့သူ တာဝန်ရှိသူများမှလည်း အလေးပေး၍ ဖြေကြားခဲ့ကြပါသည်။<br>▪ ဆက်လက်ရှင်သန်နေသူများနှင့် သူမ၏ကလေးသူငယ်များကို အကြမ်းဖက်မှု ကျူးလွန်သူ၏ ရန်မှ ဘေးကင်းလုံခြုံမှုရှိစေရန်အတွက် ဒေသခံအာဏာပိုင်များမှ ဘေးကင်းလုံခြုံမှု/အန္တရာယ် ရှိမှုကို အကဲဖြတ်မှုများပြုလုပ်ပေးရန် လိုအပ်ပါသည်။ ဥပမာ - ဆက်လက်ရှင်သန်နေသူ တစ်ဦးအတွက် ဘေးကင်းလုံခြုံမှုမရှိပါက အခြားမိသားစုဝင်များ၊ သူငယ်ချင်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ သို့မဟုတ် ဘာသာရေးကို အခြေခံသည့် အဖွဲ့အစည်းများအစရှိသော ဘေးကင်းလုံခြုံမှုပေးနိုင်သော နေရာတစ်ခုသို့ ရှောင်ရှားနိုင်ရန် ဆွေးနွေးတိုင်ပင် ပေးသင့်သည်။ |
| **အမှုတွဲ စီမံခန့်ခွဲမှု** | ▪ ဆက်လက်ရှင်သန်နေသူများအတွက် အကြမ်းဖက်သူနှင့် ဝေးကွာနေစေရန်၊ ဘေးကင်းလုံခြုံမှု ရရှိစေရန်နှင့် လိုအပ်သော ဝန်ဆောင်မှုများ ရရှိနိုင်ရန် အထောက်အပံ့များ လိုအပ်သည်။ ၎င်းအတွက် ရေရှည်တွင် ဥပဒေနှင့် လူမှုဝန်ဆောင်မှု လုပ်ငန်းစဉ်များ၏ ရလဒ်အသေးစိတ်များ အပြင် ထောက်ပံ့ပေးမှုအားလုံးကို မှတ်သားထားရန် အမှုကိစ္စ စီမံခန့်ခွဲမှုဖိုင်တစ်ခုလိုအပ်သည်။<br>▪ လုပ်ငန်းစဉ်အတွင်းတွင် ဆက်လက်ရှင်သန်နေသူများမှ အကြမ်းဖက်မှုကို ရဲသို့ တိုင်ကြားလိုခြင်း ရှိ၊ မရှိ (မတိုင်ကြားဘဲ နှုတ်ဆိတ်နေရန် ဖိအားပေးခြင်း မပြုလုပ်သင့်ပါ)၊ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ခြင်း ရှိ၊မရှိ သို့မဟုတ် နေရာထိုင်ခင်း လိုအပ်မှု ရှိ၊ မရှိ စသည်တို့ကို ဂရုပြု၍ မေးမြန်းရန်လိုအပ်သည်။ ဝန်ဆောင်မှုများသည် အမျိုးသမီး၏ လိုအပ်ချက်များကို ဆောင်ရွက်ပေးရန် လိုအပ်ပြီး အခြားသူများက သူမအတွက် လိုအပ်မည် ထင်သည်တို့ကို ဆောင်ရွက်ပေးရန် မဟုတ်ပါ။ |
| **အရေးပေါ် ဆေးကုသမှု လိုအပ်ချက်ကို လက်လှမ်းမီနိုင်မှု** | ▪ ပထမဆုံး ဆက်သွယ်လာချိန်တွင် ကနဦး စစ်ဆေးမှုများပြုလုပ်ပြီးနောက် အဦးဆုံး ထည့်သွင်းစဉ်းစားသင့်သည်မှာ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာများ ရှိနေပါက ကုသမှုပေးရန် ဖြစ်သည်။<br>▪ အမျိုးသမီးသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံခဲ့ရပါက မလိုလားအပ်သော ကိုယ်ဝန်ဆောင်မှုမရှိစေရန် သို့မဟုတ် လိင်မှတစ်ဆင့် ကူးစက်သည့်ရောဂါများ မရရှိစေရန်အတွက် အရေးပေါ်ဆေးကုသမှုပြုလုပ်ရန် လိုအပ်သကဲ့သို့ ဥပဒေလုပ်ငန်းစဉ်များ (လိုအပ်ပါက) အတွက် သက်သေများ စုဆောင်းရန် မှုခင်းဆေးပညာရှင်၏ စစ်ဆေးခြင်းတို့ လိုအပ်သည်။[၂၈] သင့်လျော်သော ကုသမှုများကို အချိန်မီမရရှိခဲ့ပါက စိတ်ဒဏ်ရာများ၏ နောက်ဆက်တွဲဖြစ်သော စိတ်ကစဉ့်ကလျားဖြစ်မှု (PTSD) အပြင် ကာလကြာရှည်စွာ ထိခိုက်ခံစားနေရမည့် ကျန်းမာရေး နောက်ဆက်တွဲပြဿနာများကို ခံစားရနိုင်ပါသည်။ |

[၂၈] WHO ၏"အမျိုးသမီးများကို ကျူးလွန်သော ရင်းနှီးသော လက်တွဲဖော်၏ အကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို တုံ့ပြန်သည့် WHO ဆေးကုသမှုနှင့် လမ်းညွှန်ချက်များ" (၂၀၁၃) နှင့် "အမျိုးသမီးများကိုကျူးလွန်သော ရင်းနှီးသော လက်တွဲဖော်၏ အကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအတွက် ကျန်းမာရေး ဝန်ဆောင်မှု၊ ဆေးကုသမှု လက်စွဲ"(၂၀၁၄) များ အရ ကျယ်ပြန့်ပြီး အမျိုးသမီးဗဟိုပြု စောင့်ရှောက်ရေး၏ အစိတ်အပိုင်းအဖြစ် အရေးပေါ်သန္ဓေတားဆေးဝါးများ(EC) ပေးအပ်ခြင်းကို ထောက်ခံသည်။ အဘယ်ကြောင့်ဆိုသော် လိင်အကြမ်းဖက်မှုမှ ရရှိသော ကိုယ်ဝန်ဆောင်မှုသည် စိတ်ဒဏ်ရာပြင်းထန်စေသောကြောင့် ဖြစ်သည်။

- ဆက်လက်ရှင်သန်နေသူများသည် "မိမိတို့သည် အမျိုးသမီးများဖြစ်သည့်အတွက်" သည်းညည်းခံရန် သို့မဟုတ် ကြံ့ကြံ့ခံရန် ကြိုးစားလေ့ရှိပါသည်၊ သို့မဟုတ် ၎င်းတို့က အကြမ်းဖက်ခံရရန် လှုံ့ဆော်ခဲ့သည် သို့မဟုတ် အကြမ်းဖက်ခံရရန် ထိုက်တန်သည်ဟုလည်း ၎င်းတို့ကိုယ်၎င်းတို့ အပြစ်တင်လေ့ရှိပါသည်။ ၎င်းတို့သည် အကြမ်းဖက်မှုသံသရာကို ဆက်လက်လည်ပတ်စေပြီး အမျိုးသမီးများသာမက သူတို့၏ကလေးသူငယ်များ၏ ဘဝကောင်းကျိုးကိုပါ သက်ရောက်မှုရှိသည်မှာ မလွဲကေန်ပင် ဖြစ်ပါသည်။ ဆက်လက်ရှင်သန်နေသူများ လိုအပ်သည်မှာ သူတို့၏ အမှားကြောင့် မဟုတ်ကြောင်း အတည်ပြုပေးခြင်း ဖြစ်ပါသည်။

**စိတ်ခံစားမှုပိုင်းဆိုင်ရာ/ စိတ်ပိုင်းဆိုင်ရာ ထောက်ပံ့မှု**

- ဖော်ပြခဲ့ပြီးသော လူမှုစံသတ်မှတ်ချက်များကြောင့် မြန်မာနိုင်ငံတွင် ပြုလုပ်ရန် အလွန်ခက်ခဲနေသည့် အပြင်သူစိမ်းများအား အကြမ်းဖက်မှုကို တိုင်ကြားရန် ဆက်လက်ရှင်သန်နေသူတစ်ဦးမှ ဆုံးဖြတ်ပြီးပါက ထိုအမျိုးသမီး၏ သီးသန့်လိုအပ်ချက်အတိုင်း စိတ်ခံစားမှုပိုင်းဆိုင်ရာ အထောက်အကူများ ပေးသင့်ပါသည်။
- သူမသည် အပြစ်တင်ထိုက်ခံရမည့်သူ မဟုတ်ကြောင်းနှင့် အကြမ်းဖက်မှုခံရပြီးနောက်ပိုင်းတွင် ထောက်ပံ့မှုနှင့် အကူအညီပေးမှုကို ရထိုက်ကြောင်းကိုလည်း စိတ်ခံစားမှုပိုင်းဆိုင်ရာ ထောက်ပံ့ပေးမှုမှတဆင့် ဆက်လက်လုပ်ဆောင်ရမည်။ အကြမ်းဖက်သူ/ကျူးလွန်သူသည် ၎င်းကျူးလွန်သည့် အမှားများ/ပြစ်မှုများကို တာဝန်ခံရမည်ဖြစ်ပြီးအပြစ်ပေးမှုခံရမည်ဟု သူမကို သေချာစွာ သိရှိစေရမည်။

**လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်မှု**

- အများအားဖြင့် ဆက်လက်ရှင်သန်နေသူများ၊ အထူးသဖြင့် အိမ်တွင်းအကြမ်းဖက်မှု (DV) မှ ဆက်လက်ရှင်သန်နေသူများသည် သူတို့၏ လက်တွဲဖော်များအပေါ်တွင် ငွေကြေးအရ မှီခိုနေကြရပြီး အကြမ်းဖက်သူထံမှ လွတ်မြောက်လာလျှင်ပင် သူတို့၏ ဘဝရှင်သန်ရေး အတွက် ထောက်ပံ့နိုင်သော နည်းလမ်းများ ရှိမနေပါ။ ဆက်လက်ရှင်သန်နေသူများအတွက် အကြမ်းဖက်သူထံမှ ဝေးသွားလျှင်လည်း အမှီအခိုကင်းစွာ ရပ်တည်နိုင်ရန် နည်းလမ်းများ လိုအပ်သည်။
- ဆက်လက်ရှင်သန်နေသူများသည် ထွက်ပြေးလွတ်မြောက်ရန် ဆုံးဖြတ်သည့်အခါ သူမအတွက် အရေးပေါ် နားခိုရာနေရာ/ဘေးကင်းလုံခြုံသည့်နေရာ၊ ကျန်းမာရေး ဝန်ဆောင်မှုများ သို့မဟုတ် သူမ၏ ကလေးငယ်များအတွက် စောင့်ရှောက်မှု၊ အစားအသောက်/အဝတ်အထည်နှင့် အခြားသော လူမှုရေးဆိုင်ရာဝန်ဆောင်မှုများ လိုအပ်နိုင်ပါသည်။ ဘေးကင်းလုံခြုံသည့်အိမ်/နားခိုရာနေရာများသည် စိတ်ကျန်းမာရေး ဆိုင်ရာ ထောက်ပံ့မှုကို ပေးအပ်နိုင်ရုံသာမက၊ ဆက်လက်ရှင်သန်နေသူများသည် ကူညီစောင့်ရှောက်မှုများမှ ရှေ့ဆက်လှမ်းနိုင်ပြီဆိုသည်နှင့် စီးပွားရေးအရ အမှီအခိုကင်းနိုင်ရန် သက်မွေး/ပညာရေး ထောက်ပံ့မှုတို့ကိုလည်း ပေးအပ်သင့်သည်။

| | |
|---|---|
| | ▪ ဆက်လက်ရှင်သန်နေသူတစ်ဦးမှ အရေးယူမှုပြုရန် ဆုံးဖြတ်လိုက်သည်နှင့် အကြမ်းဖက်သူကို သူမဆန္ဒအလျောက် တရားစွဲဆိုနိုင်ရန်အတွက် ရရှိနိုင်သော ဥပဒေထောက်ပံ့မှုများအကြောင်း သတင်းအချက်အလက်များ ရယူနိုင်ခွင့် ရှိသင့်သည်။<br><br>▪ အချို့သော ဆက်လက်ရှင်သန်နေသူများသည် သူတို့အား အကြမ်းဖက်သူခင်ပွန်းကို ကွာရှင်းပြတ်စဲရန် ဆုံးဖြတ်နိုင်သောကြောင့် ယင်းသို့ပြုလုပ်ရန်အတွက် တရားရုံးသို့ ဥပဒေဆိုင်ရာ ဆောင်ရွက်မှုများပြုလုပ်ရန် သွားရောက်ရမည်ဖြစ်သည်။ ၎င်းသည် အထူးသဖြင့် ဥပဒေအတိုင်း လက်ထပ်ထားခြင်း မဟုတ်သောသူများ သို့မဟုတ် ဘာသာမတူဘဲ လက်ထပ်ထားသောသူများအတွက် လွယ်ကူသော ဆောင်ရွက်မှုတစ်ခု မဟုတ်ပါ။<br><br>▪ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများတွင် ဆက်လက်ရှင်သန်နေသူတစ်ဦးသည် အမှုအတွက် ဥပဒေရေးရာ အထောက်အကူလိုအပ်နေပြီး တရားရုံးလုပ်ငန်း အဆင့်တိုင်းတွင် အထောက်အပံ့များ လိုအပ်ပါသည်။ အထူးသဖြင့် ဆက်လက်ရှင်သန်နေသူသည် ကလေးငယ်ဖြစ်လျှင် သူမအပေါ် နောက်ထပ် နာကျင်ထိခိုက်စေမှုများမှ ကာကွယ်ပေးရန်နှင့် သူမ၏ ဂုဏ်သတင်းအတွက် လျှို့ဝှက်ထိန်းသိမ်းပေးထားရန်ကို အထူးဂရုပြုရမည်ဖြစ်ပါသည်။ |
| **ဥပဒေရေးရာ ဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်မှု** | (see above) |
| **ပြန်လည်ပေါင်းစည်းခြင်း** | ▪ ဆက်လက်ရှင်သန်နေသူများကို ဘေးကင်းလုံခြုံသည့်နေရာတွင် အကာအကွယ်ပေးထားစဉ် သူမ၏ မူလအသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ဝင်ရောက်ရန် သို့မဟုတ် မူလအိမ်သို့ ပြန်ရန်မဖြစ်နိုင်ပါက နေရာအသစ်တစ်ခုသို့ ပြောင်းရွှေ့နိုင်ရန် ပြန်လည်ပေါင်းစည်းပေးခြင်း အစီအစဉ်ကို အမှုကိစ္စ စီမံဆောင်ရွက်သူမှ စဉ်းစားထားရန် လိုအပ်သည်။<br><br>▪ ဘေးကင်းလုံခြုံမှုအတွက် ထည့်သွင်းစဉ်းစားခြင်းသည် အလွန်အရေးကြီးပါသည်။<br><br>▪ ဆက်လက်ရှင်သန်နေသူတစ်ဦးတွင် ပညာရေးဆည်းပူးရန်လိုအပ်သော ကလေးငယ်ရှိနေလျှင် ပညာရေးကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် မရှိမဖြစ် အရေးကြီးပါသည်။<br><br>▪ သက်မွေးမှုသင်တန်း သို့မဟုတ် အလုပ်အကိုင်ရရှိမှု/ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများသည် ဆက်လက်ရှင်သန်နေသူများကို စီးပွားရေးအရ အမှီအခိုကင်းရန်နှင့် မိမိကိုယ်ကို တန်ဖိုးထားခြင်းကို တိုးမြှင့်ရန်အတွက် မရှိမဖြစ်လိုအပ်သည်။ |

## ၆။ မြန်မာနိုင်ငံရှိ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုအား တွေ့ကြုံခံစားခဲ့ရပြီး ဆက်လက်ရှင်သန်နေသူများအတွက် ရရှိနိုင်သော ဝန်ဆောင်မှုများ

နေရာဒေသများစွာတွင် ဆက်လက်ရှင်သန်နေသူများအတွက် ရရှိနိုင်သည့် ဝန်ဆောင်မှုများကို ဤလေ့လာချက်မှ သတ်မှတ်ဖော်ထုတ်ခဲ့ပါသည်။ သို့ရာတွင် ၎င်းတို့သည် ပြန့်ကျဲလျက်ရှိနေပြီး ထိရောက်သော လွှဲပြောင်းပေးပို့မှုစနစ်တစ်ခုမှာ ယခုအချိန်အထိ ထွက်ပေါ်မလာသေးပါ။ တရားရေးကဏ္ဍမှ ပုဂ္ဂိုလ်များအပါအဝင် အစိုးရတာဝန်ရှိသူများမှ မှတ်ချက်ပြုသည်မှာ လွှဲပြောင်းပေးပို့မှုစနစ်သည် အားနည်းပြီး၊ လွှဲပြောင်းပေးပို့နိုင်မှု အကန့်အသတ်များနှင့် ဝန်ဆောင်မှုပေးသူများအကြား ပူးပေါင်းဆောင်ရွက်မှု အားနည်းချက်များကြောင့် ဆက်လက်ရှင်သန်နေသူများသည် ၎င်းဝန်ဆောင်မှုများကို ရှာဖွေရန် များသောအားဖြင့် ခက်ခဲနေကြပါသည်။ ဝမ်းနည်းဖွယ်ရာကောင်းသည်မှာ ဆက်လက်ရှင်သန်နေသူတစ်ဦးသည် အကြမ်းဖက်ခံရမှုကို တိုင်ကြားပြီး တရားဝင်အာဏာပိုင်များထံမှ အကူအညီကို ရှာဖွေသည့်တိုင် တုံ့ပြန်ဆောင်ရွက်မှုများမှာ အနည်းသာ ရရှိနေတတ်ပြီး၊ ၎င်းတို့ခံစားနေရသော အကြမ်းဖက်ခံရမှုကို သည်းညည်းခံရန်နှင့် လက်ခံရန်သာ အမျိုးသမီးများကို အကြံပေးပြောကြားကြပါသည်။ ပို၍ဆိုးရွားသည်မှာ ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုကို ရာဇဝတ်မှုအဖြစ်မှ မေးမိန်လျော့ကျအောင် တာဝန်ရှိသူများမှ ပြုလုပ်ခြင်းကြောင့် ၎င်းအပြုအမူများ၏ ပြစ်မှုမြောက်နိုင်မှုကို သေးနုပ်စေပြီးဆက်လက်ရှင်သန်နေသူများကို ပိုမိုအကြမ်းဖက်ခံရနိုင်သည့်အဖြစ်သို့ ရောက်ရှိစေခြင်း သို့မဟုတ် သူမ၏အခြေအနေအတွက် ကယ်ရာမဲ့ဖြစ်နေသည်ဟု ပိုမိုခံစားရခြင်းတို့ကို ဖြစ်စေသည်။(GEN၊ ၂၀၁၅)

> *"(၂၀၁၆) ခုနှစ်တွင် ကိုင်တွယ်ဖြေရှင်းခဲ့သော ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှု (၉၆) ခုတွင် (၁၅) ခု (၁၄ ရာခိုင်နှုန်း) သာ ကာယကံရှင်တွေကိုယ်တိုင် ဒါမှမဟုတ် ကာယံရှင်တွေရဲ့ မိသားစုတွေကနေ ရုံးကို တိုက်ရိုက်လာတိုင်ကြားကြတာဖြစ်တယ်။ အမှုအများစုကတော့ လူမှုအသိုင်းအဝိုင်းနဲ့ အခြားအရပ်ဘက် လူမှုအဖွဲ့အစည်းတွေက ရရှိတဲ့ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှု အသိပညာပေးသင်တန်းတွေကနေ သိရှိခဲ့ရတဲ့ အရေးပေါ်ဆက်သွယ်ဖို့ ဖုန်းနံပါတ်ကနေတစ်ဆင့် တိုင်ကြားကြတာ ဖြစ်ပါတယ်။"*

အရပ်ဘက်လူမှုအဖွဲ့အစည်းမှ ဝန်ထမ်း

ဤလေ့လာချက်မှ တွေ့ရှိသော မြန်မာနိုင်ငံတွင် ရရှိနိုင်သည့် ဝန်ဆောင်မှုများ အကျဉ်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

## ၆.၁။ အရေးပေါ်ကာလအတွင်း ပေးအပ်သော ဝန်ဆောင်မှု

ဤနေရာတွင် အရေးပေါ်ကာလအတွင်း ပေးအပ်သော ဝန်ဆောင်မှုဟူသည်မှာ (၂၄) နာရီ အရေးပေါ်ဖုန်းလိုင်း သို့မဟုတ် စိတ်ခံစားမှုပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် အပြုအမူပိုင်းဆိုင်ရာ ထိခိုက်နာကျင်မှုများ သို့မဟုတ် အခက်အခဲပြဿနာများ ကြုံတွေ့နေရသော ဆက်လက်ရှင်သန်နေသူများအတွက် ချက်ချင်းဝန်ဆောင်မှုပေးမည့် ကာလတို အကူအညီများကို ရည်ညွှန်းပါသည်။ လူမှုဝန်ထမ်းဦးစီးဌာန (DSW) မှ စီမံခန့်ခွဲလျက်ရှိသော တစ်နိုင်ငံလုံး လွှမ်းခြုံထားသည့် ဆက်လက်ရှင်သန်နေသူများအတွက် အကူအညီပေးဖုန်းလိုင်းနစ်ခု ရှိပါသည်။ အရေးပေါ်ကာလ သို့မဟုတ် အရေးပေါ်အခြေအနေတွင် ဆက်လက်ရှင်သန်နေသူများသည် မိသားစုဝင်များထံမှလည်း အကူအညီရှာဖွေနိုင်ကြပါသည်။ ဆက်လက်ရှင်သန်နေသူများသည် အများအားဖြင့် ၎င်းတို့၏ ဆွေမျိုးများ သို့မဟုတ် မိသားစုဝင်များ၏ အကူအညီဖြင့် တရားဝင်အာဏာပိုင်များကို ဆက်သွယ်ကြသည်ဟု ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက်၏ လေ့လာချက် (၂၀၁၅) တွင် တွေ့ရှိခဲ့ပါသည်။ ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုများ အများစုဖြစ်ပွားလေ့ရှိသည့် ညဘက်ပိုင်းတွင်မူ ကူညီထောက်ပံ့ပေးမည့် ဝန်ဆောင်မှုများသည် အနည်းငယ်သာ ရှိနေပါသည်။ ပဋိပက္ခများ ဖြစ်ပွားနေသော ဒေသများတွင် အရေးပေါ်ကာလအတွင်း ပေးအပ်သော ဝန်ဆောင်မှုများကို လက်လှမ်းမမီနိုင်ဘဲ ဖြစ်နေပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန (၂၀၁၈) ၏ အဆိုအရ မည်သည့်မြန်မာအမျိုးသမီးမဆို ကျား၊ မ ရေးရာ ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်ခံရမှုတို့ကို တိုင်ကြားလိုပါက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် (MWAF) သို့ စာပေးပို့တိုင်ကြားနိုင်သည်ဟု ဆိုပါသည်။[၂၉] မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် (MWAF) သည် တိုင်ကြားစာများကို စစ်ဆေးခြင်းနှင့် သုံးသပ်ခြင်းတို့ကို ပြုလုပ်ရန် ဗဟိုအဆင့်၊ ပြည်နယ်/တိုင်းအဆင့်နှင့် ခရိုင်အဆင့်တို့တွင် အဖွဲ့များဖွဲ့စည်းထားပြီးဖြစ်ပါသည်။

## ၆.၂။ နစ်သိမ့်ဆွေးနွေးခြင်း ဝန်ဆောင်မှု (Counselling)

ဆက်လက်ရှင်သန်နေသူများအတွက် နစ်သိမ့်ဆွေးနွေးခြင်း သို့မဟုတ် လူမှုစိတ်ပိုင်းဆိုင်ရာဝန်ဆောင်မှုပေးခြင်းတို့ ပြုလုပ်ပေးနေသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများစွာ ရှိနေပါသည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် (MWAF) ကလည်း အခမဲ့နစ်သိမ့်ဆွေးနွေးမှု ပေးခြင်းနှင့် ဆက်လက်ရှင်သန်နေသူများ ရှေ့ဆက်ဆောင်ရွက်နိုင်သည့် လုပ်ဆောင်ချက်များ (ဥပမာ - တရားဝင်သတင်းပို့ တိုင်ကြားခြင်း) အတွက်လည်း အကြံပေးပါသည်။ ခရိုင်အဆင့်ရှိ လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းပေါင်း (၁၀၀) ခန့်ကို နစ်သိမ့်ဆွေးနွေးပေးခြင်း (Counselling) အပါအဝင် အရေးပေါ်ကာလအတွင်း ဝန်ဆောင်မှုနှင့်ပတ်သက်၍ သင်တန်းများ ပို့ချပေးထားပါသည်။ ဌာနခွဲတိုင်းရှိ နစ်သိမ့်ဆွေးနွေးပေးခြင်း (Counselling) စင်တာများတွင် အိမ်တွင်းအကြမ်းဖက်မှုပြဿနာများကို ကိုင်တွယ်ဖြေရှင်းပေးပါသည်။[၃၀]

---

[၂၉] အစိုးရ၏ ဤလုပ်ဆောင်မှုကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် (WAO)၏ အရာရှိများမှလည်း အတည်ပြုထားပါသည်။

[၃၀] ခရိုင်အဆင့်ရှိ DSW (လူမှုဝန်ထမ်း ဦးစီးဌာန) ဝန်ထမ်းဦးရေ ခန့်မှန်းခြေ ၁၀၀ ခန့်ကို အရေးပေါ်ကာလအတွင်း စီမံခန့်ခွဲမှုအပါအဝင် ဆွေးနွေးနစ်သိမ့်မှု သင်တန်းပေးထားပြီးဖြစ်ပါသည်။

> *"ကျွန်မတွေ့ခဲ့တဲ့ လူတွေထဲမှာ MWAF ကပေးတဲ့ ထောက်ပံ့မှုကို အကြိုက်ဆုံးပဲ။ သူတို့နဲ့တွေ့ရတိုင်း လုံခြုံတယ်လို့ ခံစားရတယ်"*
>
> သူမကို လက်ထပ်လိုသော ချစ်သူနှင့် ရရှိသော ကိုယ်ဝန်ကို ဖျက်ချရန် အတင်းအကြပ် ဖိအားပေးခံရသူ
>
> (အသက် ၁၈ နှစ်)

အိမ်တွင်းအကြမ်းဖက်မှု (DV) သည် မိသားစုအရေးဖြစ်၍ မိသားစုသဟဇာတဖြစ်ရေးအတွက် ဇနီးသည်မှ သည်းခံသင့်သည် ဟူသော တင်းကြပ်သော ရှေးရိုးအယူအဆကို ဝန်ဆောင်မှုပေးအပ်သူများမှ များသောအားဖြင့် ဆုပ်ကိုင်ထားလေ့ရှိသည်။ ၎င်းအယူအဆကို အခြေခံထားသော ဝန်ဆောင်မှုများသည် ဆက်လက်ရှင်သန်နေသူများကို အကြမ်းဖက်ခံရသော်လည်း သည်းညည်းခံရန် ညွှန်ကြားနေရုံသာမက အမျိုးသမီးများကို ကောင်းမွန်စွာ ပြုမူနေထိုင်ရန်နှင့် ဇနီးကောင်း ဖြစ်စေရေးအတွက် သင်ကြားနေရန်သာ ကြိုးပမ်းနေလေ့ပါသည်။ ဆက်လက်ရှင်သန်နေသူ၏ အခွင့်အရေးများကို လေးစားပြီး ဆက်လက်ရှင်သန်နေသူသည် သူမအတွက် ကိုယ်ပိုင်ဆုံးဖြတ်ချက်ကို ချမှတ်နိုင်သည်ဟု ယုံကြည်ထားသော "ဆက်လက်ရှင်သန်နေသူကို ဗဟိုပြုသောချဉ်းကပ်မှု" ကိုထည့်သွင်းစဉ်းစားထားခြင်း သို့မဟုတ် အသုံးပြုထားခြင်း ရှိမနေပါ။ ဆက်လက်ရှင်သန်နေသူများအတွက် နှစ်သိမ့်ဆွေးနွေးရန် စံသတ်မှတ်ချက် သို့မဟုတ် သဘောတူထားသော လုပ်ထုံးလုပ်နည်းများ ရှိမနေသောကြောင့် နှစ်သိမ့်ဆွေးနွေးမှု အရည်အသွေးနှင့် နည်းလမ်းများမှာ နှစ်သိမ့်ဆွေးနွေးသူ တစ်ဦးနှင့်တစ်ဦး၏အကြား များစွာကွာခြားနိုင်ပါသည်။ ဆက်လက်ရှင်သန်နေသူများအတွက် အရပ်ဘက်လူမှု အဖွဲ့အစည်းများစွာမှ ကူညီထောက်ပံ့မှုများ တိုက်ရိုက်ပြုလုပ်နေသော်လည်း ၎င်းတို့အားလုံးမှာ နှစ်သိမ့်ဆွေးနွေးခြင်း အတတ်ပညာအား သင်ကြားလေ့ကျင့်ပေးခံရမှု ရှိမနေသည့်အပြင်၊ ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုအတွက် နှစ်သိမ့်ဆွေးနွေးမှုကို "ဆက်လက်ရှင်သန်နေသူကို ဗဟိုပြုသောချဉ်းကပ်မှု" သို့မဟုတ် "အခွင့်အရေးများကို အခြေခံသောချဉ်းကပ်မှု" နည်းလမ်းအားဖြင့် ပြုလုပ်ရန် အခြေခံဗဟုသုတ နည်းပါးနေပါသည်။ သို့ရာတွင် သူတို့၏ အမျိုးသမီးများကို ထောက်ပံ့ကူညီလိုသည့် စိတ်ထက်သန် ပြင်းပြမှုကိုမူ လျှော့တွက်ခြင်း မပြုသင့်၊ မပြုနိုင်ပေ။

## ၆.၃။ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှု

ငွေကြေးအဆင်မပြေမှုများကြောင့်လည်းကောင်း၊ ဂုဏ်သိက္ခာထိခိုက်မည်ကို စိုးရိမ်သောကြောင့်လည်းကောင်းနှင့် ရှက်ရွံ့နေသောကြောင့်လည်းကောင်း ဆက်လက်ရှင်သန်နေသူများသည် ဆေးရုံ၊ ဆေးခန်းများသို့ များသောအားဖြင့် မသွားရောက်ကြကြောင်း ဤလေ့လာချက်တွင် တွေ့ရှိရပါသည်။ ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက်၏ လေ့လာချက် (၂၀၁၅) တွင် တွေ့ဆုံမေးမြန်းခဲ့သော ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုမှ ဆက်လက်ရှင်သန်နေသူများ၏ တစ်ဝက်ခန့်သည် မိသားစုဝင်များထံသို့ ချဉ်းကပ်ခဲ့ကြသော်လည်း အလွန်နည်းပါးသော ဆက်လက်ရှင်သန်နေသူများကသာ ဆေးရုံ၊ ဆေးပေးခန်းကဲ့သို့ ဆေးကုသမှုနေရာများသို့ သွားရောက်ခဲ့ကြပါသည်။ တချို့ဒေသများတွင် ဆက်လက်ရှင်သန်နေသူများကို ရှေဦးသူနာပြုမှုကဲ့သို့သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုများပေးနေသော အရပ်ဘက်လူမှုအဖွဲ့အစည်းအချို့ရှိသော်လည်း ၎င်းတို့မှာ ဆက်လက်ရှင်သန်နေသူများ၏ ထိခိုက်ဒဏ်ရာများအတွက် ကာလရှည်ကျန်းမာရေးတုံ့ပြန်ပေးမှုမဟုတ်ဘဲ အရေးပေါ်ကာလအတွင်း တုံ့ပြန်မှုများသာ ဖြစ်ပါသည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းအချို့မှ ကာလရှည် ကျန်းမာရေးစောင့်ရှောက်မှုကို နောက်ဆက်တွဲအဖြစ် စီစဉ်ထားပေးသော်လည်း

ဆက်လက်ရှင်သန်နေသူများသည် ရုပ်ထွေးများပြားလှသည့် အကြောင်းပြချက်အမျိုးမျိုးဖြင့်ဆရာဝန်များနှင့် ဆက်လက်ပြသခြင်း မရှိကြကြောင်း သတင်းပေးကြပါသည်။[၃၀]

> “
>
> *ပြည်သူ့ဆေးရုံမှာ ဆရာဝန်တွေ၊ သူနာပြုတွေက ကျွန်မသမီးလေးကို သေချာဂရုစိုက်ပါတယ်။ သူတို့က သောက်ဆေးတွေပေးပြီးတော့ ကျွန်မ သမီးလေးကို သေချာဆေးတိုက်ဖို့ ထပ်ခါ ထပ်ခါ ပြောကြပါတယ်။ သူတို့က သမီးလေးကို အပြစ်မတင်ဖို့၊ သူ့ကို ကောင်းကောင်း ဆက်ဆံဖို့နဲ့ အားပေးဖို့ ကျွန်မကို တိုက်တွန်းတယ်။”*
>
> မုဒိမ်းမှုမှ ဆက်လက်ရှင်သန်နေသူ (အသက် ၁၂ နှစ်) ၏ မိခင်

ကျန်းမာရေးဆေးခန်းများနှင့် ဆေးရုံများသည် ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုကြောင့် ရရှိလာသော ထိခိုက်ဒဏ်ရာများကို ပြုစုကုသမှု ပေးကြပါသည်။ ဥပဒေအရ အရေးယူဆောင်ရွက်ရန် မှုခင်းဆေးပညာဖြင့် စုံစမ်းစစ်ဆေးခြင်းကို အစိုးရဆေးရုံများကသာလျှင် ဆောင်ရွက်နိုင်ပါသည်။[၃၁] မည်သို့ပင်ဖြစ်စေ မှုခင်းဆေးပညာဖြင့် စုံစမ်းစစ်ဆေးခြင်း ပြီးနောက် ဆက်လက်ရှင်သန်နေသူများအတွက် ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှု တားဆီးခြင်းစနစ် သို့မဟုတ် လုပ်ထုံးလုပ်နည်းများသည် ဤလေ့လာချက်ပြုလုပ်နေစဉ် အတွင်းရှိ ကျန်းမာရေးစနစ်တွင် ရှိမနေပါ။

## ၆.၄။ ဥပဒေရေးရာဆွေးနွေးတိုင်ပင်ခြင်း

မြန်မာနိုင်ငံတွင် ဆက်လက်ရှင်သန်နေသူများသည် ၎င်းတို့အား အကြမ်းဖက်သူများကို တရားဥပဒေအရ အရေးယူဆောင်ရွက်ရန် အတွက် တရားစွဲဆိုခြင်းများမှာ အလွန်ရှားပါးလျက် ရှိနေပါသည်။ ထိုကဲ့သို့ အရေးယူဆောင်ရွက်မှုပြုရန် ဆက်လက်ရှင်သန်နေသူများ အတွက် အလွှာပေါင်းစုံတွင် ရှိနေသော အတားအဆီးများမှာ နောက်ဆက်တွဲအခန်းတွင် ဖော်ပြထားသည့်အတိုင်းပင် ဖြစ်ပါသည်။ သူတို့သည် အရေးယူမှုပြုရန် ဆုံးဖြတ်လိုက်သည်နှင့် များသောအားဖြင့် အကူအညီရယူရန် ဥပဒေရေးရာအထောက်အပံ့ပေးသော အရပ်ဘက်လူမှုအဖွဲ့အစည်းများထံသို့ ချဉ်းကပ်ကြပါသည်။ ၎င်းဥပဒေရေးရာအထောက်အပံ့ပေးသော အရပ်ဘက်လူမှုအဖွဲ့အစည်းများ အများစုအားဖြင့် ကွာရှင်းပြတ်စဲခြင်းနှင့် ပစ္စည်းဥစ္စာခွဲဝေခြင်းကဲ့သို့သော တရားမရေးရာများအတွက်သာ ဥပဒေရေးရာကိုယ်စားပြုမှု ပေးအပ်ကြပါသည်။ အချို့အမှုများတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ (MWAF) သည် တိုင်ကြားသူများကို အခမဲ့ ဥပဒေရေးရာ ထောက်ပံ့မှုနှင့် အကြံဉာဏ်များ ပေးပါသည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ရဲကို တရားဝင်တိုင်ကြားခြင်းကဲ့သို့သော ရွေးချယ်မှုများပြုလုပ်နိုင်ရန် ဆက်လက်ရှင်သန်နေသူများ အတွက် သတင်းအချက်အလက်များပေးပါသည်။ သူတို့သည် ကွာရှင်းပြတ်စဲခြင်းကို ရွေးချယ်စရာနည်းလမ်းအဖြစ် ဆွေးနွေးတိုင်ပင်ပေးနိုင်သော်လည်း ၎င်းနည်းလမ်းကို မကြာခဏသုံးလေ့မရှိပါ။ အဘယ်ကြောင့်ဆိုသော် ကွာရှင်းပြတ်စဲမှုသည် ယဉ်ကျေးမှု၊ လူမှုရေး သတ်မှတ်ချက်၊ ဂုဏ်သိက္ခာထိခိုက်နိုင်မှုနှင့် ကွာရှင်းမှုကြောင့် အရှက်ရနိုင်မှုတို့အပြင် ခင်ပွန်းအပေါ် ငွေကြေးပိုင်းဆိုင်ရာ မှီခိုနေရသောကြောင့် ဆက်လက်ရှင်သန်နေသူများအတွက် ကွာရှင်းပြတ်စဲမှုကို နောက်ဆုံးနည်းလမ်းအဖြစ်သာ ရွေးချယ်ကြသည်ဟုထင်ပါသည်။ ထို့ပြင် အမျိုးသမီး၏ဆန္ဒအရ ဥပဒေဆိုင်ရာ အရေးယူဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်လိုပါက လက်ထပ်စာချုပ်အစရှိသော လိုအပ်သည့် စာရွက်စာတမ်းများရရှိရန်လည်း ဝန်ဆောင်မှုပေးပါသည်။

---

[၃၀] ကျား၊ မ ရေးရာအခြေပြု အကြမ်းဖက်မှုမှ ဆက်လက်ရှင်သန်နေသူများ ဆရာဝန်များနှင့် တွေ့ဆုံမှုရပ်တန့်ရသည့် အကြောင်းအချို့မှာ မိသားစုတာဝန်များမှ လွတ်ကင်းချိန် အကန့်အသတ်၊ သူတို့၏ မိဘများ/ခင်ပွန်းတို့မှ ကျန်းမာရေးဆေးခန်းများသို့သွားရောက်ခြင်းကို ပြုစုမှာ ကြောက်ရွံ့ရခြင်း၊ ထိခိုက်ဒဏ်ရာများ၏ နောက်ဆက်တွဲများ အရေးကြီးပုံကို အမျိုးသမီးများနားလည်မှု အားနည်းခြင်း တို့ဖြစ်သည်။

[၃၁] မည်သို့ပင်ဖြစ်စေ မှုခင်းဆေးပညာ စစ်ဆေးခြင်းကို အစိုးရဆေးရုံတွင်သာ ပြုလုပ်ခွင့်ရှိကြောင်း သတ်မှတ်ချက်၊ ဥပဒေ မရှိပါ။

## ၆.၅။ လုံခြုံသည့်နေရာထိုင်ခင်း / နားခိုရာနေရာ

ဤလေ့လာချက်တွင် နေရာထိုင်ခင်း/နားခိုရာနေရာ (၉) နေရာကို သတ်မှတ်ဖော်ထုတ်ထားပါသည်။[၃၃] ၎င်းနေရာထိုင်ခင်း/နားခိုရာနေရာများတွင် အခြေခံနစ်သိမ့်ဆွေးနွေးပေးခြင်း (Basic Counselling)၊ ဥပဒေရေးရာ ဝန်ဆောင်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့လည်း ပေးအပ်ပါသည်။ အမျိုးသမီးများ အကူအညီသွားရောက်ရယူနိုင်သော ယုံကြည်မှုကိုအခြေခံသည့် အဖွဲ့အစည်းများရှိကြသော်လည်း ၎င်းနေရာများ၏ အရေအတွက်ကိုမူ မသိရှိရဘဲ ၎င်းတို့သည် ယာယီနားခိုရာနေရာကိုသာပေးနိုင်ပြီး ရေရှည်ထောက်ပံ့မှုမှာ အားနည်းနေပါသည်။ ထို့ပြင် ၎င်းဝန်ဆောင်မှုများ၏ အရည်အသွေးနှင့် သဘောသဘာဝကိုလည်း မသိရှိရပါ။ နားခိုရာနေရာအတွက် အနိမ့်ဆုံးစံသတ်မှတ်ချက် မရှိသောကြောင့် ၎င်းဝန်ဆောင်မှုများ၏ အရည်အသွေးမှာလည်း ကွဲပြားလျက်ရှိနေပါသည်။ ထို့ကြောင့် စည်းစနစ်ကျသော အရေးယူဆောင်ရွက်မှုမရှိပါက ဆက်လက်ရှင်သန်နေသူများကို နောက်ထပ်တိုး၍ ထိခိုက်စေနိုင်ရုံသာမက အမျိုးသမီးများ၏ ဘေးကင်းလုံခြုံမှုအတွက်လည်း အန္တရာယ်ဖြစ်စေပါသည်။

## ၆.၆။ ပြန်လည်ထူထောင်ပေးခြင်းနှင့်ပြန်လည်ပေါင်းစည်းပေးခြင်း

အထက်ပါ ဝန်ဆောင်မှုအားလုံးသည် ဆက်လက်ရှင်သန်နေသူများအတွက် ၎င်းတို့တွေ့ကြုံခံစားခဲ့သည်တို့ကို ကျော်လွှားနိုင်ရန် လိုအပ်သော ပြည့်စုံသည့်တုံ့ပြန်မှု၏ မရှိမဖြစ်အရေးပါသော အစိတ်အပိုင်းတစ်ခုပင်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ အကြမ်းဖက်သူထံမှ ရှောင်ခွာ၍ ဘဝအသစ်တစ်ခုစတင်နိုင်ပြီး အကြမ်းဖက်မှုသံသရာသို့ ပြန်လည်မရောက်ရှိစေရန် များစွာသော ဆက်လက်ရှင်သန်နေသူများ၏ဘဝ ပြန်လည်ထူထောင်ရန်အတွက် ရေရှည်ထောက်ပံ့မှုများကို လက်လှမ်းမီရယူနိုင်ရန်မှာ အရေးကြီးပါသည်။ ၎င်းလုပ်ငန်းစဉ်များတွင် ဆက်လက်ရှင်သန်နေသူများ (နှင့် ၎င်းတို့၏ ကလေးငယ်များ) အတွက် ရေရှည် ဘေးကင်းလုံခြုံမှုရှိစေခြင်း၊ ကာလရှည်ကြာ နစ်သိမ့်ဆွေးနွေးပေးခြင်း/ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအထောက်အကူပေးခြင်းနှင့်၊ ဝင်ငွေရနိုင်သောလုပ်ငန်းများနှင့် တိုက်ရိုက်ချိတ်ဆက်နိုင်သည့် သက်မွေးသင်တန်းကျောင်းများ လက်လှမ်းမီနိုင်ရန် စီစဉ်ပေးခြင်းတို့ ပါဝင်နိုင်ပါသည်။ မြန်မာနိုင်ငံရှိ ဆက်လက်ရှင်သန်နေသူများသည် ၎င်းတို့အား အကြမ်းဖက်သူများဖြစ်နေကြသော ၎င်းတို့၏ခင်ပွန်းသို့မဟုတ် လက်တွဲဖော်အပေါ်တွင် စီးပွားရေးအရ ယေဘုယျအားဖြင့် မှီခိုနေကြရသည်။ ထို့ကြောင့် အကြမ်းဖက်မှုသံသရာကို ချိုးဖျက်ရန် ဆက်လက်ရှင်သန်နေသူများသည် စီးပွားရေးအရ အမှီအခိုကင်းရန်နှင့်၊ မိမိကိုယ်ကို တန်ဖိုးထားမှုနှင့် မိမိကိုယ်ကို ယုံကြည်မှုတို့မှတဆင့် ထိုအမှီအခိုကင်းမှုကို အားပေးနိုင်ရန်အတွက်မှာ နည်းလမ်းများသာမက အရင်းအမြစ်များပါ လိုအပ်ပါသည်။

[၃၃] UN CEDAW(အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူညီချက်) ကော်မတီသို့ အချိန်ကာလအလိုက် တင်ပြသော မြန်မာအစိုးရ၏ အစီရင်ခံစာ(၂၀၁၇)အရ "အဖွဲ့ချုပ်သည် အစိုးရနှင့် အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်၍ အမျိုးသမီးများကို ကျူးလွန်သည့် အကြမ်းဖက်မှုများနှင့် လူကုန်ကူးမှုများကို ကာကွယ်တားဆီးရန် လုပ်ဆောင်နေပါသည်။ ဆွေးနွေးတိုင်ပင်မှုဌာန ၅၄ ခုကို ပြည်နယ်/တိုင်းနှင့် ခရိုင်အဆင့်တို့တွင် အမျိုးသမီးများကို ကျူးလွန်သည့်အကြမ်းဖက်မှုမှ ခံစားရသူများနှင့် လူကုန်ကူးခံရသူများကို ဆွေးနွေးတိုင်ပင်ခြင်း ဝန်ဆောင်မှုပေးအပ်နေပါသည်။" ဟုဖော်ပြထားပါသည်။ မည်သို့ပင်ဖြစ်စေ ဤအရေအတွက်သည် အမှန်တကယ် လုပ်ငန်းဆောင်ရွက်နေသည့် အရေအတွက်ဖြစ်သည်ဟု ဤလေ့လာချက်တွင် အတည်ပြုချက်မပေးနိုင်ပါ။

## ၆.၇။ တားဆီးကာကွယ်ရေးဆိုင်ရာဝန်ဆောင်မှုများ

ဤလေ့လာချက်သည် ဆက်လက်ရှင်သန်နေသူများအတွက် ဝန်ဆောင်မှုများပေးအပ်ခြင်းကိုသာ အထူးပြုထားသည့်အတွက် တားဆီးကာကွယ်ရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုနယ်ပယ်ကို လေ့လာရာတွင် အကန့်အသတ်ဖြစ်နေပါသည်။ မည်သို့ပင်ဖြစ်စေ ကာကွယ်တားဆီးမှု လုပ်ဆောင်သည့်အခါ ဤအရေးကိစ္စနှင့်ပတ်သက်၍ လူထု၏နားလည်သဘောပေါက်မှုမှာ မြင့်မားလာပြီး ဆက်လက်ရှင်သန်နေသူများသာမက သူတို့၏ မိသားစုဝင်များ၏ အသံများကို စတင်ထွက်ပေါ်လာစေပါသည်။ ထို့ကြောင့် အစိုးရတာဝန်ရှိသူများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများကို ကာကွယ်တားဆီးရေး လုပ်ငန်းများပြုလုပ်ပေးရန် ဤလေ့လာချက်မှ တောင်းဆိုထားပါသည်။ များသောအားဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ၎င်းတို့ရည်ရွယ်ထားသည့် လူမှုအသိုင်းအဝိုင်းတွင် အသိပညာမြှင့်တင်ရေးပွဲများ ပြုလုပ်ခြင်း သို့မဟုတ် လူထုလှုပ်ရှားမှုများ ပြုလုပ်ခြင်းနှင့်၊ လူမှုရေးမီဒီယာများကို အသုံးပြုခြင်းဖြင့် ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုနှင့်ပတ်သက်သော အရေးကိစ္စများကို ပြည်သူလူထုအတွင်း အသိပညာ မြှင့်တင်ပေးကြပါသည်။

# ၇။ မြန်မာနိုင်ငံရှိဝန်ဆောင်မှုပေးအပ်နေသောအဖွဲ့အစည်းများ

အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ပေးအပ်နေသော ထောက်ပံ့ဝန်ဆောင်မှုများ (အိမ်တွင်းအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် လူကုန်ကူးမှုများ)ကို ဤလေ့လာချက်တွင် ဖော်ပြထားပါသည်။ ဖေဖော်ဝါရီ (၂၀၁၇) ခုနှစ်အထိ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်း (၃၃) ခုသည် ဆက်လက်ရှင်သန်နေသူများကို ဝန်ဆောင်မှုပေးအပ်နေသည်ဟု ဖော်ပြထားပြီး၎င်းအရေအတွက်တွင် ဝန်ဆောင်မှုပေးအပ်ခြင်းကို မကြာခင်စတင်တော့မည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ/ အစိုးရမဟုတ်သော အဖွဲ့အစည်းများလည်း ပါဝင်ပါသည်။[၃၄] ပြည်နယ်/တိုင်းများတွင် ပေးအပ်လျက်ရှိသော ဝန်ဆောင်မှုများ၏ အသေးစိတ်အချက်အလက်များ နောက်ဆက်တွဲ (၁) တွင် ရှိပါသည်။


[၃၄] အဖွဲ့အစည်း ၁၀ခုတွင် ပါဝင်သော အဖွဲ့အစည်းများမှာ CARE၊ COM၊ CPI Myanmar၊ Htoi Gender Working Group၊ MEDA၊ MIT၊ Oxfam၊ သင်္ဂဟ ကျား မရေးရာ အဖွဲ့အစည်း၊ TROCAIRE၊ World Vision

## ၈။ ကျား၊ မရေးရာ အခြေပြု အကြမ်းဖက်မှုအား တွေ့ကြုံခံစားခဲ့ရပြီး ဆက်လက်ရှင်သန်နေသူများအတွက် ဝန်ဆောင်မှုရယူရန် လစ်ဟာချက်များနှင့် စိန်ခေါ်မှုများ

ဆက်လက်ရှင်သန်နေသူများမှ အာဏာပိုင်များထံသို့ သတင်းပို့တိုင်ကြားသော အမှုများမှာ အလွန်နည်းပါးပါသည်။ တရားရုံးအရာရှိတစ်ဦးမှ "အိမ်တွင်းအကြမ်းဖက်မှုအတော်များများက ကြားဝင်စေ့စပ်ပေးပြီး ဖြေရှင်းကြတာ များပါတယ်။"ဟု ပြောကြားခဲ့ပါသည်။ ဆက်လက်ရှင်သန်နေသူများမှ တရားမျှတမှုကို လက်လှမ်းမမီနိုင်ရန်အတွက် ကန့်သတ်ထားသော အကြောင်းရင်းများစွာ ရှိနေသည်ဟု ဤလေ့လာချက်မှ အတည်ပြုထားပါသည်။

> *"ကျွန်မရွာကလူကြီးတွေဆီ အဖြစ်အပျက်အကြောင်းသတင်းပို့ပြီးတော့ ဖြစ်စဉ်တစ်ခုလုံးကို ရှင်းပြခဲ့ပါတယ်။ ရွာအုပ်ချုပ်ရေးက မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (MMCWA) က အမျိုးသမီးတစ်ဦးနဲ့ တွေ့ဖို့ပြောပါတယ်။ ကျွန်မ သူနဲ့ တွေ့ပြီးတဲ့တော့ အမျိုးသမီးသူနာပြုတစ်ယောက်လို့ သူပြောတဲ့ အမျိုးသမီးတစ်ယောက်နဲ့ ထပ်စကားပြောတယ်။ ပြီးတော့ ကျွန်မကလေးရဲ့ ခန္ဓာကိုယ်နဲ့ အမျိုးသမီးအင်္ဂါကို အခန်းငယ်လေးထဲမှာ စစ်ဆေးကြတယ်။ ပြီးတော့ ရဲစခန်းကို အမှုဖွင့်ဖို့ သွားကြတယ်။ ရဲတွေကို ကျွန်မ အဖြစ်အပျက်အကြောင်း ရှင်းပြပါတယ်။ သူတို့က မြို့နယ်ဆေးရုံကနေ ဆေးလက်မှတ် သွားယူခိုင်းတယ်။ အဲတာနဲ့ ကျွန်မတို့ ဆေးရုံကိုသွားတယ်။ အဲဒီမှာ အဖြစ်အပျက်ကို ထပ်ရှင်းပြရတယ်။ ဆရာဝန်က ကျွန်မကလေးရဲ့ ခန္ဓာကိုယ်နဲ့ အမျိုးသမီးအင်္ဂါကို ထပ်ပြီး စစ်ဆေးတယ်။ ပြီးတော့ ရဲဆီကို ပြန်လာခဲ့ပါတယ်။ နှစ်ပတ်ကြာတဲ့အခါမှာ ရဲက ကျွန်မတို့ကို ခေါ်ပြီးတော့ အဓမ္မပြုကျင့်ရန် ကြိုးပမ်းမှုနဲ့ အမှုတွဲကို တရားရုံးတင်ထားကြောင်း ပြောတယ်။"*
>
> မုဒိမ်းမှုမှ ဆက်လက်ရှင်သန်နေသူ (အသက် ၉ နှစ်) ၏ မိခင်

ဇယား (၂)          ဝန်ဆောင်မှုအထောက်အပံ့များ ရယူရာတွင် အမျိုးသမီးများအတွက် အတားအဆီးများ




ဆက်လက်ရှင်သန်နေသူများအတွက် ဝန်ဆောင်မှုများကို လက်လှမ်းမီရန် အောက်ပါကွာဟချက်များနှင့် စိန်ခေါ်မှုများရှိနေကြောင်း အဓိကသတင်းပေးသူများက သတ်မှတ်ဖော်ထုတ်ပေးခဲ့ပါသည်။ ၎င်းတို့ကို အောက်တွင် အကျဉ်းချုပ်၍ အမျိုးအစားခွဲခြား ဖော်ပြထားပါသည်။

## ၈.၁။ အမျိုးသမီးများအကြားရှိ ဓလေ့ထုံးစံအရနှင့် သဘောထားအမြင်အရ အတားအဆီးများ

### *၈.၁.၁။ ကျားမရေးရာအခြေပြုအကြမ်းဖက်မှုအကြောင်း အမျိုးသမီးများ၏ သဘောပေါက်နားလည်မှုသည် ကန့်သတ်ချက်ရှိနေခြင်း*

မြန်မာနိုင်ငံရှိ ကျား၊ မ ရေးရာ နှင့်ပတ်သက်၍ ခိုင်မာစွာ အမြစ်တွယ်နေသော ယဉ်ကျေးမှုနှင့် လူမှုစံသတ်မှတ်ချက်များသည် အမျိုးသမီးများ၏ အကြမ်းဖက်မှုကို ထုတ်ဖော်ပြောဆိုနိုင်သည့် စွမ်းရည်နှင့် အကြမ်းဖက်မှုဖြစ်နေစဉ်တွင်ပင် ၎င်းတို့၏ ပတ်သက်ဆက်နွယ်မှုများမှ စွန့်ခွာနိုင်သည့် စွမ်းရည်ကို ထိခိုက်စေပါသည်။[၂၇] ဤလေ့လာချက်တွင် ပါဝင်သော ဆက်လက်ရှင်သန်နေသူများသည် များသောအားဖြင့် သူတို့၏ ဥပဒေဆိုင်ရာ အခွင့်အရေးများကို မသိရှိသည့်အတွက် အကြမ်းဖက်ခံနေရသည့် ဆက်ဆံရေးများကို စွန့်ခွာရန် အလွန်အမင်းခက်ခဲကြောင်း တင်ပြကြပါသည်။ ဇနီးအပေါ် ကျူးလွန်သော ခင်ပွန်း၏ အကြမ်းဖက်မှုကို "မိသားစုအရေး" သို့မဟုတ် "ပုံမှန်" ဟု နားလည်ထားကြသည်။ ပြည်သူလူထု အတွင်းတွင် ဤသဘောထားအမြင်ကို များသောအားဖြင့် တွေ့မြင်ရသည်ဟုလည်း သတ်မှတ်ဖော်ထုတ်ခဲ့သည်။

[၂၇] GEN၊ ၂၀၁၅

အစိုးရအရာရှိတစ်ဦးမှ "များသောအားဖြင့် သူစိမ်းတစ်ယောက်က အကြမ်းဖက်မှုလုပ်မှသာ လူတွေက အကြမ်းဖက်မှုလို့ လက်ခံကြတယ်" ဟု ပြောကြားခဲ့ပါသည်။ ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုသည် ရာဇဝတ်မှုဖြစ်ကြောင်းနှင့် အမျိုးသမီးများ၏အခွင့်အရေးကို ချိုးဖောက်ခြင်းဖြစ်ကြောင်း လူထုအသိပညာပေးမှုများမှာလည်း အကန့်အသတ်များ ရှိနေပါသည်။[၃၆]

> *အိမ်တွင်းအကြမ်းဖက်မှုကို မိသားစု ဒါမှမဟုတ် ကိုယ်ရေးကိုယ်တာအရေးလို့ ကျယ်ကျယ်ပြန့်ပြန့် မှတ်ယူထားကြတယ်။ အဲဒီတော့ ရပ်ကွက်/ကျေးရွာတာဝန်ရှိသူတွေအပါအဝင် လူတိုင်းက ဒါကို လျစ်လျူရှုကြတယ်။ (ဒါမှမဟုတ် အရေးမစိုက်ကြဘူး) သူတို့က ဒါကို အရေးကြီးတဲ့ ကိစ္စလို့ မမြင်ကြဘူး။ ဒီတော့ သူတို့ယောကျ်ားတွေက အကြမ်းဖက်တာခံရတဲ့ အမျိုးသမီးတွေအတွက် အကူအညီရှာဖို့ သွားစရာနေရာ မရှိဘူး''*

အရပ်ဘက်လူမှုအဖွဲ့အစည်းမှ ဝန်ထမ်းတစ်ဦး

## ၈.၁.၂။ *အမျိုးသမီးများမှတရားမျှတမှုရှာဖွေခြင်းကိုဓလေ့ထုံးစံအလေ့အထများမှတားဆီးနေခြင်း*

အငြင်းပွားမှုများကို ဓလေ့ထုံးစံအလေ့အထများဖြင့် မကြာခဏ ဖြေရှင်းလေ့ရှိသည် (GEN၊ ၂၀၁၃)။ ၎င်းသည် တကယ်တမ်းတွင် ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုကို ဖြေရှင်းသည့် ယန္တရားအဖြစ် ရည်ညွှန်းထားကြောင်း ဤလေ့လာချက်မှ တွေ့ရှိရပါသည်။ ဤအလေ့အထသည် အကြမ်းဖက်မှုများ ဖန်တီးခြင်းကို လျစ်လျူရှုထားပြီး အကြမ်းဖက်သူမှ အပြစ်မခံရသော သံသရာလည်မှုကိုလည်း ပံ့ပိုးအားပေးပါသည်။ မုဒိမ်းမှုကို တွေ့ကြုံခံစားခဲ့ရပြီး ဆက်လက်ရှင်သန်နေသူ တစ်ဦးကို သူမနှင့် သူမ၏ မိသားစုဂုဏ်သိက္ခာကိုကာယ်ဆယ်ရန် ပြစ်မှုကျူးလွန်သူနှင့် အခမ္မလက်ထပ်စေသည်ဟု အစီရင်ခံထားပါသည်။ များသောအားဖြင့် အိမ်တွင်းအကြမ်းဖက်မှုမှ ဆက်လက်ရှင်သန်နေသူများသည် အကြမ်းဖက်မှုများကို သည်းညည်းခံရန် ၎င်းတို့၏ မိသားစုများထံမှ ဖိအားပေးခံရပါသည်။ ခင်ပွန်း၏ စွန့်ပစ်ခံရလုနီးပါးရှိသော၊ ဇာတိမြေနှင့် ဝေးကွာသောဒေသတွင် နေထိုင်နေရသော ဆက်လက်ရှင်သန်နေသူမှ ပြောသည်မှာ "ကျွန်မ အရမ်းစိတ်ဓာတ်ကျနေတယ်။ ရွာကို ပြန်သွားဖို့ မဖြစ်နိုင်တော့ဘူး။ ရွာသားတွေကို အထူးသဖြင့် မိဘနဲ့ အကိုတွေကို ဘယ်လိုမျက်နှာပြရမလဲ မသိဘူး။" (အသက် (၃၃) နှစ်အရွယ် ဆက်လက်ရှင်သန်နေသူ တစ်ဦး) အမျိုးသမီးများသည် ယဉ်ကျေးမှုစံသတ်မှတ်ချက်များကြောင့် ဖိနှိပ်ခံနေရပြီး၊ လူမှုအသိုင်းအဝိုင်းနှင့် သဟဇာတဖြစ်စေရန် အကြမ်းဖက်ခံရမှုကို သည်းခံရန်မှလွဲ၍ ရွေးချယ်စရာမရှိဟု သူမအနေဖြင့် ခံစားရသည်။

> *ရပ်ကွက်အုပ်ချုပ်ရေးကနေ အကူအညီရဖို့ ခဏ ခဏ ကြိုးစားခဲ့ဖူးတယ်။ ဒါပေမယ့် အကူအညီ မရပါဘူး။ သူတို့က 'သည်းခံပါ' လို့ပဲ ပြောတယ်။''*

ကွာရှင်းပြတ်စဲထားသူ (အသက် ၄၁ နှစ်)

## ၈.၁.၃။ *အမျိုးသမီးများအကြားရှိရဲ/အာဏာပိုင်များအပေါ်ယုံကြည်မှုမှာအကန့်အသတ်ရှိခြင်း*

ဤလေ့လာချက်တွင် ပါဝင်သော ဆက်လက်ရှင်သန်နေသူအများစုမှာ အာဏာပိုင် သို့မဟုတ် ရဲများကို ယုံကြည်မှု မရှိသောကြောင့် ၎င်းတို့၏အကြမ်းဖက်ခံရမှုများကို သတင်းပို့တိုင်ကြားခြင်းမပြုကြခြင်းဖြစ်သည်ဟု ဖွင့်ဆိုခဲ့ကြပါသည်။ ဖခင်အရင်းမှ အဓမ္မကျင့်ခံရသူ သမီးငယ်တစ်ဦး၏ မိခင်၊ ကိုယ်တိုင်လည်း ယောကျ်ား၏ အကြမ်းဖက်မှုကို ခံနေသူက "ကျွန်မယောကျ်ားရဲ့ အကြမ်းဖက်မှုတွေကို ရပ်အောင် ကူညီပေးဖို့ ရပ်ကွက်အုပ်ချုပ်ရေးကို ကျွန်မအကူအညီ တောင်းဖူးပါတယ်။ ကျွန်မယောကျ်ားက ကျွန်မကိုနေ့တိုင်းလိုလို ရိုက်ပါတယ်။ အဲတော့ ကျွန်မကိုများ အကာအကွယ် ပေးနိုင်မလားဆိုပြီးရပ်ကွက်အုပ်ချုပ်ရေးကို သွားတိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဘာမှဖြစ်မလာပါဘူး။ ဘာအရေးယူမှုမှလည်း မရှိပါဘူး။ ကျွန်မကို သည်းညည်းခံဖို့နဲ့ ကိုယ်ဘာသာကိုယ် ဖြေရှင်းဖို့ပဲ ပြောကြပါတယ်။" (အသက် ၁၄ နှစ်တွင်

[၃၆] GEN & Global Justice၊ ၂၀၁၆

အတင်းအကြပ် အိမ်ထောင်ချပေးခံရသူ၊ အိမ်တွင်းအကြမ်းဖက်မှု (DV)

မှ ဆက်လက်ရှင်သန်နေသူ (အသက် ၃၄ နှစ်))။ ရဲများကို ယုံကြည်မှုမရှိသောကြောင့် အိမ်တွင်းအကြမ်းဖက်မှု (DV) ကိစ္စရပ်များကို ရဲသို့တိုင်ကြားရန် ကြုံးပမ်းသူအမျိုးသမီး အနည်းငယ်သာရှိသည်ဟု အမျိုးသမီးအဖွဲ့များကွန်ရက် မြန်မာ (WON) ၏ လေ့လာချက် (၂၀၁၆) တွင် တင်ပြထားပါသည်။ ဤလေ့လာချက်မှ ရဲနှင့် အာဏာပိုင်များကို အယုံအကြည် ကင်းမဲ့မှုမှာ မြင့်တက်နေသည်ကို အတည်ပြုနိုင်ခဲ့ပြီး တရားစီရင်ရေး၏ အကျိုးသက်ရောက်မှုမရှိမှုနှင့်အတူ တုံ့ပြန်မှုမှာ အားနည်းနေသည်ကိုလည်း အမျိုးသမီးများမှ ပြောကြားခဲ့ပါသည်။[၃၇] အရပ်ဘက်လူမှုအဖွဲ့အစည်းတစ်ခုမှ ဝန်ထမ်းတစ်ဦးက "ရဲတွေ၊ ဆေးရုံတွေနဲ့ တရားရုံးတွေရဲ့ နွေးထွေးမှုမရှိတဲ့ ဆက်ဆံမှုတွေက အဓိက အတားအဆီး ဖြစ်နေပါတယ်။ အကြီးဆုံးစိန်ခေါ်မှုကတော့ ရဲတွေဖြစ်ပါတယ်။" ဟု ဆိုခဲ့ပါသည်။

"

*ကျွန်မ အရပ်ဘက်လူမှုအဖွဲ့အစည်းက ဝန်ထမ်းတွေကို သဘောကျပါတယ်။ သူတို့ကို တွေ့တိုင်း လုံခြုံတယ်လို့ ခံစားရတယ်။ သူတို့က ကျွန်မကို လူသားတစ်ယောက်လို ဆက်ဆံကြတယ်။ ဒါပေမယ့် ရပ်ကွက်အုပ်ချုပ်ရေး၊ ရဲနဲ့ တရားရုံးတွေကိုတော့ ကျွန်မကြောက်တယ်။ သူတို့က ကျွန်မဘက်မှာ ရှိနေတယ်လို့ မထင်ဘူး။ ဒါတော့ ကျွန်မ သူတို့ကို မယုံဘူး။"*

အဓမ္မပြုကျင့်သူ၏ ဒုတိယဇနီးအဖြစ် လက်ထပ်ရန် အတင်းအကြပ် စေခိုင်းခြင်းခံရသည့် မုဒိမ်းမှုမှ ဆက်လက်ရှင်သန်နေသူ

[၃၇] စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲရေး မူဘောင်၊ ၂၀၁၂

## ၈.၂။ ဆက်လက်ရှင်သန်နေသူများအတွက် သတင်းအချက်အလက်နှင့် ဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်မှုတို့တွင် အကန့်အသတ်ရှိခြင်း

အမျိုးသမီးအများအပြားသည် ဖယ်ကျဉ်ခံထားရသည့် အခြေအနေတွင် နေထိုင်ရသည့်အတွက် ဤလေ့လာချက်တွင် ပါဝင်သည့် ဆက်လက်ရှင်သန်နေသူအများစုသည် အကူအညီများကို မည်သည့်နေရာမှ ရယူရမည်ကို မသိကြောင်း တင်ပြခဲ့ကြပါသည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ (MWAF) မှ အဖွဲ့ဝင်တစ်ဦးက "နှစ်သိမ့်ဆွေးနွေးပေးသည့် ဝန်ဆောင်မှု (Counselling) က မြို့နယ်တိုင်းမှာ စနစ်တကျလွှမ်းခြုံမှု မရှိနိုင်ခဲ့ဘူး" ဟု မှတ်ချက်ပြုထားပါသည်။ အမျိုးသမီးအဖွဲ့များကွန်ရက် မြန်မာ (WON) လေ့လာချက် (၂၀၁၆) ကလည်း အမျိုးသမီးများတွင် ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုများအတွက် ရရှိနိုင်သော ဝန်ဆောင်မှုများနှင့်ပတ်သက်သော ဗဟုသုတများ နည်းပါးသည်ဟု ဆိုထားပါသည်။ အမျိုးသမီးများကို ဖိနှိပ်ထားသည့် လူမှုရေးနှင့် ဓလေ့ထုံးစံခံယူမှုများ ပေါင်းစပ်ထားသောကြောင့် အမျိုးသမီးများသည် ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုမှ ကင်းဝေးရန် ရွေးချယ်စရာ နည်းလမ်းများနှင့်ပတ်သက်၍ သတင်းအချက်အလက်များ ရှာဖွေမှု မပြုရဲကြတော့ပါ။

> *ရေးမြို့နယ် (မွန်ပြည်နယ်၏ အစွန်အဖျားအကျဆုံး မြို့နယ်) လို အရမ်းဝေးတဲ့ နေရာတွေနဲ့ ကျေးရွာတွေ (အချို့ကကျွန်းတွေဖြစ်ပါတယ်) မှာဆိုရင် အခြေခံ အဆောက်အဦတွေက အားနည်းလို့ ဝန်ဆောင်မှုတွေကို လက်လှမ်းမီနိုင်ဖို့ နည်းပါးပါတယ်။"*
>
> အရပ်ဘက်အဖွဲ့အစည်းမှ ဝန်ထမ်းတစ်ဦး

ထို့ပြင် ယေဘုယျအားဖြင့် ဆက်လက်ရှင်သန်နေသူများအတွက် ဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်မှုမှာ ကန့်သတ်မှုများ အလွန်ရှိနေပြီး ၎င်းမှာ နိုင်ငံတစ်ဝှမ်းတွင် ဖြစ်ပွားနေသည့် ပြဿနာဖြစ်ပါသည်။[၂၇] အိမ်တွင်းအကြမ်းဖက်မှု (DV) ကို အရပ်ဘက်လူမှုအဖွဲ့အစည်း တစ်ခုထံသို့ တိုင်ကြားမီ နှစ်နှစ်ကြာအောင် အကြမ်းဖက်မှုကို ခံစားခဲ့ရသူ တစ်ဦး (အသက် (၃၄) နှစ်) က "ကျွန်မအရမ်းကို ကြောက်တယ်။ ဆက်တိုက်ကို ကြောက်နေခဲ့ရပြီး မလုံခြုံဘူးလို့လည်း ခံစားနေရတယ်။ ကျွန်မကို သူသတ်မှာကိုလည်း အမြဲစိုးရိမ်နေရတယ်"ဟု ပြောကြားခဲ့ပါသည်။ အခြားဒေသများတွင် ဝန်ဆောင်မှုမှာ အလွန်နည်းပါးနေသို့မဟုတ် ရှိပင် ရှိမနေသော်လည်း ရန်ကုန်နှင့် မန္တလေးတွင်မူ ဆက်လက်ရှင်သန်နေသူများ အတွက် ဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။ သို့ရာတွင် ၎င်းတို့မှာလည်း ပြန့်ကျဲလျက်ရှိနေပါသည်။ ဝန်ဆောင်မှုများကို သေချာစွာရရှိစေရန် ချိတ်ဆက်ညှိနှိုင်းထားသော အထောက်အကူပေးမှု ယန္တရားကို အစိုးရမှ ယခုတိုင် မတည်ထောင်နိုင်သေးပါ။ ဆက်လက်ရှင်သန် နေသူများသည် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ပေးအပ်သည့် အခြေခံဝန်ဆောင်မှုများကိုသာ မှီခိုနေရပါသည်။

## ၈.၃။ ဘေးကင်းလုံခြုံသည့် နားခိုရာနေရာကို လက်လှမ်းမီနိုင်မှုတွင် အကန့်အသတ်ရှိခြင်း

ဆက်လက်ရှင်သန်နေသူ အမျိုးသမီးအများစုမှာ ၎င်းတို့ဘဝအတွက် အန္တရာယ်ကျရောက်နေချိန်၌ပင် ဘေးကင်းလုံခြုံသော နေရာထိုင်ခင်းကို လက်လှမ်းမီနိုင်မှုမှာလည်း အလွန်အကန့်အသတ် ရှိနေပါသည်။ ဤလေ့လာချက်မှ ဆက်လက်ရှင်သန်နေသူများ အတွက် နားခိုရာနေရာ (၉) ခုတွေ့ရှိခဲ့သော်လည်း နားခိုရာနေရာအားလုံးမှာ ကချင် (၄ ခု)၊ ရခိုင် (၃ ခု)၊ ရန်ကုန်နှင့် စစ်ကိုင်းတို့တွင် တစ်ခုစီဟူ၍ ပြည်နယ်နှင့်တိုင်း (၄) ခုတွင်သာ စုစည်းလျက်ရှိပါသည်။[၂၈] ၎င်းပြည်နယ်နှင့်တိုင်း (၄) ခုမှလွဲ၍ အခြားဒေသများတွင် နားခိုရာနေရာ လုံးဝရှိမနေပါ။ အစိုးရတာဝန်ရှိသူများစွာမှ "အကြမ်းဖက်ခံရသူအများစုက သူတို့ရဲ့အကြမ်းဖက်ခံရမှုကို တခြားသူတွေကို

---

[၂၇] ADB၊ ၂၀၁၂

[၂၈] ၎င်း နားခိုရာနေရာကိုးခုကို အခရာ အမျိုးသမီးအဖွဲ့ (ရန်ကုန်)၊ Lutheran World Federation (ရခိုင်)၊ CARE (ကချင်)၊ Plan Myanmar (ကချင်)၊ နားခိုရာ (ယာယီ နားခိုရာနေရာ၊ စစ်ကိုင်း)၊ Better Life Organization (ယာယီ တွေ့ဆုံရာနေရာ၊ ရခိုင်)

ပြောပြရင် အကြမ်းဖက်သူတွေက သူတို့ကိုသတ်မယ်လို့ ခြိမ်းခြောက်ထားတဲ့အတွက် ကြောက်ရွံ့နေကြရတော့ လူမှုလုံခြုံရေးက မရှိမဖြစ်လိုအပ်တယ်" ဟု တူညီသောမှတ်ချက်ပြုကြပါသည်။ လူမှုဝန်ထမ်းဦးစီးဌာန (DSW) သည် ဘေးကင်းလုံခြုံသည့် နားခိုရာနေရာများအပါအဝင် တစ်နေရာတည်းတွင် ဝန်ဆောင်မှုများကို အပြီးအစီးရနိုင်သော အမျိုးသမီးအတွက် အထောက်အပံ့ပေးသည့် စင်တာ (OSWSC) ဟူသော ချဉ်းကပ်မှုနည်းလမ်းကို စတင်ခဲ့ပြီးဖြစ်သော်လည်း အတည်တကျဖွဲ့စည်းမှု မပြုရသေးပါ။ ၎င်းကဲ့သို့သော လုံခြုံသည့် နားခိုရာနေရာများကို ရရှိနိုင်မှုနှင့် လက်လှမ်းမီနိုင်မှုတို့မှာ စိန်ခေါ်မှုတစ်ခုအဖြစ် ရှိနေပါသေးသည်။

## ၈.၄။ တာဝန်ရှိသူများအကြားတွင်ရှိသော အသိပညာနှင့် စွမ်းဆောင်ရည်ဆိုင်ရာ လစ်ဟာချက်များ

### ၈.၄.၁။ ဒေသဆိုင်ရာအစိုးရများတွင်ကျား၊မရေးရာအခြေပြု အကြမ်းဖက်မှုကိုကြားဝင်ဆောင်ရွက်မှု ပြုလုပ်ပေးနိုင်ရန်အသိပညာနှင့်ကျွမ်းကျင်မှုဆိုင်ရာ အကန့်အသတ်များရှိနေခြင်း

*ကျွန်မယောကျ်ားက ကျွန်မကို ဆက်တိုက်နှိပ်စက်ပါး အကြမ်းဖက်နေတော့ 'အခြားသူတွေကို အနှောင့်အယှက်မပေးနဲ့' ဆိုပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးက ကျွန်မတို့ကို ပြောတယ်။ ကျွန်မ အကြမ်းဖက်ခံနေရပေမယ့် ဘာလုပ်ချင်လဲလို့ သူတို့က ကျွန်မကို မမေးဘူး။''*

အိမ်တွင်းအကြမ်းဖက်မှုမှ ဆက်လက်ရှင်သန်နေသူ
(အသက် ၄၀ နှစ်)

ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများကဲ့သို့သော ဒေသဆိုင်ရာ အာဏာပိုင်များသည် ကျား၊ မ ရေးရာအခြေပြု အကြမ်းဖက်မှုကို တုံ့ပြန်ရာတွင် ရှေ့တန်းမှရှိနေရန် လိုအပ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ဆက်လက်ရှင်သန်နေသူများနှင့် ဒေသဆိုင်ရာနီးကပ်မှု ရှိနေရုံသာမက မိသားစုဆက်ဆံရေးနှင့်ပတ်သက်၍ နားလည်မှု အချို့ရှိသောကြောင့် ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ၎င်းတို့သည် ကျား၊ မ ရေးရာကို အလေးဂရုပြုထားသည့် ဘေးကင်းလုံခြုံမှု၊ ဆက်လက်ရှင်သန်နေသူကို ဗဟိုပြုသည့် ကြားဝင်ဆောင်ရွက်ပေးမှုတို့အတွက် ကျွမ်းကျင်မှုနှင့် ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုဆိုင်ရာ အရှိန်အဟုန် (GBV dynamics) ကို နားလည်နိုင်မှုမှာလည်း အကန့်အသတ်ဖြင့် ရှိနေပါသည်။ အမျိုးသမီးများကို ခွဲခြားဆက်ဆံမှုဖြစ်စေသည့် ယဉ်ကျေးမှုနှင့် ရိုးရာအသိအမြင်တို့သည် တာဝန်ရှိသူများ၏ ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုများ ကိုင်တွယ်ရာတွင် ထားရှိသည့် စိတ်နေသဘောထားအပေါ် အနုတ်သဘောအားဖြင့် လွှမ်းမိုးနေပါသည်။ ဆက်လက်ရှင်သန်နေသူများနှင့် ပထမဆုံး ထိတွေ့ဆက်ဆံရာတွင် အရေးပါသည့် နှစ်သိမ့် ဆွေးနွေးမှု (Counselling) ကျွမ်းကျင်မှုများသည်လည်း ၎င်းပုဂ္ဂိုလ်များ အကြားတွင် အားနည်းလျက် ရှိနေပါသည်။ ထို့အပြင် ဆက်လက်ရှင်သန်နေသူများကို ထောက်ပံ့မှုပေးရန် အတွက် ဒေသဆိုင်ရာအာဏာပိုင်များတွင် ကျွမ်းကျင်မှုသာမက အရင်းအမြစ်များမှာလည်း ကန့်သတ်မှုများဖြင့် ရှိနေပါသည်။

အိမ်တွင်းအကြမ်းဖက်မှု (DV) များဖြစ်ပွားပါက ရပ်ကွက် အာဏာပိုင်များသည် များသောအားဖြင့် စုံတွဲများကို အတူတကွ ခေါ်ယူ၍ ၎င်းတို့၏ ဆက်ဆံရေးတွင် အိမ်တွင်းအကြမ်းဖက်မှုကို ရပ်တန့်ရန် ကြားဝင်စေ့စပ်ပေးလေ့ရှိသည်။ မည်သို့ပင်ဖြစ်စေ အခြေအနေအများစုတွင် ၎င်းတို့သည် ဤကဲ့သို့ကိစ္စများ ကြားဝင်စေ့စပ်ပေးရန်အတွက် သင်ကြားလေ့ကျင့်ထားမှု မရှိပါ။ အမျိုးသမီးများသည် အခြားသူများထံမှ အကူအညီ ထပ်မံတောင်းခံပါက အကြမ်းဖက်မှုမှာရပ်တန့်သွားမည် မဟုတ်ကြောင်း ၎င်းတို့၏ခင်ပွန်းများမှ ခြိမ်းခြောက်ကြသည်ဟု အမျိုးသမီးအများစုမှ ပြောကြားပါသည်။

မသန်စွမ်းအမျိုးသမီးများသည် ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုကြုံတွေ့ရနိုင်ချေ ပိုမိုများပြားသော်လည်း ၎င်းတို့အတွက် လူမှုရေးဆိုင်ရာ လုံခြုံမှုအကာအကွယ်မှာ ရှိမနေသည့်အပြင် ဝန်ဆောင်မှုများမှာလည်း မြန်မာနိုင်ငံ

တစ်ဝန်းလုံးတွင် နည်းပါးလျက် ရှိနေပါသည်။ မသန်စွမ်း အမျိုးသမီးများအပေါ် နားလည်မှုအားနည်းခြင်းနှင့် အနှုတ်သဘောဆောင်သော စိတ်နေသဘောထားများသည် ဆက်လက်ရှင်သန်နေသူ မသန်စွမ်းအမျိုးသမီးများ၏ ထုတ်ဖော်ပြောဆိုလာစေနိုင်မှုကို ဟန့်တားထားသည်။[၄၀]

### *၈.၄.၂။ ရဲနှင့်တရားရုံးမှ ကျား/မ ရေးရာ အခြေပြု အကြမ်းဖက်မှုကို အားပျော့သေးသိမ်စေခြင်း*

ဆက်လက်ရှင်သန်နေသူတစ်ဦးက ပြောကြားသည်မှာ သူမ၏ ခင်ပွန်းက သူမကို ရိုက်နက်တိုင်း "ကျေးရွာအုပ်ချုပ်ရေးမှူးကို အကူအညီသွားတောင်းရင် ဒီအကြောင်းကိုပဲ ထပ်ခါထပ်ခါ ပြောရဦးမယ်။ ဒါပေမယ့် သူတို့က ကျွန်မအတွက် ပြဿနာကို ဖြေရှင်းပေးဖို့ ဆန္ဒမရှိပါဘူး" ဟူ၍ ဖြစ်ပါသည်။ အရွယ်မရောက် သေးသူများကို အဓမ္မပြုကျင့်မှုများအပါအဝင် ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုကို တိုင်ကြားမှုများ လက်ခံရရှိကြောင်း ရဲနှင့် တရားရုံးအာဏာပိုင်များမှ ပြောကြားပါသည်။ မည်သို့ပင် ဖြစ်စေ ရဲများ၏ တုံ့ပြန်မှုအများစုမှာ နှေးကွေးကြောင်း၊ ဆက်လက်ရှင်သန်နေသူများနှင့် သူတို့၏ မိသားစုများကို နောက်နေ့တွင် ရဲစခန်းကို ပြန်လာရန်သာ အကြံပေးလေ့ ရှိကြောင်း ဤလေ့လာချက်မှ တွေ့ရှိရပါသည်။ အဓမ္မ ပြုကျင့်ခံရသူ အသက်သုံးနှစ်အရွယ်မိန်းကလေး၏ အဘိုးက "ရဲကို ကျွန်တော် သွားတိုင်ပါတယ်။ သူတို့က အမှုအကြောင်းကို မေးတယ်။ ကျွန်တော်တို့ ရဲစခန်းမှာ တစ်ညလုံးနီးပါး နေခဲ့ရတယ်။ ပြီးတော့မှ ရဲက နောက်နေ့ပြန်လာဖို့ ပြောတယ်။ ဒါတော့ နောက်နေ့မှာ ပြန်သွားရတယ်"ဟု ပြောသည်။ ၎င်း (ရဲက ဆက်လက်ရှင်သန်နေသူများနှင့် သူမ၏ မိသားစုကို နောက်တစ်ရက်မှ ပြန်လာရန်ပြောခြင်း) အတွက် အကြောင်းပြချက်မှာ မရှင်းလင်းသော်လည်း ဤအလေ့အထမှာ အဖြစ်များနေကြောင်း သတင်းပေးကြပါသည်။ ရဲကို ညဘက်အချိန်တွင် သွားရောက်တိုင်ကြားလျှင် အရေးယူပေး နိုင်ရန်အတွက် ရဲများက နောက်နေ့မှာ လာရောက်ရန် ပြောလေ့ရှိသည်။ အဓမ္မကျင့်ခံရသူ၏ အုပ်ထိန်းသူက "အသက် ၇၂ အရွယ်လူကြီးက အဓမ္မကျင့်တယ်ဆိုတာ ယုံလားလို့ ရဲက မေးတယ်။ ကျွန်မက ယုံတယ်လို့ ဖြေလိုက်တယ်။ ပြီးတော့ ကျွန်မပြောတာ မဟုတ်ရင် တရားစွဲခံရနိုင်ပြီး ထောင်ထဲရောက်သွားနိုင်တယ် ဆိုပြီးရဲက ခြိမ်းခြောက်တယ်။" ဟု ဖွင့်ဟပြောခဲ့ပါသည်။ ရဲအရာရှိများ၏ ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှု အရှိန်အဟုန် (GBV dynamics) နှင့်ပတ်သက်၍ နားလည်မှုမှာ အကန့်အသတ်ဖြင့်သာရှိနေခြင်း တစ်ခါတစ်ရံတွင် အမျိုးသမီးများအပေါ် အန္တရာယ်ရှိနေတတ် ပါသည်။ ခင်ပွန်း၏အကြမ်းဖက်မှုကို ခံရသော အမျိုးသမီး တစ်ယောက်အတွက်မူ ထိုခင်ပွန်းနှင့် တရားဝင်ကွာရှင်းခြင်း မရှိပါက ၎င်းအမျိုးသမီးအား အကာအကွယ်ပေးရန်အတွက် ရဲမှ အရေးယူလေ့မရှိကြောင်းလည်း ပြောကြားကြပါသည်။ အသက် (၄၁) နှစ် အရွယ်ရှိ ဆက်လက်ရှင်သန်နေသူတစ်ဦးက "ကွာရှင်းပြီး ၁၅ ရက် အကြာမှာ သူက ကျွန်မအိမ်ကို လာတယ်။ အိမ်ရှေ့ကနေအော်တယ်။ သူက အိမ်ရှေ့မှာ ကားပေါ် ညအိပ်တယ်။ အဲတော့ ကျွန်မကကြောက်လို့ ရဲစခန်းကို သွားတယ်။ ရဲအရာရှိက ကွာရှင်းပြတ်စဲကြောင်း လက်မှတ်ပြနိုင်းတယ်။ (ဒါမှ အရေးယူလို့ရမယ်တဲ့)" ဟု ပြောပြ ခဲ့ပါသည်။

တုံ့ပြန်ဖြေရှင်းပေးသူများအနေဖြင့် အမျိုးမျိုးသော ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုပုံစံများ၏ အရှိန်အဟုန် (Dynamics) နှင့်ပတ်သက်၍ နားလည်မှုအားနည်းကြောင်းကို ဤလေ့လာချက်တွင် တွေ့ရှိရပါသည်။ သုတေသနပြုသူများ ကြိမ်ဖန်များစွာ ကြားရသည်မှာ အိမ်တွင်းအကြမ်းဖက်မှုသည် ဆင်းရဲသော မိသားစုများတွင်သာ ဖြစ်ပွားပြီး အရက်ကြောင့် ဖြစ်သည်ဟု ဖြစ်သည်။ စာပေရေးသားချက်များအရ ၎င်းအချက်များသည် အကြမ်းဖက်မှုများ ဖြစ်ပွားစေရန် တွန်းအားပေးသည့် အချက်အချို့သာဖြစ်ပြီး အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များကို အကြမ်းဖက်စေသည့် အဓိက အကြောင်းရင်းများ လုံးဝမဟုတ်ပါချေ။

[၄၀] ကရင်လူ့အခွင့်အရေးအဖွဲ့၊ ၂၀၁၆

## ၈.၅။ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင် ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုများကို ဖော်ထုတ်သတ်မှတ်ခြင်းနှင့် တုံ့ပြန်ခြင်းအတွက် လုပ်ထုံးလုပ်နည်းများ ရှိမနေခြင်း

> *"ဆေးရုံမှာ ဆရာဝန်မတစ်ယောက်နဲ့ သူနာပြုဆရာမ သုံးယောက်က သီးသန့်ခန်းထဲမှာ ကျွန်မကို စစ်ဆေးပါတယ်။ သူတို့က ကျွန်မကို ဘာမှ မမေးပါဘူး။ ကျွန်မတစ်ကိုယ်လုံးကို စစ်ဆေးရုံပါပဲ"*
>
> မုဒိမ်းမှုမှ ဆက်လက်ရှင်သန်နေသူ
>
> (အသက် ၁၃ နှစ်)

ထိခိုက်ဒဏ်ရာများသည် အလွန်အမင်း မပြင်းထန်မချင်း ဆက်လက်ရှင်သန်နေသူများသည် ဆေးရုံများသို့သွားရန် တွန့်ဆုတ်လေ့ရှိကြပြီး နာကျင်မှုကို သည်းညည်းခံကြလေ့ သို့မဟုတ် အိမ်၌သာ မိမိဘာသာ ကုသရန် ကြိုးပမ်းကြလေ့ ရှိပါသည်။ မြန်မာနိုင်ငံတွင် အစိုးရ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်သည် မူခင်းဆေးပညာအရ စစ်ဆေးခြင်းမှလွဲ၍ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုကို ကိုင်တွယ်ဖြေရှင်းရန် လုပ်ကိုင်နိုင်စွမ်းမှာ အကန့်အသတ် ရှိပါသည်။ ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုမှ ဆက်လက်ရှင်သန်နေသူများကို ဆေးရုံများတွင် ကုသပေးမှုများ ရှိပါသည်။ ဆက်လက်ရှင်သန်နေသူများသည် ဆေးရုံတွင် ကုသမှုခံယူနေကြစေကာမူ ၎င်းတို့၏ ထိခိုက်ဒဏ်ရာများဖြစ်ပွားရသည့် အဓိကအကြောင်းအရင်းကို စုံစမ်းစစ်ဆေးသော လုပ်ထုံးလုပ်နည်းမရှိပါ သို့မဟုတ် ဆက်လက်ရှင်သန်နေသူ၏ သဘောတူညီချက် မေးမြန်းရယူခြင်း မရှိပါ။ နှစ်သိမ့်ဆွေးနွေးခြင်းဝန်ဆောင်မှု သို့မဟုတ် လုံခြုံသည့် နေရာထိုင်ခင်းကဲ့သို့သော အခြားဝန်ဆောင်မှုများကို လွှဲပြောင်းပေးပို့မည့် စနစ်တစ်ခုလည်း တည်ထောင်ထားခြင်း မရှိသေးပါ။

စီးပွားရေးအကြောင်းပြချက်အရ ကိုယ်ဝန်ဖျက်ချမှုများကို ကြားသိနေရသည့်တိုင် မြန်မာနိုင်ငံရှိ ဥပဒေသည် အမျိုးသမီးများကို ကိုယ်ဝန်ဖျက်ချခွင့်မပေးပါ။[၅၁] ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုပေးအပ်သူတစ်ဦးနှင့် မေးမြန်းစဉ် "ကိုယ်ဝန်ဖျက်ချမှုဟာ ပြစ်မှုမြောက်တယ်ဆိုတဲ့ ဥပဒေအရ အကြမ်းဖက်ခံရသူက ရရှိလာတဲ့ကိုယ်ဝန်ကို မလိုချင်ပေမယ့် ကျွန်မတို့အနေနဲ့ သူ့ကို အကူအညီပေးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ အဲဒါကတော့ ကျွန်မတို့အတွက် ကြီးမားတဲ့ စိန်ခေါ်မှုပါပဲ" ဟု ဖြေကြားခဲ့ပါသည်။

ထို့ကြောင့် ဆက်လက်ရှင်သန်နေသူများကို ဝန်ဆောင်မှုပေးအပ်ရမည့် ကျန်းမာရေးအရာရှိများအတွက် အစိုးရမှ ချမှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့် စံနှုန်းများ မရှိခြင်းက ၎င်းကျန်းမာရေး ကျွမ်းကျင်သူများအတွက် ကြီးမားသော စိန်ခေါ်မှုများ ဖြစ်ပေါ်စေပါသည်။

[၅၁] အမျိုးသမီးအဖွဲ့များကွန်ရက် မြန်မာ (WON)၊ ၂၀၁၆

## ၈.၆။ ဝန်ဆောင်မှုများကိုလက်လှမ်းမီရရှိနိုင်ရန်အတွက် အတားအဆီးဖြစ်နေသည့်ကုန်ကျစရိတ်

> *"အမှုတစ်ခုအတွက် တရားရုံးကို အနည်းဆုံး ၁၅ ကြိမ်မှ အကြိမ် ၂၀ လောက်ထိ သွားဖို့ လိုအပ်ပါတယ်။ ရှေ့နေခ မပါဘဲနဲ့တောင် တရားရုံးတစ်ခါသွားရင် လေးသောင်းကနေ ငါးသောင်းလောက်ထိ ကုန်ကျပါတယ်။ ဒါကြောင့် ရှေ့နေခပါ ထည့်တွက်မယ်ဆိုရင် စုစုပေါင်း သိန်းနှစ်ဆယ်လောက် ကုန်ကျပါတယ်။"*
>
> အရပ်ဘက်လူမှုအဖွဲ့အစည်းမှ ဝန်ထမ်းတစ်ဦး

ဆက်လက်ရှင်သန်နေသူများသည် မတူညီသော ဝန်ဆောင်မှုပေးအပ်သူများဆီသို့ ဝေးလံစွာခရီးသွားလာရခြင်းနှင့် အမှုအပေါ်မူတည်၍ ကြိမ်ဖန်များစွာ သွားလာရသည့်အတွက် ကုန်ကျစရိတ်များကြောင့် ၎င်းတို့သည် အဆင့်တိုင်းတွင် အခက်အခဲများ တွေ့ကြုံကြရပါသည်။ ဝန်ဆောင်မှုပေးအပ်သူများဆီသို့ သို့မဟုတ် မြို့ပြများသို့ ခရီးသွားလာစားရိတ် အတွက် ငွေကြေးချို့တဲ့သောကြောင့် အကူအညီရှာဖွေရန်မှာ မဖြစ်နိုင်ကြပေ။ အသက် ၃၄ နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးက "ကျွန်မနဲ့ ကျွန်မခင်ပွန်းတို့ တရားရုံးမှာ တရားဝင်ကွာရှင်းဖို့ သွားကြတယ်။ ကျွန်မရဲ့လေးစားမှုကို ပြဖို့အတွက် အမျိုးသမီးတရားသူကြီး ကို သုံးသောင်းကျပ် ပေးခဲ့ရတယ်။ အဲဒီလိုပေးဖို့ ကျွန်မရဲ့မောင်က အကြံပေးတာပါ။" ဟု ဖွင့်ဟပြောဆိုခဲ့ပါသည်။ ဤကဲ့သို့သော ငွေကြေးပေးရန် ချို့တဲ့မှုသည် တစ်ခါတစ်ရံတွင် ဝန်ဆောင်မှုများကို လက်လှမ်းမီရယူရန် ဆက်လက်ရှင်သန်နေသူများကို တားဆီးနေပါသည်။ ရဲမှတ်တမ်း ဖြည့်စွက်ခြင်း သို့မဟုတ် လိုအပ်သော စာရွက်စာတမ်းများ ရယူခြင်းတို့အတွက် တရားဝင်မဟုတ်သော အခကြေးငွေများပေးရသည် ဟုလည်း ထုတ်ဖော်ပြောဆိုခဲ့ကြပါသည်။ ဥပဒေရေးရာအတွက် အခကြေးငွေများ အများအပြားပေးရမည်ကို စိုးထိတ်ကြောက်ရွံ့ခြင်း သည်လည်း တရားရုံးတွင် ကွာရှင်းပြတ်စဲရန် လျှောက်ထားလိုသော အိမ်တွင်းအကြမ်းဖက်မှု (DV) မှ ဆက်လက်ရှင်သန်နေသူများ အတွက် အတားအဆီး ဖြစ်စေပါသည်။

## ၈.၇။ လျှို့ဝှက်ထိန်းသိမ်းပေးထားမှု မရှိသလောက်ဖြစ်ခြင်း

ဝန်ဆောင်မှုပေးအပ်သူများနှင့် တာဝန်ရှိသူများအကြားတွင် ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုအကြောင်းကို ဆက်လက်ရှင်သန်နေသူများ၏ ခွင့်ပြုချက်မပါဘဲ ဆွေးနွေးလေ့ရှိကြပြီး၊ ၎င်းမှာ မြန်မာနိုင်ငံတွင် ပုံမှန်အလေ့အထတစ်ခုအဖြစ် ရှိနေပါသည်။ ဆက်လက်ရှင်သန်နေသူများ၏ အမည်များကို ကွယ်ဝှက်ခြင်းမပြုဘဲ လွှဲပြောင်းပေးပို့ခြင်းနှင့် မှတ်သားခြင်းများပြုလုပ်ကြပြီး၊ မည်သူမည်ဝါဖြစ်ကြောင်း အခြားသူများကိုလည်း ထုတ်ဖော်ပြောပြကြပါသည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ လျှို့ဝှက်ထိန်းသိမ်းရန် ကြိုးပမ်းမှုများ ရှိခဲ့သော်လည်း ဤအချက်ကို အလေးထားမှု အမြဲရှိမနေသည်မှာ အထင်အရှားပင် ဖြစ်ပါသည်။ ဤလေ့လာချက်တွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအကြောင်းကို အများနှင့်ဆိုင်သည့် နေရာများ၊ ရပ်ကွက်ရုံးများ၊ ရဲစခန်းများနှင့် တရားရုံးဝင်းများတွင် ပွင့်လင်းစွာ အမေးခံခဲ့ရသော ဆက်လက်ရှင်သန်နေသူများနှင့် ၎င်းတို့၏မိသားစုများ အများအပြားကို တွေ့ဆုံခဲ့ရပါသည်။ "ကျွန်မသမီးက ကျောင်းမှာ ကောင်လေးတွေက စနောက်နေလို့ ကျောင်းမတက်ချင်တော့ဘူးလို့ ပြောတယ်။ အခြားရွာမှာ ၁၀ တန်းတက်နေတဲ့ ကျွန်မရဲ့ အကြီးဆုံးသမီးကလည်း Facebook ကနေ ဒီအကြောင်းကို တွေ့သွားတယ်။ ရွာမှာ တစ်ယောက်နဲ့တစ်ယောက်က သိနေတော့ သမီးလေးကရှက်ပြီး ကျောင်းထွက်ချင်တယ်လို့ အခုပြောနေတယ်။ ကျွန်မသူ့ကို အရှုံးမပေးဖို့နဲ့ ကျောင်းဆက်တက်ဖို့ အားပေးနေရတယ်။" (အသက်ကိုးနှစ်အရွယ် ဆက်လက်ရှင်သန်နေသူ၏ မိခင်)

ဇယား (၃) မြန်မာနိုင်ငံမှ ဝန်ဆောင်ထောက်ပံ့မှုများ၏ လစ်ဟာချက်

| လိုအပ်ချက်များ | ရရှိနိုင်သော ဂန်ဆောင်မှုများ | လစ်ဟာချက်များ |
| --- | --- | --- |
| ▪ ဆက်လက်ရှင်သန်နေသူကို ဗဟိုပြုသည့် ချဉ်းကပ်မှု<br>▪ ဘေးကင်းလုံခြုံမှုကို စစ်ဆေးခြင်း<br>▪ အရေးပေါ် ဆေးကုသမှုကို လက်လှမ်းမီနိုင်မှု<br>▪ ဘေးကင်းလုံခြုံသော နေရာ<br>▪ လျှို့ဝှက်ထိန်းသိမ်းထားမှု<br>▪ စိတ်ပိုင်းဆိုင်ရာ/စိတ်ခံစားမှုဆိုင်ရာ ပံ့ပိုးထောက်ပံ့မှု<br>▪ လူမှုရေးဆိုင်ရာ ဝန်ဆောင်မှု<br>▪ ဥပဒေရေးရာ ထောက်ပံ့မှု<br>▪ ပြန်လည်ပေါင်းစည်းနိုင်ရန် ပံ့ပိုးထောက်ပံ့မှု | ▪ အရေးပေါ် ကာလအတွင်း ပေးအပ်သော ဝန်ဆောင်မှု<br>▪ နှစ်သိမ့်ဆွေးနွေးခြင်းဖြင့် ပံ့ပိုးထောက်ပံ့မှု (Counselling)<br>▪ ဥပဒေရေးရာ ပံ့ပိုးထောက်ပံ့မှု/ ဆွေးနွေးတိုင်ပင်ခြင်း<br>▪ ဘေးကင်းလုံခြုံသည့်နေရာ<br>▪ ပြန်လည်ထူထောင်ပေးခြင်း<br>▪ ကာကွယ်တားဆီးရေးဆိုင်ရာ ဝန်ဆောင်မှု | ▪ အမျိုးသမီးများ၏ အခွင့်အရေးနှင့် ပတ်သက်၍ သိရှိမှု အားနည်းနေသည်။<br>▪ တရားမျှတမှုကို လက်လှမ်းမီရန် ဓလေ့ထုံးစံများမှ တားဆီးထားသည်။<br>▪ အာဏာပိုင်များအပေါ် ယုံကြည်မှု အကန့်အသတ်<br>▪ ဝန်ဆောင်မှုများအတွက် သတင်းအချက်အလက်နှင့် လက်လှမ်းမီနိုင်မှု အကန့်အသတ်<br>▪ ကျား၊ မ ရေးရာအခြေပြု အကြမ်းဖက်မှုနှင့် အထောက်အပံ့ပေးရန် အာဏာပိုင်များ၏ စွမ်းဆောင်နိုင်မှုတွင် အကန့်အသတ်ရှိနေသည်။။<br>▪ လွှဲပြောင်းပေးပို့မှုစနစ် မရှိခြင်း<br>▪ ရဲ နှင့် တရားရုံးများသည် အကြမ်းဖက်မှုကို အားပျော့သေးသိမ်စေသည်။<br>▪ ဝန်ဆောင်မှုများအတွက် ကုန်ကျစရိတ်များ<br>▪ ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှု၏ အရှိန်အဟုန်ကို နားလည်မှု အားနည်းခြင်း<br>▪ လျှို့ဝှက်ထိန်းသိမ်းပေးမှု မရှိခြင်း |

## ၉.၉။ လွှဲပြောင်းပေးပို့မှု / စောင့်ကြည့်လေ့လာခြင်း

အချို့သော ကျား၊ မ ရေးရာအခြေပြု အကြမ်းဖက်မှုများကို အစိုးရကိုယ်စားလှယ်အဖွဲ့အစည်းများဖြစ်သည့် ရဲ သို့မဟုတ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် (MWAF)၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (MMCWA) ကဲ့သို့သော အရပ်ဘက် လူမှုအဖွဲ့အစည်းများသို့ တိုင်ကြားခဲ့ကြသော်လည်း ၎င်းအမှုများနှင့်ပတ်သက်၍ မှတ်တမ်းတင်စနစ်မရှိခြင်း၊ တာဝန်ရှိသူများအကြား သတင်းအချက်အလက် မျှဝေမှုသည် ထိရောက်မှုမရှိသကဲ့သို့ ညှိနှိုင်းဆောင်ရွက်မှုလည်း ရှိမနေပါ။ အမှုပေါင်းများစွာကို တရားဝင် မဟုတ်သော နည်းလမ်းများဖြင့် ဖြေရှင်းနေကြသော်လည်း အရေးကြီးသော မှုခင်းများကို ဦးစားပေးကာ ရင်ဆိုင်ဖြေရှင်းရန်ဟူသော ရည်ရွယ်ချက်ဖြင့် စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ရှေ့ဆက်ဆောင်ရွက်ခြင်းများ ပြုလုပ်ရန်အတွက် အာဏာပိုင်များအား တိုင်ကြားသည့် အမှုများကိုမူ နိုင်ငံအဆင့် စာရင်းဇယားအဖြစ် သေချာစွာ မှတ်တမ်းတင်ထားသင့်ပါသည်။ ဥပဒေဆိုင်ရာ အကူအညီပေးသော အရပ်ဘက်လူမှုအဖွဲ့အစည်းမှ ဝန်ထမ်းတစ်ဦးက "၂၀၁၆ ခုနှစ်မှာ ကျွန်တော်တို့ရုံးကို မုဒိမ်းမှု (၅) ခုနဲ့ အိမ်တွင်းအကြမ်းဖက်မှု (DV) (၁၀) ခု တိုင်ကြားလာတာရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့မှာ အဲဒီအချက်အလက်တွေကို မှတ်တမ်းတင်သိမ်းဆည်းထားတဲ့စနစ်

နက်ရှိုင်းစွာနားလည်မှုရှိခြင်းသည် တရားမျှတမှုကို မျှတစွာနှင့် ပြည့်စုံလုံလောက်စွာ လက်လှမ်းမီမှု သေချာစေရန်အတွက် လိုအပ်နေပါသည်။ အမျိုးသမီးများ တွေ့ကြုံခံစားနေရသည့် အခြေခံကျသော ခွဲခြားဆက်ဆံမှုများနှင့် အမျိုးသမီးများအတွက် ပညာရေးနှင့် ဘဏ္ဍာရေး အရင်းအမြစ်များ လက်လှမ်းမီနိုင်မှုမရှိသော သို့မဟုတ် ကန့်သတ်ထားသော လူမှုအသိုင်းအဝိုင်း များကြောင့် ဆက်လက်ရှင်သန်နေသူများသည် ၎င်းတို့၏ အခွင့်အရေးများ ချိုးဖောက်ခံရခြင်းများကို အဆင့်များစွာတွင် ရင်ဆိုင်နေရပါသည်။

ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုကို တုံ့ပြန်ဖြေရှင်းသည့် အားထုတ်မှုများကို မြန်မာနိုင်ငံတွင် စတင်နေပြီ ဖြစ်ပါသည်။ ဆက်လက်ရှင်သန်နေသူများသည် ပံ့ပိုးထောက်ပံ့ပေးသော ဝန်ဆောင်မှုများကို ရရှိနိုင်ရန်နှင့် လက်လှမ်းမီနိုင်ရန်အတွက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေမူကြမ်း (PoVAW) နှင့် အလားအလာရှိသော ဆက်စပ်မူဝါဒများ ထွက်ပေါ် လာစေရန် အစိုးရအဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ နှစ်ဦးနှစ်ဘက်လုံးမှ ကြိုးပမ်းလျက်ရှိနေကြပါသည်။ အောက်တွင်ဖော်ပြထားသော အကြံပြုချက်များသည် ရှိနှင့်ပြီးဖြစ်သော အားထုတ်မှုများကို ပိုမိုအားဖြည့်ပေးရန်နှင့် ဆက်လက်ရှင်သန်နေသူများအတွက် နောက်ထပ်တုံ့ပြန်ဝန်ဆောင်မှုများကို ချဲ့ထွင်ရာတွင် လစ်ဟာချက်များနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရန် စီစဉ်ရေးဆွဲထားပါသည်။

အစိုးရနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် မြန်မာနိုင်ငံရှိ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုကို တားဆီးကာကွယ်ရန် သိသာထင်ရှားသော အားထုတ်မှုများ စတင်ခဲ့ကြရာတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေမူကြမ်း (PoVAW) ရေးဆွဲရေး ဖြစ်စဉ်ဖြင့် မီးမောင်းထိုးပြနိုင်ခဲ့ပါသည်။ အဓိက ပတ်သက်ဆက်နွယ်သူများအကြား ဆွေးနွေးတိုင်ပင်မှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့သော အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေမူကြမ်း (PoVAW) အားရေးဆွဲခြင်းသည် ကာကွယ်တားဆီးရေးနှင့် ထောက်ပံ့ရေး ကြိုးပမ်းအားထုတ်မှု များအတွက် တိုက်ရိုက်အထောက်အကူဖြစ်စေပါသည်။ အခြားသော ကြိုးပမ်းအားထုတ်မှုများတွင် ကျား၊ မ ရေးရာ တန်းတူရှိမှု၏ အရေးပါခြင်း၊ ပဋိပက္ခကို ငြိမ်းချမ်းစွာဖြေရှင်းခြင်းနှင့် မြန်မာ့လူမှုအသိုင်းအဝိုင်းရှိ အမျိုးသမီးများ၏အဆင့်အတန်းကို မြှင့်တင်ခြင်းစသော လုပ်ငန်းများကို လူမှုအသိုင်းအဝိုင်းအတွင်းရှိ အမျိုးသားနှင့် အမျိုးသမီးများအပြင် ငယ်ရွယ်သူများနှင့်ပါ အတူလုပ်ကိုင်ဆောင်ရွက်ရန် ပါဝင်ပါသည်။ အမျိုးသမီးများ၏ အခွင့်အရေးများနှင့် အကြမ်းဖက်မှုမှ ကင်းဝေးစွာ နေထိုင်နိုင်ခွင့် စသော နားလည်သဘောပေါက်မှုများကို မြှင့်တင်ပေးရန် (၁၆) ရက်တာ လှုပ်ရှားမှုများကို နိုင်ငံတစ်ဝန်း ကျယ်ပြန့်စွာ ပြုလုပ်ခဲ့ကြပါသည်။ မြန်မာနိုင်ငံသား မျိုးဆက်များအားလုံးအကြား လူမှုမီဒီယာအပေါ်တွင် သတင်းအချက်အလက်ပေးခြင်း ကျယ်ပြန့်လာသည်နှင့်အမျှ မီဒီယာ မှတစ်ဆင့် ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုအကြောင်းကို နားလည်သဘောပေါက်မှု မြှင့်တင်ပေးသည့် ကြိုးပမ်းအားထုတ်မှုများမှာလည်း မြင့်တက်လာခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကို ဖြစ်မြောက်အောင် ပံ့ပိုးပေးရန်အတွက် ကာကွယ်တားဆီးခြင်းနှင့် တုံ့ပြန်မှုလုပ်ဆောင်ခြင်း ကြိုးပမ်းအားထုတ်မှုများအပါအဝင် အားလုံးသော ကြိုးပမ်းအားထုတ်မှုများကို ညှိနှိုင်းဆောင်ရွက် ပေးနိုင်သော ထိရောက်သည့် ယန္တရားတစ်ခုလိုအပ်ပါသည်။

## ၄.၁။ အခြေခံကျသော ချဉ်းကပ်မှု – ဆက်လက်ရှင်သန်နေသူကို ဗဟိုပြုသည့် ချဉ်းကပ်မှု

***ဆက်လက်ရှင်သန်နေသူကို ဗဟိုပြုသည့် ချဉ်းကပ်မှု–***

*ဆက်လက်ရှင်သန်နေသူကို ဗဟိုပြုသည့် ချဉ်းကပ်မှုအတွက် ၎င်း၏ လိုအပ်ချက်များကို သတ်မှတ်ဖော်ထုတ်နိုင်ရန် အကူအညီပေးခြင်း၊ ရရှိနိုင်သော နည်းလမ်းများကို သတင်းပေးခြင်းနှင့် ၎င်း၏အနာဂတ်နှင့်ပတ်သက်သော ဆုံးဖြတ်ချက်များကို ၎င်းကိုယ်တိုင်ချမှတ်နိုင်ရန် ထောက်ပံ့ပေးခြင်း စသော အပြန်အလှန်တုံ့ပြန်မှုရှိသော ဖြစ်စဉ်တစ်ခု လိုအပ်ပါသည်။ ဤချဉ်းကပ်မှုတွင် ဤအရေးကို လုပ်ဆောင်နေသည့် ကျွမ်းကျင်သူအားလုံးသည် ၎င်းအမျိုးသမီး၏ တွေ့ကြုံခံစားရမှုကို အလေးထားပြီး ၎င်းအခြေအနေကို ကျော်လွှားနိုင်ရန်အတွက် သူမအား အထောက်အကူပြုလိုမှုရှိရန် လိုအပ်ပါသည်။*

ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုကို တွေ့ကြုံခံစားခဲ့ရပြီး ဆက်လက်ရှင်သန်နေသူ အမျိုးသမီးများတွင် ကွဲပြားခြားနားသော တစ်ဦးချင်းစီအလိုက် လိုအပ်မှုများရှိနေပါသည်။ ၎င်းလိုအပ်ချက်များသည် တွေ့ကြုံခံစားရသော အကြမ်းဖက်မှုအမျိုးအစား၊[၄၇] ဆက်လက်ရှင်သန်နေသူ တစ်ဦးချင်းစီ၏ အခြေအနေနှင့် ကိုယ်ရေးကိုယ်တာ စွမ်းဆောင်နိုင်မှု၊ ဆက်လက်ရှင်သန်နေသူ၏ ခံနိုင်ရည်ရှိမှုတို့ကဲ့သို့သော စုဆုံနေသော အချက်အလက်များမှ ပေါ်ထွက်လာသော ရလဒ်ဖြစ်ပါသည်။ ဆက်လက်ရှင်သန်နေသူများသည် ဘေးကင်းလုံခြုံမှု သို့မဟုတ် ဆေးကုသရန်လိုအပ်မှု အစရှိသော ၎င်းတို့၏ ကိုယ်ရေးကိုယ်တာ လိုအပ်ချက်များကို များသောအားဖြင့် ဖော်ထုတ်သတ်မှတ်နိုင်ကြပါသည်။ မည်သို့ပင်ဖြစ်စေ ၎င်းတို့၏ အခွင့်အရေးများနှင့်ပတ်သက်၍ အခြေခံဗဟုသုတနည်းပါးမှုကြောင့် အကြမ်းဖက်မှုမှ သို့မဟုတ် အကြမ်းဖက်မှုကို ကြောက်ရွံ့နေရမှုမှ လုံးဝကင်းလွတ်ရန်ဟူသော ၎င်းတို့၏ ရေရှည်လိုအပ်ချက်ကို သာမက ၎င်းတို့အတွက် လက်တွေ့ကျသော လိုအပ်ချက်များနှင့် ဆက်စပ်သော နားလည်သဘောပေါက်မှုကိုပါ အဟန့်အတားဖြစ်စေနိုင်ပါသည်။ ဆက်လက်ရှင်သန်နေသူကို ဗဟိုပြုသည့် ချဉ်းကပ်မှုတွင် လေးစားမှု၊ ဘေးကင်းလုံခြုံမှု၊ လျှို့ဝှက်ထိန်းသိမ်းမှုနှင့် ခွဲခြားဆက်ဆံမှုမရှိခြင်းဟူသော အခြေခံလမ်းညွှန်သဘောတရား (၄) ခု ပါဝင်သည်။

မြန်မာနိုင်ငံရှိ ရိုးရာဓလေ့နှင့် ယဉ်ကျေးမှုဆိုင်ရာ အသိအမြင်များသည် အမျိုးသားများ၏ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကျူးလွန်ခြင်းကို လက်ခံနေခြင်းကြောင့် ဆက်လက်ရှင်သန်နေသူများမှ ၎င်းတို့၏ အခွင့်အရေးများနှင့် ရွေးချယ်စရာနည်းလမ်းများကို သိရှိပြီး၎င်းတို့၏ လိုအပ်ချက်များကို သတ်မှတ်ဖော်ထုတ်ရန်အတွက် အကြီးမားဆုံးသော စိန်ခေါ်မှုဖြစ်နေပါသည်။ ထို့ကြောင့် ဆက်လက်ရှင်သန်နေသူများနှင့် ၎င်းတို့၏ မိသားစုများ (အထူးသဖြင့် ကလေးငယ်များ) အတွက် ဝန်ဆောင်မှုပေးနေသူများသာမက ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုကို တုံ့ပြန်ဆောင်ရွက်နေသော တာဝန်ရှိသူများအားလုံးသည် အထက်ဖော်ပြပါ အခြေခံသဘောတရား (၄) ခုကို နှလုံးသွင်းပြီး ဆက်လက်ရှင်သန်နေသူကို ဗဟိုပြုသည့် ချဉ်းကပ်မှုကို လိုက်နာရန် တာဝန်ရှိပါသည်။ ဆက်လက်ရှင်သန်နေသူများ၏ တစ်ဦးချင်းအခြေအနေနှင့် ၎င်းတို့၏ အခွင့်အရေးများနှင့် ကိုယ်ပိုင်ဆုံးဖြတ်ချက်များကို ရွေးချယ်မှုသည် ဝန်ဆောင်မှုထောက်ပံ့ပေးအပ်မှုအားလုံးတွင် ထိပ်တန်းမှ အရေးပါလျက်ရှိနေသင့်သည်။ ဤလေ့လာချက်မှ တွေ့ရှိချက်များအပေါ်တွင် မူတည်၍ ဆက်လက်ရှင်သန်နေသူကို ဗဟိုပြုသည့် ချဉ်းကပ်မှုကို အလေးထားခြင်းအားဖြင့် ရှေ့ဆက်ထည့်သွင်းစဉ်းစားရန်နှင့် အရေးယူလုပ်ဆောင်ရန်အတွက် အကြံပြုချက်အကျဉ်းချုပ်ကို အောက်တွင် ဖော်ပြထားပါသည်။

---

[၄၇] GEN၏ (၂၀၁၅) သုတေသနတွင် မှတ်တမ်းတင်ထားချက်အရ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုမှ ဆက်လက်ရှင်သန်နေသူများသည် ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုပုံစံမျိုးစုံကို ခံစားနေရသည်၊

## ၉.၂။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေမူကြမ်း (PoVAW) တွင် ဝန်ဆောင်မှုပေးအပ်ခြင်းကို နိုင်ငံတော်တာဝန်အဖြစ် ပါဝင်စေခြင်း

အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေ (PoVAW) အသစ်တစ်ခု ဖန်တီးခြင်းသည် ရှိနှင့်ပြီးသော ဥပဒေပြဋ္ဌာန်းချက်များရှိ၊ အထူးသဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့်ပတ်သက်၍၊ လစ်ဟာချက်များကို ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်မည်ဟု မျှော်မှန်းထားပါသည်။[၇၇] အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေမူကြမ်း (PoVAW) ကို လက်ခံကျင့်သုံးခြင်းသည် အကြမ်းဖက်ခံရမှုမှ ကင်းလွတ်စေရန်ဟူသော အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်ရာတွင် ကြီးမားသော ခြေလှမ်းတစ်ခု ဖြစ်နေပါသည်။ သို့သော် ဤရည်ရွယ်ချက် အထမြောက်စေရန်အတွက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေမူကြမ်း (PoVAW) ကိုအကောင်အထည်ဖော်ခြင်းအားဖြင့် အမျိုးသမီးများ၏ အခွင့်အရေးများကို အမှန်တကယ် ဖြစ်လာစေရန် လုပ်ဆောင်သင့်ပါသည်။ ဆက်လက်ရှင်သန်နေသူများအတွက် ဝန်ဆောင်မှုထောက်ပံ့ရန်အတွက် မရှိမဖြစ်လိုအပ်သော ဘဏ္ဍာငွေ လျာထားမှုကို နိုင်ငံတော်အဆင့်သာမက တိုင်းနှင့်ပြည်နယ်အဆင့်များတွင်ပါ မဟာဗျူဟာကျစွာ သတ်မှတ်ထားရန် လိုအပ်ပါသည်။ ၎င်းတွင် ဆက်လက်ရှင်သန်နေသူများကို အခြေခံဝန်ဆောင်မှုများပေးအပ်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများ (ဆေးရုံများ၊ ရဲနှင့် တရားရုံးများအစရှိသည်) အတွက် ဘဏ္ဍာငွေအရင်းအမြစ်များလည်း ပါဝင်နေပါသည်။ ဤလုပ်ငန်းစဉ်သည် အစိုးရ၏ခေါင်းဆောင်များအကြားတွင် နိုင်ငံရေးဆန္ဒလိုအပ်ပြီး အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေမူကြမ်း (PoVAW) အားအကောင်အထည်ဖော်နိုင်ရန်အတွက် အထောက်အပံ့ပေးနိုင်သည့် ဘဏ္ဍာငွေလျာထားပေးရန် တာဝန်ရှိသည့် အစိုးရအရာရှိများ၏ လုံလောက်သော စွမ်းဆောင်ရည်လည်းလိုအပ်ပါသည်။ ဤကဲ့သို့ ဖြစ်ပေါ်စေရန်မှာ တားဆီးကာကွယ်ခြင်း၊ အကာအကွယ်ပေးခြင်းနှင့် ဝန်ဆောင်မှုပေးအပ်ခြင်းတို့ကို ဆောင်ရွက်ပေးရန် တာဝန်ရှိသည့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ မဟာဗျူဟာ/ နှစ်စဉ်လုပ်ငန်း စီမံကိန်းများတွင် ဆက်လက်ရှင်သန်နေသူများအတွက် ဝန်ဆောင်မှုများပေးအပ်ရန် သီးသန့်ဘဏ္ဍာငွေကို ထည့်သွင်းထားရန် လိုအပ်သည်။

## ၉.၃။ ကျားမရေးရာ အခြေပြု အကြမ်းဖက်မှုအတွက် ဝန်ဆောင်မှုများ ရရှိနိုင်မှုကို တိုးချဲ့ခြင်း

ဤလေ့လာချက်သည် မြန်မာနိုင်ငံရှိ ဆက်လက်ရှင်သန်နေသူများ ရရှိနိုင်သော ဝန်ဆောင်မှုများကို ဖော်ပြထားသော်လည်း ပံ့ပိုးထောက်ပံ့ပေးနေသော ဝန်ဆောင်မှုအများစုမှာ ပြန့်ကျဲနေပြီး လက်လှမ်းမီနိုင်မှုမှာလည်း ဆက်လက်ရှင်သန်နေသူများအတွက် စိန်ခေါ်မှုများစွာ ဖြစ်ပေါ်နေပါသည်။ အမျိုးသမီးများအတွက် ဝန်ဆောင်မှုရယူရန် အတားအဆီးများအနက် အချို့မှာ အမျိုးသမီးများ၏ ဝန်ဆောင်မှုများ လက်လှမ်းမီနိုင်မှုအပေါ် သက်ရောက်မှုရှိသော အခြေခံအဆောက်အဦအားနည်းခြင်း သို့မဟုတ်/နှင့် ခရီးဆက်သွယ်သွားလာရေးအတွက် ငွေကြေးချို့တဲ့ခြင်းတို့ ဖြစ်သည်။ ၎င်းရုပ်ပိုင်းဆိုင်ရာအတားအဆီးများတွင် ရရှိနိုင်သော ဝန်ဆောင်မှုများနှင့် ပတ်သက်၍ အမျိုးသမီးများ၏ ဗဟုသုတအားနည်းခြင်း၊ ၎င်းတို့၏ အခွင့်အရေးများနှင့်ပတ်သက်၍ သို့မဟုတ် ၎င်းအခွင့်အရေးများကို တောင်းဆိုရန် အကူအညီတောင်းခံခြင်းနှင့်ပတ်သက်၍ သိရှိနားလည်မှုအားနည်းခြင်းများလည်း ပေါင်းဆုံလျက်ရှိပါသည်။ (၂၄) နာရီ ခေါ်ဆိုနိုင်သော အကူအညီပေးဖုန်းလိုင်းများထားရှိခြင်း (အရေးပေါ်ကာလအတွင်း ခေါ်ဆိုနိုင်သော တယ်လီဖုန်းလိုင်းများ) သို့မဟုတ် ဆက်လက်ရှင်သန်နေသူများမှ ကူညီထောက်ပံ့မှုများကို အခမဲ့ရယူနိုင်သည့် ကျေးလက်ဒေသရှိ အခြားသော ဝန်ဆောင်မှုများထားရှိခြင်းသည် ဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်ခြင်းကို သေချာစေရန်အတွက် အရေးပါပါသည်။ ဆက်လက်ရှင်သန်နေသူများအတွက် အလုံးစုံပါဝင်သော ဝန်ဆောင်မှုများ ပေးအပ်နိုင်ရန်မှာ လက်ရှိအချိန်ထိ စိန်ခေါ်ချက်များရှိနေပြီး၊ ဆက်လက်ရှင်သန်နေသူများအတွက် အရေးပေါ်ကာလအတွင်း သွားရောက်နိုင်သော စင်တာများ (ယာယီနားခိုရာနေရာ)နှင့် ပြန်လည်နာလန်ထူရန်နှင့်

[၇၇] GEN၊ ၂၀၁၃

ဘေးကင်းလုံခြုံမှုအတွက် ရေရှည်နေထိုင်နိုင်သော နားခိုရာနေရာများသည်၊ အထူးသဖြင့် ကျေးလက်ဒေသများတွင်၊ လိုအပ်လျက် ရှိနေပါသည်။ ထို့အပြင် ပံ့ပိုးထောက်ပံ့ပေးသော ဝန်ဆောင်မှုများသည် ဆက်လက်ရှင်သန်နေသူများအားလုံးအတွက် ဖြစ်သင့်ပါသည်။

ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုကို တုံ့ပြန်ရာတွင် ထပ်မံပေါင်းထည့်ရမည်ဆိုလျှင် ကနဦးအဆင့်ဖြစ်သော ကာကွယ်တားဆီးခြင်း ဝန်ဆောင်မှုများကို နိုင်ငံအနှံ့ တိုးချဲ့ရန်မှာလည်း မုချ လိုအပ်နေပါသည်။ မြန်မာနိုင်ငံတွင် ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုကို ဖြစ်ပွားစေသော အကြောင်းရင်းများနှင့် ဘေးအန္တရာယ်မျိုးစုံကိုလည်း ဤလေ့လာချက်တွင် တင်ပြထားပါသည်။ ၎င်းတို့တွင် ဖြစ်ပွားနေဆဲ ဖြစ်သော ပဋိပက္ခများ၊ အမျိုးသားများကြားရှိ မူးယစ်ဆေးဝါးနှင့် အရက်သုံးစွဲမှု၊ လူမှုမီဒီယာများ၏ ပျံ့နှံ့မှု၊ လူမှုရေးအရ မလုံခြုံမှု၊ မလုံခြုံသော ရွှေ့ပြောင်းနေထိုင်မှုနှင့် မိသားစုပြိုကွဲခြင်းတို့ ပါဝင်ပါသည်။ ထို့ကြောင့် အမျိုးသားများနှင့် ယောကျာ်းလေးများကို အထူးသဖြင့် အလေးပေးထားသည့် ကနဦးအဆင့်ဖြစ်သော ကာကွယ်တားဆီးခြင်း ကြိုးပမ်းအားထုတ်မှုများကို မြှင့်တင်ရန်မှာလည်း မရှိမဖြစ်လိုအပ်နေပါသည်။

## ၉.၄။ အဆင့်တိုင်းတွင် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်သည့် တုံ့ပြန်မှုကို တည်ထောင်ခြင်း

ရန်ကုန်နှင့် မန္တလေးကဲ့သို့သော အချို့ဒေသများတွင် ဝန်ဆောင်မှုများ မျိုးစုံရှိနေသော်လည်း ၎င်းဝန်ဆောင်မှုကို ပေးအပ်သူများ အကြားတွင် ညှိနှိုင်းဆောင်ရွက်မှုများ ရှိမနေပါ။ ထို့ကြောင့် မြို့နယ် သို့မဟုတ် ရပ်ကွက်အဆင့်၌ပင် အစိုးရဌာနများ (ရဲနှင့် ကျန်းမာရေးပညာရှင်များအပါအဝင်)၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဘာသာရေးကို အခြေခံသည့် အဖွဲ့အစည်းများသည် တစ်ဦး၏ဝန်ဆောင်မှုကို တစ်ဦးသိရှိနေစေရန်၊ အချင်းချင်းကြားတွင် ယုံကြည်မှုတည်ဆောက်ရန်၊ သတင်းအချက်အလက်မျှဝေရန်၊ အရင်းအမြစ်များနှင့် မဟာဗျူဟာများကို ညှိနှိုင်းဆောင်ရွက်ရန်၊ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုကို တုံ့ပြန်ရန် ထိထိရောက်ရောက် စုပေါင်း၍ ကျွမ်းကျင်မှုများ တည်ဆောက်ခြင်းမှတစ်ဆင့် ပူးပေါင်းလုပ်ဆောင်မှုကို တိုးမြှင့်ရန်မှာ အရေးကြီးပါသည်။ ရေပြင်ညီအနေအထားတွင် ညှိနှိုင်းဆောင်ရွက်ခြင်းအားဖြင့် တုံ့ပြန်သည့်ယန္တရားကို ဖော်ထုတ်ရာ၌ ဒေသအလိုက် လိုအပ်သော ဝန်ဆောင်မှုများနှင့် လစ်ဟာချက်များကို ဖော်ထုတ်သတ်မှတ်ခြင်းမှ အထောက်အကူများ ရရှိနိုင်ပြီးလက်ရှိတွင် ရှိနေသော ယန္တရားများ မှတစ်ဆင့်လည်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အစိုးရအဖွဲ့အစည်းများမှ ထုတ်ပြန်သော ပြည်နယ်နှင့် တိုင်းအသီးသီးရှိ ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုများနှင့်သက်ဆိုင်သော ကိန်းဂဏန်းများနှင့် စာရင်းအင်းများမှာ ဤလေ့လာချက်မှ တွေ့ရှိသည်များနှင့် ကွဲပြားနေသောကြောင့် ညှိနှိုင်းဆောင်ရွက်မှုစနစ်၏ အစိတ်အပိုင်းဖြစ်သည့် ရှင်းလင်းသော အချက်အလက် စုဆောင်းမှုနှင့် စောင့်ကြည့်လေ့လာမှုစနစ်များ လိုအပ်ပါသည်။ စောင့်ကြည့်လေ့လာမှုစနစ်သည် ရပ်ရွာလူထု အဆင့်တွင် ဖြစ်ပွားသည့် ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုကို ခြေရာကောက်ရာတွင်သာမက အမျိုးသမီးများရရှိနေသည့် ဥပဒေရေးရာ တရားမျှတမှုနှင့် အထောက်အပံ့များနှင့်ဆက်စပ်သော ကြားဝင်ဆောင်ရွက်မှုများ၏ ရလဒ်များကို မှတ်တမ်းတင်ရာတွင် လည်း အထောက်အကူပြုနိုင်ပါသည်။ ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုသည် အုပ်ချုပ်ရေးဒေသများရှိ မတူညီသော အဆင့်များတွင် အများအပြားဖြစ်ပေါ်နေသောကြောင့် ဒေါင်လိုက်အနေအထားတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် သတင်းအချက်အလက် မျှဝေခြင်းသည်လည်း အချက်အချာကျပါသည်။

ထို့အပြင် အဆင့်တိုင်းတွင် ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုများကို ကြားဝင်စေ့စပ်ဖျန်ဖြေခြင်း နည်းလမ်းကို များသောအားဖြင့် အသုံးပြုပြီး ဖြေရှင်းနေကြကြောင်း တင်ပြထားပါသည်။ ဆက်လက်ရှင်သန်နေသူများနှင့် ၎င်းတို့၏ မိသားစုများသည် တရားဝင် လမ်းကြောင်းများကို အသုံးပြုနိုင်ပြီး တရားစီရင်ရေးလုပ်ငန်းစဉ်များကို လက်လှမ်းမီစေရန်အတွက် ရေရှည်အနေဖြင့်လည်း ဆောင်ရွက်ရန် လိုအပ်နေပါသည်။ မည်သို့ပင်ဖြစ်စေကာမူ အမှန်တကယ် ပြောင်းလဲမှုဖြစ်ပေါ်လာရန်အတွက် ရေရှည်ဆောင်ရွက်ရန် လိုအပ်နေသော လက်ရှိအစဉ်အလာလုပ်ငန်းများနှင့် ဆက်စပ်၍ဆိုရလျှင်မူ ကြားဝင်စေ့စပ်ဖျန်ဖြေခြင်းကို နိုင်ငံတော်မှ သဘောတူထားသော စံနှုန်းများအတိုင်း ဆောင်ရွက်ရန်လိုအပ်နေပါသည်။ အဘယ်ကြောင့်ဆိုသော် ကျား၊ မ ရေးရာ အခြေပြု

အကြမ်းဖက်မှုအများအပြားတွင် ရာဇဝတ်မှုအစိတ်အပိုင်းများ ပါဝင်နေသောကြောင့်ဖြစ်ပါသည်။ ကြားဝင်စေ့စပ်ဖျန်ဖြေရန်အတွက် စံနှုန်းသတ်မှတ်ခြင်းနှင့် တာဝန်ရှိသူများ/အရပ်ဘက်လူမှုအဖွဲ့အစည်းများကို ကြားဝင်စေ့စပ်ဖျန်ဖြေခြင်းဆိုင်ရာ ကျွမ်းကျင်မှုများနှင့်ပတ်သက်ပြီး သင်တန်းများပေးခြင်းတို့သည် ရှေ့လျှောက်ဦးစားပေး ဆောင်ရွက်မှုများထဲမှတစ်ခုအနေဖြင့် ဖြစ်သင့်ပါသည်။

## ၄.၅။ လွှဲပြောင်းပေးခြင်း / အမှုကိစ္စစီမံခန့်ခွဲခြင်းအတွက် စနစ်တစ်ခု တည်ထောင်ခြင်း[၄၆]

ဤလေ့လာချက်မှ တင်ပြချက်အရ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုမှ ဆက်လက်ရှင်သန်နေသူများသည် အကူအညီရှာဖွေရန် သို့မဟုတ် တရားမျှတမှုကို လက်လှမ်းမီရန် ကြိုးစားရာတွင် နေရာများစွာသို့ သွားနေကြရပါသည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းတစ်ခုမှ ဝန်ထမ်းတစ်ဦးက "အကြမ်းဖက်ခံသူတွေ၊ သူတို့ရဲ့မိသားစုတွေအတွက် စနစ်ကျတဲ့ လွှဲပြောင်းပေးပို့မှုနဲ့ပတ်သက်တဲ့ လမ်းကြောင်းတွေ၊ လုပ်ထုံးလုပ်နည်းများတွေ မရှိပါဘူး" ဟုအတည်ပြုခဲ့ပါသည်။ မုဒိမ်းမှုများအတွက် ရဲမှတ်တမ်းတွင် မှုခင်းဆေးစစ်ချက်လိုအပ်သောကြောင့်သာ ရဲဌာနနှင့် ဆေးရုံအကြားတွင် ချိတ်ဆက်မှုရှိနေပါသည်။ သို့ရာတွင် ၎င်းအဖွဲ့အစည်းနှစ်ခုအကြားတွင် တိုက်ရိုက်ချိတ်ဆက်မှု သို့မဟုတ် လွှဲပြောင်းမှုစနစ်ရှိမနေသောကြောင့် ဆက်လက်ရှင်သန်နေသူများသည် ၎င်းဝန်ဆောင်မှုများကို မိမိဘာသာ သွားရောက် ရယူနေရပါသည်။ ဤကဲ့သို့ မဖြစ်မနေချိတ်ဆက်မှုမှလွဲ၍ ဆက်လက်ရှင်သန်နေသူများကို လက်လှမ်းမီရယူနိုင်ရန် ထောက်ပံ့ပေးသည့် အခြားတူညီသော သို့မဟုတ် စနစ်ကျသော လမ်းကြောင်းရှိမနေပါ။ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှု ကိစ္စစီမံခန့်ခွဲခြင်းသည် ဆက်လက်ရှင်သန်နေသူနှင့် ၎င်းတို့၏ မိသားစုများအတွက် လိုအပ်ချက်များကို ဆန်းစစ်အကဲဖြတ်နိုင်ရန် လူတစ်ဦးတစ်ယောက်ကို အမှုကိစ္စစီမံခန့်ခွဲခြင်းဆိုင်ရာ ကျွမ်းကျင်မှုရှိအောင် သင်ကြားပေးခြင်းဖြင့် ဝန်ဆောင်မှုများပေးအပ်သည့် နည်းလမ်းဖြစ်ပါသည်။ ထို့ပြင် ဆက်လက်ရှင်သန်နေသူတစ်ဦးချင်း၏ ဆက်စပ်ပါဝင်မှုများသော လိုအပ်ချက်များကို ပြည့်ဝစေရန် စီစဉ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ခြင်းနှင့် ဝန်ဆောင်မှုမျိုးစုံကို ရရှိစေရန် စည်းရုံးလှုံ့ဆော်ခြင်းများကို သင့်လျော်သလို ပြုလုပ်ပေးရမည်ဖြစ်သည်။ ဆက်လက်ရှင်သန်နေသူများနှင့် ပထမဦးစွာ တွေ့ဆုံရသည့် ကျွမ်းကျင်ပုဂ္ဂိုလ်တစ်ဦးသည် အမှုကိစ္စကို စီမံခန့်ခွဲသူအဖြစ် ဆောင်ရွက်နိုင်ပါက၊ ဆက်လက်ရှင်သန်နေသူအတွက် တုံ့ပြန်ဂရုပြုမှုကို အကြားအလပ်မရှိ ပေးအပ်နိုင်စေရန် ၎င်းပုဂ္ဂိုလ်သည် အခြားဝန်ဆောင်မှုများနှင့် ညှိနှိုင်းဆောင်ရွက်ရန် အဓိကလှုပ်ရှားဆောင်ရွက်သူအဖြစ် ဆောင်ရွက်ပေးနိုင်ပါသည်။

## ၄.၆။ သင်တန်းများ ပြုလုပ်ခြင်းနှင့် တိုးချဲ့ခြင်းကို ဆက်လက်ဆောင်ရွက်ခြင်း

အမျိုးမျိုးအစားစားသော ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုပုံစံများ၏ အရှိန်အဟုန်၊ အကြမ်းဖက်မှုကို ကာကွယ်တားဆီးခြင်းနှင့် တုံ့ပြန်ခြင်းတွင် သက်ဆိုင်ရာအခန်းကဏ္ဍများ၏ ပါဝင်ဆောင်ရွက်နိုင်ပုံများနှင့်ပတ်သက်သော သင်တန်းများကို ရဲများ၊ ဒေသဆိုင်ရာ အာဏာပိုင်များ၊ သက်ဆိုင်ရာဝန်ကြီးများ၊ ဒေသဆိုင်ရာအစိုးရဌာနများနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများကို စဉ်ဆက်မပြတ် သင်တန်းများပေးနေရန်မှာ အရေးကြီးပါသည်။ ထို့ပြင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေမူကြမ်း (PoVAW) တွင် ပါဝင်သော အကြောင်းအရာများနှင့် လက်တွေ့တွင် အသုံးချနိုင်မှုများအတွက်လည်း သင်တန်းများ ပို့ချပေးရန် လိုအပ်ပါသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေမူကြမ်း (PoVAW) ကို သဘောတူလက်ခံလိုက်သည်နှင့် တာဝန်ရှိသူများသည် ဆက်လက်ရှင်သန်နေသူများအတွက် ဝန်ဆောင်မှုများ ထောက်ပံ့ပေးအပ်ရန် တာဝန်ရှိပြီး ၎င်းဝန်ဆောင်မှုများကို ယုံကြည်မှုရှိစွာ ပေးအပ်နိုင်ရန် ထိုတာဝန်ရှိသူများကိုလည်း အားပေးကူညီရမည်။ အထူးသဖြင့် ကနဦးအဆင့် နစ်သိမ့်ဆွေးနွေးခြင်း (Counselling) အတွက် အနိမ့်ဆုံးစံနှုန်းကို သတ်မှတ်ထားသင့်ပြီး၊ အမှုကိစ္စစီမံခန့်ခွဲခြင်းတွင်

ဆက်လက်ရှင်သန်နေသူများနှင့် ပထမဆုံးတွေ့ဆုံနိုင်ဖွယ်ရှိသူများကို အမှုကိစ္စစီမံခန့်ခွဲခြင်းနှင့် ဆက်လက် ရှင်သန်နေသူကို ဗဟိုပြု၍ တုံ့ပြန်မှုပေးအပ်ခြင်းနှင့်စပ်လျဉ်းပြီး သင်ကြားပေးထားသင့်သည်။ မုဒိမ်းမှုမှ ဆက်လက်ရှင်သန်နေသူတစ်ဦး (အသက် (၁၃) နှစ်) ၏ မိခင်မှ အရပ်ဘက်လူမှုအဖွဲ့အစည်း၏ ဝန်ထမ်းတစ်ဦးအပေါ် သူမ၏အနှုတ်သဘောဆောင်သည့် ထင်မြင်ခံစားချက်ကို ဤသို့ပြန်ပြောပြခဲ့ပါသည် - "သူတို့ ကျွန်မဆီကို လာတဲ့အခါမှာ သူတို့လာပြီးပြောတဲ့ပုံစံကို မကြိုက်လို့ သူတို့အကူအညီပေးမယ်ဆိုတာကို ကျွန်မငြင်းလိုက်တယ်။ သူတို့က အကူအညီပေးမယ်လို့ပြောတာက အထက်စီးဆန်တယ်လို့ ကျွန်မခံစားရတယ်။" ၎င်းကဲ့သို့သော အနှုတ်သဘောဆောင်သည့် တုံ့ပြန်ချက်များကို အခြေခံ နှစ်သိမ့်ဆွေးနွေးခြင်း (Counselling) နည်းလမ်းနှင့် ပတ်သက်သော ဗဟုသုတအချို့ရှိခြင်းဖြင့် ကာကွယ်တားဆီးနိုင်ပါသည်။

## ၉.၇။ စံသတ်မှတ်ထားသော လုပ်ငန်းလမ်းညွှန် / လုပ်ငန်းစဉ်များ / လုပ်ထုံးလုပ်နည်းများနှင့် ကျန်းမာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အားကောင်းစေခြင်း

မြန်မာနိုင်ငံတွင် တာဝန်ရှိသူများမှ ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုများ ကြုံတွေ့ရပါက မည်သို့တုံ့ပြန်ရမည်ဟူသော လုပ်ငန်းဆိုင်ရာ စံနှုန်း သို့မဟုတ် စည်းမျဉ်းစည်းကမ်းများ ရှိသော်လည်း ထိရောက်မှု အားနည်းနေသေးသည်။ မှုခင်းဆေးပညာ စစ်ဆေးမှုများပြီးသည့်နောက်တွင် ဆက်လက်ရှင်သန်နေသူများအဖြစ် ဖော်ထုတ်သတ်မှတ်ခြင်းများ၊ ၎င်းတို့ကို ကုသမှုပေးခြင်းနှင့် လွှဲပြောင်းပေးခြင်းများ ပြုလုပ်ပေးနိုင်ရန် ကျန်းမာရေးပညာရှင်များနှင့် ပူးပေါင်း၍ ကျန်းမာရေးဆိုင်ရာ တုံ့ပြန်မှုနှင့်ပတ်သက်သော လုပ်ထုံးလုပ်နည်းများနှင့်ဆက်စပ်သည့် ထိရောက်သော ယန္တရားတစ်ခုတည်ဆောက်ရန်မှာလည်း အရေးကြီးပါသည်။ အရည်အသွေးရှိသော ဝန်ဆောင်မှုအထောက်အပံ့များဖြစ်စေရန် အခြေခံကျသော စံသတ်မှတ်ထားသည့် လုပ်ငန်းလမ်းညွှန်/ လုပ်ထုံးလုပ်နည်းများကို စဉ်ဆက်မပြတ် ဆန်းစစ်ကာ တည်ဆောက်ထားသင့်ပါသည်။

ထို့အပြင် ကျန်းမာရေးကဏ္ဍတွင် ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုကို တုံ့ပြန်သည့် အခြေခံ လုပ်ထုံးလုပ်နည်းများမှာ အားနည်းလျက်ရှိပါသည်။ ဆက်လက်ရှင်သန်နေသူများအတွက် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုပေးအပ်ရန်နှင့် တာဝန်ရှိသူများမှ တူညီသောချဉ်းကပ်မှု ဖြစ်စေရန်ရည်ရွယ်၍ ၎င်းအခြေခံလုပ်ထုံးလုပ်နည်းများကို တည်ဆောက်သင့်ပါသည်။ ပုဂ္ဂလိက/အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ နားခိုရာနေရာများနှင့်ပတ်သက်၍လည်း အနိမ့်ဆုံးထားသင့်သောစံနှုန်းများမှာ ရှိမနေသောကြောင့် ၎င်းနားခိုရာနေရာများ၏ အရည်အသွေးမှာ အမျိုးမျိုး ကွဲပြားနေပါသည်။ ဆက်လက်ရှင်သန်နေသူများ၏ လိုအပ်ချက်အရ လိုက်လျောညီထွေဖြစ်သော ဝန်ဆောင်မှုများအားပေးနိုင်ရန် ၎င်းနားခိုရာနေရာများကို ကြီးကြပ်၊ ထိန်းညှိပေးနိုင်မည့် တရားဝင် စနစ်တစ်ခုလည်း ရှိသင့်ပါသည်။

မုဒိမ်းမှုကြောင့် ရရှိလာသော မလိုလားသည့် ကိုယ်ဝန်ဆောင်မှုကို ဆက်လက်ဆွေးနွေးရန်နှင့် ဆောင်ရွက်ရန်ကိုလည်း ထည့်သွင်း စဉ်းစားသင့်ပါသည်။ မုဒိမ်းမှုကြောင့် ရရှိလာသော မလိုလားသည့် ကိုယ်ဝန်များသည် ဆက်လက်ရှင်သန်နေသူများ၏ အနာဂတ်ဘဝ ကောင်းမွန်စွာနေထိုင်နိုင်ရေးအတွက် ကြီးလေးသော စိုးရိမ်ပူပန်ဖွယ်ဖြစ်သည်ဟု ဌာနဆိုင်ရာအရာရှိများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ၎င်းတို့၏ စိုးရိမ်ပူပန်မှုကို ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုကို တုံ့ပြန်ရန် အားကောင်းသော ကျန်းမာရေးစနစ် တည်ထောင်ခြင်းနှင့်အတူ ဆက်လက်ရှင်သန်နေသူများအတွက် မျိုးပွားခြင်းဆိုင်ရာ ရပိုင်ခွင့်အဖြစ် ကိုယ်ဝန်ဖျက်ချခြင်းကိစ္စကို ကောင်းမွန်သည့်ဘက်မှ စဉ်းစားသင့်သည့်အပြင် မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို တွေ့ကြုံခံစားခဲ့ရသည့် အမျိုးသမီးနှင့် အမျိုးသမီးငယ်များအတွက် နောက်ထပ်ဘေးအန္တရာယ်များမှ ကာကွယ်တားဆီးရန် ကိုယ်ဝန်ဖျက်ချခြင်းနှင့်သက်ဆိုင်သော ရွေးချယ်မှုများကို ထားရှိပေးနိုင်ရန် လိုအပ်ပါသည်။ မှုခင်းဆေးပညာအရ စစ်ဆေးခြင်းများ၊

အကြမ်းဖက်ခံရပြီးနောက် ကူးစက်နိုင်သောရောဂါများအတွက် ကုသမှုများ၊ တရားရုံးစရိတ်များ သို့မဟုတ် ၎င်းတို့နှင့် ဆက်စပ်သည့် ခရီးဆက်သွယ်သွားလာရေးဆိုင်ရာ ကုန်ကျစားရိတ်များကို အကြမ်းဖက်ခံရသူမှ ကုန်ကျရသည်မှာလည်း မဖြစ်သင့်ပါ။

## ၄.၈။ ဆက်လက်ရှင်သန်နေသူများ၏ဘေးကင်းလုံခြုံမှု၊ အခွင့်အရေးများနှင့် လျှို့ဝှက်ထိန်းသိမ်းထားမှုဆိုင်ရာ အားထုတ်မှုများအတွက် ထောက်ပံ့ပေးခြင်း

ဆက်လက်ရှင်သန်နေသူများ၏ ရွေးချယ်မှုများကို လေးစားသောအားဖြင့် သတင်းအချက်အလက်များကို မျှဝေမှု မပြုခင်တွင် ၎င်းတို့ဆီမှ အသိပေးသဘောတူညီချက်ကို ရယူခြင်းအပါအဝင် ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုကို တုံ့ပြန်မှုတိုင်းတွင် လျှို့ဝှက်ထိန်းသိမ်းထားမှု၊ ကိုယ်ရေးလွတ်လပ်ခွင့်၊ ဖွင့်ဟပြောဆိုမှုနှင့် အသိပေးသဘောတူညီချက်များကို ဦးစားပေး၍ ဂရုပြုရမည်ဖြစ်သည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေမူကြမ်း (PoVAW) ကိုသဘောတူလက်ခံသည်နှင့် အစိုးရတာဝန်ရှိသူများမှ ဆက်လက်ရှင်သန်နေသူများ၏ ဘေးကင်းလုံခြုံရေးအတွက် တက်ကြွစွာဆောင်ရွက်ပေးမှုသေချာစေရန် တရားရုံးမှ အကာအကွယ်ပေးရေးအမိန့် ထုတ်ပေးခြင်းကဲ့သို့သော တာဝန်ရှိသူများအတွက် ယန္တရားအသစ်ကို စနစ်တကျ စောင့်ကြည့်လေ့လာသင့်ပါသည်။ ဤသို့ပြုလုပ်ခြင်းမှာ သတင်းအချက်အလက် စီမံရန်အတွက်သာမဟုတ်ဘဲ လုပ်ငန်းစဉ်တစ်ခုလုံးတွင် အကြမ်းဖက်ခံရသူ၏ အခွင့်အရေးများကို အကာအကွယ်ပေးထားကြောင်း တရားဝင်အသိအမှတ်ပြုမှုလည်း ဖြစ်ပါသည်။ ထို့အပြင် ရဲ သို့မဟုတ် အာဏာပိုင်များသို့ တိုင်ကြားရန်အတွက် ဆက်လက်ရှင်သန်နေသူကို တိုက်တွန်းမှုမပြုမီ ယင်းကဲ့သို့ တိုင်ကြားခြင်းကြောင့် ၎င်းတို့၏ အသိုင်းအဝိုင်းအတွင်း၌ ၎င်းတို့အပေါ် ပိုမိုကြီးမားသော ဘေးအန္တရာယ်ကျရောက်မှု ရှိနိုင်၊ မရှိနိုင်နှင့် ၎င်းတို့တွင် ဥပဒေလမ်းကြောင်း အတိုင်း ဆက်လက်လုပ်ဆောင်နိုင်ရန် ၎င်းတို့တွင် အရင်းအမြစ် ရှိ၊ မရှိတို့ကို အကဲဖြတ် လေ့လာမှုတစ်ခု ပြုလုပ်သင့်ပါသည်။

> “
>
> *ရှင်တို့ကို ကျွန်မအကြောင်းတွေ ပြောပြရတာ စိတ်သက်သာရာ နည်းနည်းရတယ်လို့ ခံစားရတယ်”*
>
> ခင်ပွန်းမှ စွန့်ပစ်ခံရသူ၊ မနှစ်သက်သော အိမ်ထောင်တွင် ဆက်လက်နေထိုင်ရန် မိသားစုမှ တိုက်တွန်းသော်လည်း ကွာရှင်းခွင့်အတွက် ဆက်လက်ဆောင်ရွက်ခဲ့သူ အမျိုးသမီးတစ်ဦး
>
> (အသက် ၃၃ နှစ်)


# အဖွဲ့အစည်း အတိုကောက်စာလုံးများ

| | |
|---|---|
| AAM | အက်ရှင်အိဒ် မြန်မာ |
| ALR | အလုပ်သမားအခွင့်အရေး လှုပ်ရှားသူများ |
| AW | အခရာအမျိုးသမီး အဖွဲ့ |
| AYO | အာရုံဦး လူမှုဖွံ့ဖြိုးရေး အသင်း |
| BLO | ဘက်တာလိုက်(ဖ်) အဖွဲ့အစည်း |
| CARE | ကဲ(ရ်) အင်တာနေရှင်နယ်လ် (မြန်မာ) |
| COM | ဒါန-ရှေ့ဆောင်မြန်မာ |
| CPI | နိုင်ငံတကာ လူမှုအစုအဖွဲ့ မိတ်ဖက်များ - မြန်မာ |
| CR | ကာလာရိန်းဘိုး |
| FXB | ဖရန်ဆွား-ဇေဗီယာ ဘက်ဂနောက် မြန်မာ |
| HGWG | ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ထွယ်ဖောင်ဒေးရှင်း |
| KSWN | ကချင်ပြည်နယ် အမျိုးသမီးများကွန်ရက်အဖွဲ့ |
| KWEG | ကရင်အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ |
| KY | ဂရုဏာ မြန်မာ-ရန်ကုန် |
| LCM | ဥပဒေရေးရာ ကုစားရေးအဖွဲ့ မြန်မာ |
| LWF | လူသရန် ဝေါလ် ဖက်ဒရေးရှင်း - မြန်မာ |
| MEDA | မီဒါ - မြန်မာ |
| MIGS | ကျား၊ မ ရေးရာနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ဒီပလိုမာ သင်တန်း |
| MIT | မြန်မာနိုင်ငံ ဓမ္မတက္ကသိုလ် |
| MPWN | မြန်မာ ပေါ့စတစ်(ဗ်) အမျိုးသမီးများကွန်ရက် |
| MWO | မွန်အမျိုးသမီးများ အဖွဲ့ |
| Pact | ပက် မြန်မာ |
| PCN | ငြိမ်းချမ်းမှုတည်ဆောက်ရေးကွန်ရက် |
| PDO | ဖောင်တော်ဦး |
| Plan | ပလန် အင်တာနေရှင်နယ်-မြန်မာ |
| PTE | ဖန်တီးအိမ် |
| SCM | တက္ကသိုလ် ခရစ်ယာန်မိတ်သဟာရ အဖွဲ့ (ရန်ကုန် နယ်မြေ) |
| TGO | သင်္ဂဟ ဂျန်ဒါအဖွဲ့အစည်း |
| WHMF | အမျိုးသမီးများလက် မြန်မာဖောင်ဒေးရှင်း |
| WV | ဝေါလ်ဗွီရှင် မြန်မာ |


## နောက်ဆက်တွဲ (၁) ပြည်နယ်နှင့် တိုင်းအလိုက်ဝန်ဆောင်မှုပေးအပ်နေသော CSOs/INGOs

| ပြည်နယ်/ တိုင်းဒေသကြီး အလိုက် အဖွဲ့အစည်းများ | ကဏ္ဍအလိုက် ရရှိနိုင်သောဝန်ဆောင်မှုများ | | | | | | နားခိုရာ နေရာ |
|---|---|---|---|---|---|---|---|
| | နစ်သိမ့် ဆွေးနွေးခြင်း | ကျန်းမာရေး | ရဲတိုင်ကြား စာပေးပို့ခြင်း | ဥပဒေရေးရာ အကူအညီ ပေးခြင်း | အသက်မွေးဝမ်း ကြောင်းဆိုင်ရာ သင်တန်းများ ပေးခြင်း | ကာကွယ်၊ တားဆီးခြင်း | |
| မြန်မာနိုင်ငံအနှံ့ | AW | AW<br>MPWN | AW | AW | AW | AW<br>LCM | |
| ဧရာဝတီတိုင်း | FXB<br>MIT<br>WV | COM<br>MPWN<br>WV | KWEG<br>LCM | AAM<br>KWEG<br>LCM<br>MIGS<br>MPWN<br>PCN | LWF | FXB<br>KWEG<br>LWF<br>MIGS<br>MIT<br>PCN<br>PTE | |
| ပဲခူးတိုင်း | CR | MPWN | KWEG | CR<br>KWEG<br>MPWN | | KWEG<br>KY<br>MIGS<br>PTE | |
| ချင်းပြည်နယ် | AYO<br>WHMF<br>WV | WV | | WHMF | LWF | LWF<br>WHMF | |
| ကချင်ပြည်နယ် | HGWG<br>KSWN<br>WV<br>*(Potential)* | MPWN | HGWG<br>KSWN<br>LCM | AAM<br>HGWG<br>KSWN<br>LCM<br>MPWN | Oxfam<br>*(Potential)*<br>HGWG<br>*(Potential)* | HGWG<br>KSWN<br>Oxfam<br>*(Potential)*Plan<br>TROCAIRE<br>*(Potential)* | HGWG<br>*(Potential)*<br>Oxfam<br>*(Potential)*<br>Plan |
| ကယားပြည်နယ် | CARE<br>*(Potential)*<br>COM<br>WV | CARE<br>*(Potential)*<br>WV<br>*(Potential)* | CARE | AAM<br>CARE | | CARE | CARE |
| ကရင်ပြည်နယ် | CPI<br>*(Potential)*<br>WV | CPI<br>*(Potential)*<br>MPWN<br>MWO<br>WV | KWEG | KWEG<br>MIGS<br>MPWN<br>MWO | LWF<br>MEDA | CPI<br>*(Potential)*<br>KWEG<br>LWF<br>MIGS<br>MWO | |
| မကွေးတိုင်း | IPAS<br>MIT<br>*(Potential)*<br>WV | COM<br>IPAS<br>WV | | | | IPAS<br>MEDA<br>*(Potential)* | |
| မန္တလေးတိုင်း | IPAS<br>CARE<br>*(Potential)* | IPAS<br>MPWN<br>WV | CARE<br>LCM | AAM<br>CARE<br>LCM | PDO<br>TGO<br>*(Potential)* | CARE<br>IPAS<br>TGO | |


| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | PDO<br>MIT<br>*(Potential)*<br>WV | | | MPWN | | | | |
| မွန်ပြည်နယ် | WV | WV | LCM | LCM | Pact<br>TGO<br>*(Potential)* | CARE<br>FXB<br>MIGS<br>Pact<br>PTE<br>TGO | |
| ရခိုင်ပြည်နယ် | BLO | BLO<br>MPWN<br>MWO | BLO<br>LCM | AAM<br>BLO<br>LCM<br>MPWN<br>MWO | LWF | BLO<br>LWF<br>MWO | BLO *(a temporary meeting point, not a shelter)*<br>COM<br>*(Potential in 2017)*<br>LWF |
| စစ်ကိုင်းတိုင်း | AYO | | | | Pact | MIGS<br>Pact | Narkhoyar<br>*(temporary Shelter)* |
| ရှမ်းပြည်နယ် (အရှေ့ပိုင်း) | MIT<br>(Potential)<br>WV | WV | | | | | |
| ရှမ်းပြည်နယ် (မြောက်ပိုင်း) | CARE<br>*(Potential)*<br>MIT<br>*(Potential)*<br>WV | CARE<br>*(Potential)*<br>WV | CARE<br>*(Potential)* | | | CARE<br>*(Potential)*<br>MIGS<br>PTE | |
| ရှမ်းပြည်နယ် (တောင်ပိုင်း) | MIT<br>*(Potential)* | MPWN | | MPWN | MEDA<br>Pact<br>TGO<br>*(Potential)* | MIGS<br>Pact<br>PTE<br>TGO | |
| တနင်္သာရီတိုင်း | WV | MWO<br>WV | | MWO | Pact | MIGS<br>MWO<br>Pact | |
| ရန်ကုန်တိုင်း | ALR<br>CARE<br>*(Potential)*<br>CR<br>IPAS<br>MIT<br>MPWN<br>SCM<br>TGO<br>WHMF<br>WV | CARE<br>IPAS<br>MPWN<br>WV | ALR<br>CARE<br>KWEG<br>LCM | AAM<br>ALR<br>CARE<br>COM<br>CR<br>KWEG<br>LCM<br>MIGS<br>MPWN<br>PCN | | AAM<br>CARE<br>FXB<br>IPAS<br>KWEG<br>KY<br>MIGS<br>MIT<br>PCN<br>PTE<br>SCM | AW |





ပုံ (၁) နှစ်သိမ့်ဆွေးနွေးခြင်းဆိုင်ရာ ဝန်ဆောင်မှုများ





ပုံ ( ၂ ) ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများ





ပုံ (၃) ရဲတိုင်ကြားစာလေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုများ





ပုံ ( ၄ ) ဥပဒေရေးရာအကူအညီပေးခြင်းဆိုင်ရာ ဝန်ဆောင်မှုများ




ပုံ (၅) အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများပေးအပ်ခြင်း




ပုံ (၆) ကာကွယ်၊ တားဆီးခြင်းဆိုင်ရာ ဝန်ဆောင်မှုများ




ပုံ ( ၇ ) နားခိုရာနေရာဆိုင်ရာ ဝန်ဆောင်မှုများ

# နောက်ဆက်တွဲ (၂) စာစုစာရင်း


National Committee for the Management of Decentralization and Deconcentration Reform. The Functioning of Commune Committe for Women and Children. Phnom Penh: Royal Government of Cambodia, 2008.

ActionAid. "A Force for Change: Achievement of the Fellowship Programme in Myanmar." Yangon, 2011.

ADB, UNDP, UNFPA, and UN Women. "Gender Equality and Women's Rights in Myanma: A Situation Analysis." 2016.

Akhaya Women, Karen Women's Empowerment Group and Myanmar Positive Network. "Break the Chain: Gender Inequality, Sexuality and Violence in Myanmar."

Amnesty International. "Myanmar: Briefing to the UN Committe on the Elimimnation of Discrimination Against Women, 64th Session." July 2016.

CARE Myanmar " Living on the Edge, Sex workers' lives in Myanmar". 2015

CEDAW. "CEDAW 1999 Consideration of reports submitted by States parties under article 18 of the Convention on the Elimination of All Forms of Discrimination against Women Initial report of States parties." 1999.

CEDAW. "CEDAW 2007 Consideration of reports submitted by States parties under article 18 of the Convention on the Elimination of All Forms of Discrimination against Women Combined second and third periodic reports of States parties." 2007.

Centre for Economic and Social Development (CESD). "Framework for Economic and Social Reforms Policy Priorities for 2012-15 towards the Long-Term Goals of the National Comprehensive Development Plan." 2012.

Chan, Nyein, KoKoZaw, Saw Saw, Yin Thet Nu Oo, KyawSoeand ThanTunsein. "Knowledge on Adolescent Reproductive Health among High School Students in Katha Township (Sagaing Region)." Myanmar Health Sciences Research Journal 25(2) (2013): pp.102-105.

Devries, K., Maki, J., Garcia-Moreno, C., Petzold, M., Child, J., Falder, G., Lim, S., Bacchus, L., Engell, R., Rosenfeld, L., Pallitto, C., Vos, T., Abraham, N., and Watts, C. "The Global Prevalence of Intimate Partner Violemnce Agaisnt Women." Sience 340 (6140) (2013): pp. 1527-1538.

Diokno, Maia I. Finding Justice: Legal Aid for Victims of Human Trafficking in Cambodia. Phnom Penh: National Task Force Against Trafficking in Persons, 2008.

Educational Intiatives and Asia Justice and Right. "Violence Against Women: Prevention and Response Servie and Access in Myanmar." October 2015.

Erin Kamler. "Women of the Kachin Conflict: Trafficking and Militarized Femininity on the Burma-China Border." 2015. http://www.burmalibrary.org/docs21/Kamler-2015_Women_of_the_Kachin_Conflict,_Trafficking_and_Militarized_Femininity_on_the_Burma-Chin_Border-en.pdf.

Esther Saville and Eleanor Brown. "Living on the Edge - Sex workers' lives in Myanmar" Options Consultancy Services Ltd, September 2015.

Esther Saville and Eleanor Brown. "Living on the Edge – Sex Workers' Lives in Myanmar: A Participatory Ethnographic Evaluation and Research (PEER) Project." Options Consultancy Services Ltd, January 2015.

GEN. "Developing Anti-Violence Against Women Laws" Yangon, 2013.

GEN. "Developing Anti-Violence Against Women Laws, Discussion paper 2". Yangon , 2013.

Gender Equality Network and Global Justice Centre. "Shadow Report on Myanmar for the 64th Session of the Committee on the Elimination of Discrimination Against Women." July 2106.

Gender Equality Network. Behind the Silene: Violence Against Women and their Resillience in Myanmar. Yangon: GEN, 2015.

Gender Equality Network. "Developing anti-violence against women laws, Discussion paper part 1, Background information". Yangon: GEN, January 2013.

Gender Equality Network. "How does violence against women link to livelihood?" Yangon: GEN, December 2014.

Gender Equality Network. "Myanmar Laws and CEDAW: The Case for Anti-Violence Against Women Laws". Yangon: GEN, January 2013.

Gender Equality Network. "NSPAW and Livelihoods". Yangon. GEN, December 2014.

Gender Equality Network. "Raising the Curtain: Cultural Norm, Social Practices and Gender Equality in Myanmar". Yangon: GEN, 2015.

Gender Equality Network. "Talking the Lead: An Assessment of Women's Leadership Training Needs and Training Intiatives in Myanmar". Yangon: GEN, November 2013.

Human Rights Resouce Centre, "A Baseline Study Violence, Exploitation, and Abuse and Discrimination in Migration". http://hrrca.org/wp-content/uploads/2015/09/07.-WNC-Myanmar-Report.pdf.

INTEM Consulting, Inc. "Country gender profile, republic of the union of Myanmar. Final Report", Japan International Cooperation Agency (JICA), 2013.

Jewkes R, Dartnall E and Sikweyiya Y. "Ethical and Safety Recommendations for Research on Perpetration of Sexual Violence". Pretoria, South Africa: Sexual Violence Research Initiative, Medical Research Council, 2013.

Kachin Women's Peace Network & Gender Equality Network. "Women's Needs Assessment in IDP Camps, Kachin State". Yangon: KWPN & GEN, 2013.

Karen Women's Organisation [KWO]. "State of Terror: The on-going rape, murder, torture and forced labour suffered by women living under the Burmese Military Regime in Karen State". Mae Hong Son: KWO, 2007.

Kyu, N. & Atsuko Kanai. "Prevalence, Antecedents and Consequences of Sexual Harrassment in the Myanmar Workplace." Japanese Journal of Administrative Science,." 16 (3) (2003): pp. 209-226.

Ministry of National Planning and Economic Development and UNICEF. "Situation Analysis of Children in Myanmar". UNICEF, 2012.

Myanmar. "Social Institue and Gender Index". http://www.genderindex.org/country/myanmar.

Nang Phyu Phyu Lin and Khin Ma Ma Myo. "Gender Needs Assessment of the 2015 Myanmar Floods". Yangon: Gender Equality Network (GEN), November 2016.

National AIDS Programme. ."Global response progress report: Myanmar (Reporting period January 2010-December 2011)". Yangon: National AIDS Programme, 2012.

Nilar KYU and Atsuko KANAI. "The Prevalence, Antecedents and Consequences of Sexual Harassment in Myanmar Workplace" Japanese Journal of Administrative Science (Nagoya University) 16 (3) (2003).

Palaung Women's Organisation [PWO]. "Voice for Change: Domestic Violence and Gender Discrimination in the Palaung Area". PWO, 2011.

Progressive Voice. "Raising the Bottom: A Report on the Garment Industry in Myanmar" December 2016.

Reid Smith. "A Hen is Crowing: A gender impact study of two UNDP Myanmar community development programs" 2006.

Sara Meger. "Sexual and Gender Based Violence in Burma/Myanmar". Australia: Clayton, July 2014.

The Ministry of Social Welfare, Relief and Resettlement. "Responses to the list of issues and questions with regard to the consideration of the combined second and third periodic report. UN CEDAW Committee", 2008.

Tripartite Core Group. "Post-Nargis Periodic Review IV." Yangon, 2010.

UNFPA & Ministry of Health, Union of Myanmar. "A reproductive health needs assessment in Myanmar". Yangon: UNFPA, 1999.

UNFPA (2014), "Responding to GBV in Myanmar". UNFPA, 2014

UN WOMEN. "In pursuit of Justice, Progress of the world's women 2011-2012". 2011.

WHO. "Preventing intimate partner and sexual violence against women". WHO, 2010.

Women's league of Burma [WLB]. "Same Impunity, Same Patterns: Sexual Abuses by the Burma Army". Yangon: WLB, 2014.

Women's League of Burma [WLB]. "CEDAW Shadow Report: In the Shadow of the Junta. CEDAW Shadow Report", WLB, 2008.

Women's Organisation Network [WON]. "Research Report in Support of CEDAW Alternative Report: The Vioces of Myanmar Women". WON, 2016.

Women's League of Burma [WLB]. "If they had hope, they would speak" The ongoing use of state-sponsored sexual violence in Burma's ethnic communities". 2014

Women's League of Burma [WLB]. "Shadow Report on Burma for the 46th Session of the Committee on the Elimination of Discrimination Against Women". WLB, July 2016.

World Health Organisation. "WHO ethical and safety recommendations for researching, documenting and monitoring sexual violence in emergencies." 2007.

ဤအစီရင်ခံစာဖြစ်မြောက်ရေးအတွက် ပံ့ပိုးပေးပါသော အောက်ဖော်ပြပါ အလှူရှင်အဖွဲ့အစည်းများအား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

PYOE PIN Programme

Trōcaire Working for a just world.

care

Livelihoods and Food Security Trust Fund

မရှိပါဘူး။ တချို့အမှုတွေက ရပ်ကွက်အဆင့်မှာပဲ ဖြေရှင်းနေကြပါတယ်။ (ဒီလိုအမှုတွေကို မှတ်တမ်းတင်ထားမှု မရှိပါဘူး)” လို့ ပြောဆိုခဲ့ပါသည်။

## ၈.၉။ အခြေခံအဆောက်အဦ / ခရီးဆက်သွယ်သွားလာရေး


ခရီးဆက်သွယ်သွားလာရေးတွင် အကန့်အသတ်ရှိမှုသည် မြန်မာနိုင်ငံရှိ ဝန်ဆောင်မှုရှာဖွေနေသူများ၏ ဝန်ဆောင်မှုများကို လက်လှမ်းမီရယူနိုင်မှုအတွက် အဓိကကျသော စိုးရိမ်ပူပန်မှုဖြစ်နေပါသည်။[၆၂] ဆက်လက်ရှင်သန်နေသူများသည် အခြေခံအဆောက်အဦများလည်ပတ်မှုမရှိသော ဝေးလံခေါင်ဖျားသည့်နေရာများတွင် နေထိုင်သည့်အခါ သို့မဟုတ် ဘေးကင်းလုံခြုံသည့်နေရာသို့ သွားရောက်ရန်နည်းလမ်းမရှိသည့်အခါများတွင် ၎င်းတို့အတွက် အကြမ်းဖက်မှုများမှ ကင်းဝေးနေရန်သည် မဖြစ်နိုင်တော့ချေ။

# ၉။ ရှေ့ဆက်ဆောင်ရွက်ရမည့်အဆင့်များနှင့် အကြံပြုချက်များ

မြန်မာနိုင်ငံရှိ မတူညီသော အဖွဲ့အစည်းများနှင့် အစိုးရဌာနများသည် ဆက်လက်ရှင်သန်နေသူများအတွက် အမျိုးမျိုးသော ကြားဝင်ဆောင်ရွက်မှုများကို ဆောင်ရွက်ပေးနေသည်မှာ အထင်အရှားပင်ဖြစ်ပါသည်။ ၎င်းဆောင်ရွက်မှုများသည် ထိရောက်မှုရှိပြီး ဆက်လက်ရှင်သန်နေသူများ၏ ဘဝများအတွက် ပြောင်းလဲမှုများကိုလည်း ဖြစ်ပေါ်စေပါသည်။ ၎င်းတို့သည် အစိုးရဌာနများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ စိတ်အားထက်သန်သော ဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် ဖြစ်ပါသည်။ ထိုဝန်ထမ်းများသည် ဆက်လက်ရှင်သန်နေသူများ၏ အခြေခံရပိုင်ခွင့်ဖြစ်သည့် အကြမ်းဖက်မှုကင်းဝေးသော ဘဝများရရှိရန် ပံ့ပိုးထောက်ပံ့ပေးရန်အတွက် အဓိပ္ပာယ်ပြည့်ဝသော သံဓိဋ္ဌာန်ကြောင့်လည်း ဖြစ်ပါသည်။ ဤလေ့လာချက်တွင် ရပ်ရွာလူထုအဆင့်၌ ဆက်လက်ရှင်သန်နေသူများအား ပံ့ပိုးထောက်ပံ့မှုများပေးနေသူအများအပြားနှင့် တွေ့ဆုံခဲ့ပါသည်။ သို့ရာတွင် မည်သို့ပင်အားထုတ်ကြိုးစားစေကာမူ မြန်မာနိုင်ငံရှိ အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များသည် တရားမျှတမှုနှင့် အကြမ်းဖက်ခံရမှုနောက်ပိုင်း ဝန်ဆောင်မှုများကို လက်လှမ်းမီရန် များစွာသော စိန်ခေါ်မှုများနှင့် အတားအဆီးများကို ရင်ဆိုင်နေရကြောင်း ဤလေ့လာချက်မှ မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

ဆက်လက်ရှင်သန်နေသူများအားလုံးသည် ၎င်းတို့တစ်ဦးချင်းစီ၏ အဖြစ်အပျက်နှင့် အခြေအနေပေါ်တွင်မူတည်၍ ကွဲပြားခြားနားသော လိုအပ်ချက်များရှိနေကြပါသည်။ မြန်မာနိုင်ငံတွင် ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုသည် အမျိုးသမီးများ၏ ဘေးကင်းလုံခြုံမှုနှင့် လူမှုဘဝဖူလုံမှုတို့အပေါ် ပြင်းထန်စွာ သက်ရောက်မှုရှိကြောင်းကို အသိအမှတ်ပြုလာသည့် အချိန်အဟုန်မှာ မြင့်မားလာပါသည်။ ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှု၏ သဘောသဘာဝနှင့် ဆက်လက်ရှင်သန်နေသူများ ခံစားနေရသည့် ထိခိုက်နာကျင်မှုများ၏ အကျိုးဆက်များကို

[၆၂] ဤစိန်ခေါ်မှုကို GEN၏ ၂၀၁၄ သုတေသနတွေ့ရှိချက်မှလည်း အတည်ပြုထားပါသည်။



# ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုအား
# တွေ့ကြုံခံစားခဲ့ရသူများအတွက်
# ပေးအပ်လျက်ရှိသော
# မြန်မာနိုင်ငံရှိ
# ဝန်ဆောင်မှုများ

ဧပြီလ ၂၀၁၈